
www.burmeseclassic.com



# နှုတ်သီး

ညာတာပါတေး

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ
ဒေါ်မြင့်မြင့်ရီ (မြ-၀၄၅၀၆) (ဗျူးစာပေ)
အမှတ်- ၅၂၀(က)၊ [illegible] (၄)လမ်း
(၆) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ဦးကျင်ရင် (မြ-၀၅၄၁၇) (ရွှေခြင်္သေ့စိုးပုံနှိပ်တိုက်)
အမှတ် (၁၂)၊ သံရဖိုလမ်း၊ ဓော/နောက် ရပ်ကွက်၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးဝန်းအို
သိန်းရွှေကြည်
အတွင်းဖလင်
ကိုကြီးပေါက် - 09 420243327
ပုံနှိပ်ခြင်း
ပထမအကြိမ်၊
၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ
တန်ဖိုး - ၁၀၀၀ ကျပ်၊ အုပ်ရေ - ၅၀၀
ဖြန့်ချိရေး
ဗျူးစာပေ
၀၉ ၅၀၃၀၁၁၀၆၊ ၀၉ ၅၁၈၅၈၈၀၄
၀၁ ၈၅၀၀၆၉၆

၈၉၅. ၈၃
နတ်သမီး
ညာတာပါတေး
ဗျူးစာပေ ၊ ၂၀၁၄။
၂၀၈ - စာ ၊ ၁၂ × ၁၈. စင်တီ။
(၁) ညာတာပါတေး

30 SEP 2014

# နတ်သမီး

## ညာတာပါတေး

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

"ဟဲ့ ဘယ်လိုလဲ ချက်ချက်ချာ ဒီလိုပဲ အေးတိအေးစက် နေသွားတော့မှာလား ဟမ်"

"ဘာကိုလဲ အန်တီဘေရယ်"

"ဆန်ကုန်မြေလေးဘဝနဲ့ကို ပြောတာလေ၊ ကျုပ်လည်း ညည်း တို့တိုက်လှေကားပေါ်ကို တက်ရတာနဲ့တင် ခြေထောက်တွေလည်း ခြောက် လက်မလောက် တိုဝင်သွားပြီလား မသိပါဘူးအေ"

လက်ပွေ့အိတ်နှင့်ဟန်းဖုန်းကို ဆက်တီစားပွဲပေါ် ခပ်ဆောင့် ဆောင့် တင်လိုက်ပြီး ပြောလိုက်သော အန်တီဘေဘို့စကားတွေကြောင့် Laptop ဖြင့် Facebook သုံးနေသော ချက်ချက်ချာ ကျွတ်ခနဲ ပွတ် သပ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွတ် ဟာကွာ အန်တီသောရာ ဒီမှာ သူများအလုပ်လုပ်နေတယ်"

"ဘာအလုပ်လဲ ဘာအလုပ်လဲလို့ တစ်နေ့တစ်နေ့ ဖေ့စ်ဘွတ်ပေါ်ကသူငယ်ချင်းတွေနဲ့ ချက်လိုက် သူတို့တင်သမျှတွေကို အရည်လည်းမရ အဖတ်လည်းမရဘဲ comment တွေထိုင်ပေးကြ Like လုပ်ကြ Share ကြနဲ့ အချိန်ဖြုန်းနေတာကို အလုပ်လုပ်နေတာတဲ့လား"

"ခြော် သူတို့ဆီက နည်းလမ်းအသစ်တွေ အခွင့်အလမ်းအသစ်တွေ idea အသစ်တွေရတော့ မျက်စိပွင့်နားပွင့်တာပေါ့လို့၊ နေ့စဉ် up to date တင်သမျှတွေကို သိရတော့ ချက်ချာတို့ခေတ်နောက်မကျဘူး လိုင်းပေါ်မှာ ချက်ချာသူငယ်ချင်းတွေ သုံးလေးထောင်ရှိတယ်"

"အောင်မလေး အဲဒီသူငယ်ချင်း သုံးလေးထောင်ရှိပြီး နင်ဘာအလုပ်မှမရတာ အံ့ဩပါရဲ့"

ခပ်ရွဲ့ရွဲ့ပြောလိုက်သော စကားကြောင့် ချက်ချက်ချာ မျက်နှာရှုံ့မဲ့၍သွားသည်။

"အလုပ်တွေက ပေါပါတယ် အန်တီသောရယ်၊ ဒါပေမဲ့ ချက်ချာနဲ့တန်တဲ့အလုပ်မှမရှိတာ၊ လစာလေး ရှစ်သောင်း တစ်သိန်းနဲ့ထမင်းစရိတ် သွားစရိတ်လာစရိတ် အဝတ်အစားဖိုးနဲ့တင်မလောက်လို့ ကိုယ့်အိတ်ထဲက ထပ်စိုက်ရမယ့်အခြေအနေမျိုးတွေပဲပေမယ့် အလုပ်ကိုချက်ချာ ဘယ်လိုလုပ်မလဲ ကိုယ်ကဘွဲ့ရ ပညာတတ်တစ်ယောက်လေ"

ပညာမာနဖြင့် ချက်ချက်ချာ မျက်နှာလေးမော့နေသည်။





ဒေါ်သောဘီကျော် နှုတ်ခမ်းပျော့ပျော့တွေ ပိရှုံ့တွန့်ကွေးမဲ့ရှုံ့လိုက်ပြီး

"ဘွဲ့လေးတစ်လုံးရှိတာကိုများ စာဖွဲ့နေသေးလားအေ၊ ညည်းကိုယ်ဖို့ကိုက အလုပ်တွေနဲ့ ညည်းနဲ့တန်တယ်လို့ကို မထင်တာပါအေ၊ ဘိုအလုပ်ဆိုလည်း သိက္ခာကျလို့ ဒီအလုပ်ကျတော့လည်း ရာထူးသေးလို့ သစာက ညည်းတစ်လတစ်လ ဖုန်းငွေဖြည့်ကတ်ဖိုးလောက်တောင် မရှိဘူးသို့ အို အကြောင်းပြချက်တွေ ထိုင်ရှုတ်ပြနေလိုက်ပုံများ ဟားဘက်စ်တက္ကသိုလ်က ဘွဲ့ယူပြီးပြန်လာတဲ့သူအတိုင်းပဲ"

ရောက်ကတည်းက ပြောလိုက်သည့် အပြစ်တင်စကား ရေချိုးအိုးနှစ်အိုးစာလောက်တောင် ရှိနေပြီမို့ ချက်ချက်ချာ နားပူလာသည်။

"ကဲ ဒေါ်လေး ဒီခေတ်ပြားပေါင်းကြီးကို နေ့တိုင်းလာလာပြီး ခွင့်ပြုရတာ မမောဘူးလား ဒေါ်လေးရယ်၊ တစ်နေ့တစ်နေ့ လာလာပြီး ရှုတ်ပြနေတဲ့စကားလုံးပေါင်းအရေအတွက် ငါးသောင်း ငါးထောင်ငါးရာ ကျော်ဆယ့်ခုနှစ်ခွန်းလောက်တောင်ရှိပြီ၊ ချက်ချာ အလွတ်တောင်ရနေပြီ"

ရယ်ကျဲကျဲလေး ပြောလိုက်သော ချက်ချက်ချာ စကားကြောင့် ဒေါ်သောဘီ မျက်ခုံးနှစ်ဖက်စုကျုံ့ကာ မျက်စောင်းထိုးပြီး

"အေး အဲလောက်လာပြောနေတာတောင် ညည်းတို့အချိုးတွေပြင်လို့လား ဟမ် ဘယ်မှာလဲ အငယ်မ ဘယ်သွားလဲ"

"အိပ်တုန်း"



www.burmeseclassic.com

www.burmeseclassic.com



"ဘုရားရေ အိပ်တုန်း ဟုတ်လား"

ရင်ဘတ်ကိုဖိပြီး နံရံမှနာရီကိုမော့ကြည့်လိုက်သည်။ ဆယ်နာရီခွဲနေပြီလေ မိန်းမပျိုတစ်ယောက်က ဒီအချိန်နဲ့ဒီအချိန်ကို အိပ်ကောင်းတုန်းဟုတ်လား ဘုရား ဘုရား ငါဖြင့် အံ့သြလွန်းလို့ ပါးစပ်တောင်ပြန်မစိချင်တော့ဘူး။ ငါ့အစ်ကိုမွေးပြီးထားခဲ့တဲ့ သမီးနှစ်ယောက်ပါလို့ လူတကာချပြောရင်တောင် နင်တို့စရိုက်ကိုကြည့်ပြီး ယုံပါ့မလား ဟမ် ဒီပုံအတိုင်းဆိုရင် ညည်းတို့ဘဝကို ငါရင်လေးတယ် ရင်လေးတယ်အေ"

"အန်တီဘောရယ် ရင်လေးရင်လည်း ပေါ့သွားအောင် ကလီစာတွေထုတ်ပစ်လိုက် ချက်ချက်ချာတို့ညီအစ်မ အလုပ်အကိုင်ရှာနေပေမယ့် ငတ်လို့လား ဒယ်ဒီနဲ့မာမီထားခဲ့တဲ့စည်းစိမ်တွေ ရှိသေးတယ်လေ"

"ဘာ"

ဒေါ်ဘောဘီ၏ဘာဟူသော အသံကျယ်ကျယ်ကြောင့် သူမကိုယ်လေး ဆတ်ခနဲ တုတ်တက်သွားသည်။

"ဖြည်းဖြည်းအော်ပါ အန်တီဘောရယ်"

"မအော်ဘူး မအော်နိုင်ဘူး ညည်းတို့စကားကဘောင်ကျော်သွားပြီ။ ညည်းတို့အမွေကို ထိန်းပေးထားတာက ငါလေ၊ ညည်းတို့ညီအစ်မ ဘာအလုပ်မှမလုပ်ဘဲ သုံးဖြုန်းလာခဲ့တာ ကိုကိုနဲ့ယောက်မဆုံးကတည်းက မဟုတ်လား၊ အဲဒီခြောက်နှစ်အတွင်းမှာ ဝင်ငွေလေးတစ်သိန်းပြည့်အောင်တောင် မရှာခဲ့ကြဘဲ ထိုင်ဖြုန်းနေကြတာလေ၊ ညည်းတို့ရဲ့အဖြုန်းစရိတ်စာရင်းတွေ ညည်းတို့မှာလည်း ရှိတယ်၊ ငါ့မှာ





လည်းရှိတယ်၊ ခုဆိုရင် ဘဏ်ကငွေတွေ ဘာကျန်တော့လို့လဲ၊ ဆယ်သိန်းတောင် ကျန်တော့လို့လား၊ ခုညည်းတို့မှာကျန်တာ ဒီတိုက်နဲ့အောက်မှာရပ်ထားတဲ့ကားအစုတ်လေးပဲ ရှိတော့တာ"

ချက်ချက်ချာ မျက်နှာလေးနှစ်ဖက်မြင့်တက်အောင် ခပ်မဲ့မဲ့လေးရယ်ပြီး ပခုံးကို ဆတ်ခနဲ တွန့်လိုက်သည်။

အန်တီဘောဘီကတော့ မရှေ့ရှုသောဖွဲ့လုံ့လဖြင့် ဆက်ပြော၏။ မောသံတောင် နည်းနည်းပေါက်နေပြီ။

"ဒါကို စည်းစိမ်တွေ ရှိသေးတယ်လို့ပြောနေသေးလား ဟမ် အမလေးတော် သူတို့ငွေတွေကို သုံးတိုင်းပြန်ပြန်ပြည့်နေတယ်လို့များ ထင်နေသလား ဟမ်"

ဒေါ်ဘောဘီ တော်တော်လေး ဒေါသဖြစ်နေပုံဖြင့် မျက်နှာမှာ နီမြန်းနေသည်။

ချက်ချက်ချာ ဒေါ်ဘောဘီကိုကြည့်ပြီး ခစ်ခနဲ မသိမသာ ရယ်လိုက်သည်။

"အန်တီဘောရယ် ကိုယ့်တူမက နောက်တဲ့ဟာကို အဲလောက်ဒေါသတွေဖြစ်စရာလားလို့"

အန်တီဘောဘို့လက်မောင်းကို လှမ်းဖက်ပြီး ချွဲမှုစ်မှုစ်လေသံဖြင့် ပြန်ချော့လိုက်သည်။

"ဖြစ်ရတယ်"

"မဖြစ်ပါနဲ့တော့ အန်တီဘော တူမတွေအတွက် ဘာမှမပူနဲ့



www.burmeseclassic.com

www.burmeseclassic.com



သီလာ၊ အခု ရှုပ်ချစ်သူရဲ့အဖေကလေ တော်တော်လေးကိုဖြစ်နေတာ နေ့လားညလားပဲ”

“ဘာဖြစ်တာလဲ စကားကို အရင်းမရှိအဖျားမရှိ”

“ဩော် နေမကောင်းဖြစ်နေတာကို ပြောတာပါ၊ အဘိုးကြီးက ရောဂါတွေအများကြီး”

“အေးလေ အဲဒါနဲ့ အခု ငါပြောနေတာနဲ့ ဘာဆိုင်လဲ”

အရိပ်ပြရုံနှင့်အကောင်းမမြင်တတ်သော အန်တီဘောကို လေကုန်ခံပြီး ရှင်းပြရတော့မည်ဟု သက်မမောကို ဟင်းခနဲချကာ

“ဒီလို အန်တီဘောရဲ့ ချက်ချာချစ်သူရဲ့အဖေက အရှမ်းချမ်းသာတဲ့သူဌေးကြီးလေ၊ ဒါကြောင့် ရှုပ်တို့ ဒီလထဲမှာပဲ လက်ထပ်ကြတော့မှာ၊ လက်ထပ်ပြီးလို့ ဒီအဘိုးကြီးသေတာနဲ့ အမွေတွေရမှာမနည်းဘူး၊ ဒါဆို ချက်ချာလည်း ဘာမှပင်ပင်ပန်းပန်းလုပ်စရာမလိုတော့ဘူးပေါ့ အန်တီဘောရယ်၊ ညီမလေးကလည်း သူ့ချစ်သူနဲ့အတူ နိုင်ငံခြားမှာအလုပ်သွားလုပ်မှာဆိုတော့ ရှေ့လျှောက် အန်တီဘော ချက်ချာတို့အတွက် ရတက်မအေး မဖြစ်ရတော့ဘူး”

ဖြစ်မလာသေးတာကို စိတ်ကူးယဉ်ပြီး ပြောနေသော ချက်ချက်ချာကိုကြည့်ပြီး အန်တီဘော ဟွန့်ခနဲ မဲ့လိုက်ပြီး ထိုင်ရာမှ ထလိုက်သည်။

ဒီတစ်နေ့ ခတ်ပြားဟောင်းဖွင့်နေတာနှင့် လာရင်းကိစ္စကို တောင် မေ့နေပြီ။ ထို့ကြောင့်လက်ပွေ့အိတ်ထဲမှ ငွေတစ်သိန်းအုပ်ကို ထုတ်ကာ





“ရော့ ဒါ ဆယ်ရက်စာအသုံးစရိတ် လောက်အောင်သုံး ထပ်မတောင်းနဲ့ ကဲ ငါသွားတော့မယ်”

“ဟုတ် အန်တီဘော”

အန်တီဘော လှမ်းပေးသော ငွေတစ်သိန်းအုပ်ကို အပူအပင်မရှိ လှမ်းယူသည်။

ဒါပဲလေ ချက်ချာဘဝက ဘာပူစရာလိုလဲ။ မကြာခင်မှာပဲ အမွေတွေအများကြီးပိုင်ဆိုင်ရတော့မယ့် တစ်ဦးတည်းသောသားကို လက်ထပ်ရတော့မှာပဲ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"ဒယ်ဒီ စွပ်ပြုတ်ရည်လေး သောက်လိုက်ပါဦးလား"

ခုတင်ထက်တွင် ခပ်ယဲ့ယဲ့သာရှိတော့သော ဦးဖြိုးမောက် ညီစေ့ အမေးကို ခေါင်းခပ်ဖြည်းဖြည်း ခါပြသည်။

ဘာမှစားမဝင်တော့သော ဒယ်ဒီ့ကိုကြည့်ပြီး ညီစေမင်း ရင်ထဲမှာ မကောင်း။ ယောက်ျားတန်မဲ့ မျက်ရည်ကဝဲချင်နေသည်။ သို့သော် ဒယ်ဒီရှေ့မှာတော့ ထိန်းရသည်။

ကိုယ်မျက်ရည်ကျတာကိုကြည့်ပြီး ဒယ်ဒီစိတ်ဓာတ်ပို၍ ကျသွားနိုင်သည်။

"ညီစေ သားအစ်မတွေ မလာကြသေးဘူးလား"

ဦးဖြိုးမောက်အသံတွေသည် တိုးရှဖျော့တော့၍နေသည်။

စွပ်ပြုတ်ရည်ကို အပူခံချိုင့်ထဲပြန်ထည့်ရင်း ဒယ်ဒီ့ကိုလှမ်း





ကြည့်လိုက်သည်။ သူ့သမီးလေးယောက်ကို စောင့်တနေသည်ပဲ။

"သူတို့သားသမီးတွေကို ကျောင်းကိုယ်စီပို့ပြီးလောက်မှ လာကြလိမ့်မယ် ဒယ်ဒီ၊ ဒါမှ ဒယ်ဒီ့ဆီမှာ မမကြီးတို့ မမလတ်တို့ အေးအေးဆေးဆေး နေလို့ရမှာ၊ နို့မို့ဆို သူတို့ကလေးတွေနဲ့ မျက်စိနောက်တယ်၊ ဒယ်ဒီ့မြေးတွေက မျောက်နဲ့လောက်နဲ့စပ်မွေးထားသလိုပဲ တစ်စက်ကလေးမှ အငြိမ်နေကြတာမဟုတ်ဘူး"

အစ်မလေးယောက်ကမွေးသော စုစုပေါင်းမြေးခုနစ်ယောက်ကို ဒယ်ဒီချစ်မှန်းသိပေမယ့် ကျန်းမာရေးမကောင်းသောအချိန်မှာ မလာစေချင်။ လူမမာ ဒယ်ဒီ့ကိုပြုစုရတာတစ်ဖက် ဒီမျောက်လောင်း တူလေးတူမလေးတွေဖွသွားတဲ့ပစ္စည်းတွေသိမ်းရတာတစ်ဖက်နှင့် နောက်ဆုံး ညီစေပဲ ဖတ်ဖတ်မောပြီး ကျန်ခဲ့တာ။

အစ်မတွေအားလုံးက ဒယ်ဒီရဲ့ဝေယျာဝစ္စတွေကိုလုပ်ကိုင်ပေးသွားကြပေမယ့် ချော်သည်သွားချော်သည်လာလုပ်သွားကြတာမို့ ညီစေစိတ်တိုင်းမကျ။ ညီစေနှင့်ဒယ်ဒီသာနေသော အိမ်မှာအရာအားလုံးဟာ သူ့နေရာနှင့်သူ စနစ်တကျရှိနေမှကြိုက်တာ။ ညီစေရဲ့စည်းကမ်းပဲဖြစ်သည်။

"သားရယ် ကလေးပဲ ကလေးသဘာဝတော့ ဆော့မှာပဲလေ၊ ဒယ်ဒီမသေခင်မှာ ဒယ်ဒီ့သားသမီးတွေ မြေးတွေနဲ့သိုက်သိုက်ဝန်းဝန်း နေပျော်နေရွှင်နေတာကို မြင်သွားချင်တယ်"

"ကျွန်တော်က ဒယ်ဒီ စိတ်အနှောင့်အယှက်ဖြစ်မှာစိုးလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် သားရယ်၊ ဝေဒနာတွေနဲ့ပဲ နပန်းလုံးနေရတော့ ဒယ်ဒီ့သားသမီးတွေ မြေးတွေသာရှိနေရင် ဝေဒနာတစ်ဝက်သက်သာသလိုပါပဲ"

"ဒါဆိုရင် ဒယ်ဒီ့အတွက် စိတ်အနှောင့်အယှက်မဖြစ်ဘူးဆိုရင်တော့ ဒီတစ်ပတ် ကျောင်းပိတ်ရက်မှာအိမ်ကိုခေါ်လာဖို့ ပြောလိုက်မယ်လေ"

"အင်း သားလတ်နှစ်ယောက်ကိုလည်း ဖုန်းဆက်ချိန်းလိုက်ပေါ့"

"ဗျာ"

"ကိုလတ်တို့ ကိုလေးတို့ကိုရောလား"

"ဟုတ်တယ် သူတို့အားလုံးကို ဒယ်ဒီ တွေ့ချင်တယ်၊ ဒယ်ဒီမှာစရာရှိတာတွေလည်း စကားပြောနိုင်တုန်း မှာခဲ့ချင်တယ်"

ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုမရှိတော့သော လေသံဖြင့် ပြောနေသည်မို့ ညီစေ စိတ်မကောင်းဖြစ်ရပြန်သည်။

"ကဲပါ ဒယ်ဒီရယ် ဒယ်ဒီက ဆုံချင်တယ်ဆိုမှတော့ ကျွန်တော်စီစဉ်ပေးပါ့မယ်"

ဝေဒနာကြားမှ ညီစေမင်းကို ခပ်ဖျော့ဖျော့ပြုံးပြသည်။

ညီစေ ဒယ်ဒီ့ကိုအားပေးအပြုံးဖြင့် ခပ်ဖျော့ဖျော့ပြန်၍ပြုံးပြလိုက်သည်။

■ ■ ■



## အခန်း (၃)

"မမကြီးနဲ့မမလတ် ဒီတစ်ပတ်ကျောင်းပိတ်ရင် ကလေးတွေကိုပါ ခေါ်ခဲ့ပါဦး"

"ဟယ် မဟုတ်တာ ဒယ်ဒီဒီလောက်နေမကောင်းဖြစ်နေတဲ့ဘား ငါတို့ကလေးတွေက အဆော့သန်တယ်၊ ရှုပ်ယှက်ခတ်ပြီး ရုံသွင်းပြလို့တောင် ရတဲ့ကလေးတွေ ဒယ်ဒီ့ရောဂါနဲ့မဖြစ်ပါဘူး"

"အေးလေဟယ် ဒယ်ဒီလည်း စိတ်အနှောင့်အယှက်ဖြစ်၊ ငါ့ဆောင်လေးလည်း အလုပ်ပိုပါတယ်"

မမကြီးရော မမလတ်ရော အလိုက်တသိဖြင့် ငြင်းပါသည်။

"ဒါ ဒယ်ဒီ့ဆန္ဒမို့လို့ပါ ညြော် ဒါနဲ့ မမငယ်နဲ့ မမတွေးရော"

"သူတို့လား"

"အင်းလေ ပြောတော့ ညီအစ်မလေးယောက်စလုံး ဆွေတူတူ



www.burmeseclassic.com

www.burmeseclassic.com



ချိန်းပြီးလာမယ်ဆို"

"ဟုတ်တယ် ဒါပေမဲ့ တွေးရဲပြဿနာပေါ်လာလို့ ငယ်ငယ်ပါ အဖော်လိုက်သွားပေးရတာ"

"ဟင် ဘာပြဿနာလဲ"

အစ်မတွေ၏အရေးကိစ္စဆိုလျှင် ဘယ်တော့မှ မျက်နှာလွှဲမသွားတတ်သော ညီစေ့အမေးကြောင့် မမကြီးရော မမလတ်ပါ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြပြီး

"ဩော် ဘာမှတွေတွေထူးထူးတော့ မဟုတ်ပါဘူး"

မောင်နှမတွေ၏အရိပ်အကဲကိုဖမ်းတတ်သော ညီစေမင်းဒီအတိုင်းတော့ ငြိမ်မနေ တာဝန်သိစိတ်ဖြင့် မရမက မေးသည်။

"ပြောမှာသာ ပြောပါဗျာ၊ ဘာတွေကြိတ်ပြီး ရှင်းနေကြတာလဲ"

ဖွတ်မေးနေ၍ မမလတ် မနေသာတော့။

"ဟိုလေ နင့်အစ်မတွေးလေ သူရောင်းဖို့ယူလာတဲ့ စိန်ပွင့်တွေထဲက နှစ်ပွင့်ပျောက်သွားလို့"

"ဟင် ဟုတ်လား မမလတ်"

"အဲဒီပျောက်သွားတဲ့စိန်က တန်ဖိုးအကြီးဆုံးပဲ"

"ဖြစ်မှဖြစ်ရလေဗျာ ဘယ်လောက်တောင်လဲ"

"နှစ်ရာကျော်တယ်လို့တော့ ပြောတယ်"

"ဟာ ဟုတ်လား မနည်းပါလား"

ညီစေမင်းထံသို့ အပူချက်ချင်းကူးလာသည်။





"အတွေးကြောင့် မမကြီးတို့လည်း အားလုံးအကြပ်ရိုက်နေကြတာ ညီအစ်မလေးယောက်လုံး လိုက်သွားရင် ဒယ်ဒီ့ဆီမလာဖြစ်မှာစိုးလို့ သူတို့နှစ်ယောက်ကိုလွှတ်လိုက်တာ"

"ဘယ်ကိုလဲ"

"မမကြီးသူငယ်ချင်းဆီကိုလေ လေးကျပ်တိုးနဲ့ သိန်းငါးရာယူပြီး ပြန်ဆပ်ရတော့မှာပေါ့၊ လောလောဆယ် ဖြေရှင်းစရာ ဒီနည်းပဲရှိတာဆိုတော့ နောက်မှ အတိုးတွေဝိုင်းဆပ်ကြတာပေါ့"

"အရင်းကရော ဘယ်လိုဆပ်မလဲ၊ အတိုးတောင် သိန်းနှစ်ဆယ်ဖြစ်နေပြီ"

ညီစေ့အမေးကြောင့် မမကြီးရော မမလတ်ရော ပြိုင်တူ သက်ပြင်းချလိုက်ကြသည်။

"ခုချိန်မှာ အဲဒီအဆင့်ကို မတွေးရသေးပါဘူး၊ လတ်တလော ပြဿနာကိုပဲ ဖြေရှင်းရတော့မှာပဲ"

"ဗျူး မလွယ်ပါလား မမကြီးရာ ကျွန်တော့်မှာကလည်း ငွေပိုငွေလျှံသိပ်မရှိဘူး၊ ရှိတဲ့ငွေတွေကလည်း ပြီးခဲ့တဲ့လကမှ လုပ်ငန်းထဲထပ်ထည့်လိုက်ပြီ ဟိုလေ ဒယ်ဒီ့ဆီမှာတော့ ရှိလောက်မယ်၊ ဒါပေမဲ့ ကျွန်တော်ပြောမထွက်ဘူး"

"အို မပြောနဲ့ မပြောနဲ့ ဒယ်ဒီ စိတ်ထိခိုက်သွားလိမ့်မယ်၊ အခုမှ သားသမီးတွေဆီမှာ ဘယ်လောက်ပဲ အရေးကြီးတဲ့ပြဿနာတွေရှိနေပါစေ ဒယ်ဒီ့ကိုပေးမသိတာ အကောင်းဆုံးပဲ၊ ထားလိုက်ပါ ညီစေ



www.burmeseclassic.com

www.burmeseclassic.com



ရယ်။ မမကြီးတို့တွေ ဒီလိုပဲ ဝိုင်းဝန်းဖြေရှင်းလိုက်ကြတာပေါ့။ မောင်လေးလည်း ဘာမှစိတ်ထဲမထားနဲ့၊ အချိန်တန်ရင် အားလုံးပြေလည်သွားလိမ့်မယ်''

ဘယ်လောက်ပင် စိတ်ပူတယ်ပြောပြော ညီစေမင်း မပူပင်လို့မှမရတာ။ တစ်သွေးထဲတစ်သားထဲ စီးဆင်းထားတဲ့သူတွေလေ။

■ ■ ■



## အခန်း (၄)

''ကို မနေ့က ချက်ချာဆီကို ဘာလို့မလာတာလဲ ပြော''

တွေ့တွေ့ချင်း ဆီးပြီးရန်တွေ့ချင်သော ချက်ချာကို အမှန်ကန်ဆုံးအကြောင်းပြချက်ပေးဖို့ အသင့်ရှိပြီးသားမို့

''ကိုယ့်ဒယ်ဒီကို မနေ့က အုလမ်းကြောင်းထဲ စကုတ်ကြည့်တယ်လေ၊ ဒါကြောင့် ကိုယ် မလာဖြစ်တာ၊ ခုတောင် ကိုလတ်နဲ့မမတွေးကို ဆေးရုံမှာခဏထားခဲ့ပြီး ထွက်လာတာ''

''ဟင် ဒါနဲ့ ကိုရဲ့ဒယ်ဒီကို အိမ်မှာပဲ ပြုစုတယ်ဆို ချက်ချာသတင်းလာမေးချင်တယ်''

''ချက်ချာ သတင်းလာမေးလည်း ကိုယ့်ဒယ်ဒီက ချက်ချာကို ကောင်းကောင်းဧည့်ခံမှာမဟုတ်ဘူး။ ချက်ချာစိတ်ကသိကအောက် ဖြစ်နေပါ့မယ်ကွာ''



www.burmeseclassic.com

www.burmeseclassic.com



ချက်ချာနှုတ်ခမ်းစူသွားသည်။

"ကိုက ကြိုမပြောထားဘူးလား။ ကိုယ့်မှာသိပ်ချစ်ရကောင်းတဲ့ ချစ်သူရှိတယ်ဆိုတာ"

"ကိုယ် မပြောချင်သေးဘူး ချက်ချာရယ်၊ ဒယ်ဒီက မောင်နှမ ခုနစ်ယောက်ထဲမှာ ကိုယ့်ကိုအချစ်ဆုံးလေ၊ ရှေ့ကအကြီးတွေလို လက်ထပ်ပြီး ထွက်သွားမှာကို ဒယ်ဒီအကြောက်ဆုံးပဲ၊ ခုနေ ချက်ချာနဲ့ ချစ်သူတွေပါဆိုပြီး ခွေပြမှိုးပြခေါ်သွားရင် ဒယ်ဒီစိတ်ခတ်ကျသွားမှာစိုးလို့ပါကွာ"

"ဟွန်း သူလည်း တစ်ချိန်က အိမ်ထောင်ပြုခဲ့တာပဲကို မတရားဘူးသိလား"

ကလေးဆန်လွန်းသော ချက်ချာ၏ချစ်စဖွယ် ပါးဖောင်းဖောင်းလေးကို ခပ်ဖွဖွဆွဲပြီး ညီစေမင်း ရယ်လိုက်သည်။

"ဟိုလေ ဒါနဲ့ ကိုတို့က မောင်နှမ ခုနစ်ယောက်တောင်နော် ဟုတ်လား"

"အင်းလေ ဟုတ်တယ် ကိုက အငယ်ဆုံးပဲ၊ အစ်မ လေးယောက် အစ်ကိုနှစ်ယောက်ရှိတယ်၊ အားလုံး သူ့အိမ်ထောင်နဲ့သူ"

"စီးပွားရေးတွေရော အဆင်ပြေကြရဲ့လား"

ချက်ချက်ချာအမေးကြောင့် မမတွေးကိုစွကြီးက ခေါင်းထိပ်ပင်လာ၍ ညီစေ သက်ပြင်းမောကို ဟင်းခနဲ ချလိုက်ပြီး ခေါင်းကိုခပ်လေးလေး ခါလိုက်ပြီး





"ဒီလိုပါပဲကွာ အားလုံးက မိသားစုတွေ အခြေခိုင်ခိုင်ရပ်တည်နိုင်ဖို့ ကြိုးစားနေကြရတာချည်းပါပဲ၊ ကိုယ်တောင် လူပျိုမို့လို့"

"ဒါနဲ့ ကို့အဖေက အထည်ချုပ်စက်ရုံရော ကားဝပ်ရှော့တွေရောပိုင်တယ်ဆို"

"အင်းလေ ပိုင်တယ် ဒါပေမဲ့ ဒယ်ဒီမှနေမကောင်းတာ အားလုံးကို ဒယ်ဒီ့ကိုယ်စား ကိုယ်ကပဲဦးဆောင်နေရတာ"

"ကို့အစ်ကိုတွေ အစ်မတွေကရော ဝိုင်းမကူကြဘူးလား"

"သူတို့အလုပ်တွေနဲ့သူတို့လေ၊ ဘယ်ကူနိုင်မှာလဲ"

"ဒါဆိုရင် ဒီလုပ်ငန်းတွေကို ကိုယ်ပိုင်သွားပြီပေါ့"

"ဒယ်ဒီ့လုပ်ငန်းတွေဆိုတော့ ကိုယ်ပိုင်တယ်လို့တောင် မတွေးမိဘူးကွာ၊ အဟဲ ကိုယ်ပိုင်တာဆိုလို့ ကိုယ်စီးနေတဲ့ကားရယ် ချက်ချာနဲ့ လက်ထပ်ပြီးရင် အတူတူနေဖို့ ဝယ်ထားတဲ့အိမ်လေးရယ် ဟောဒီချစ်သူလေးရယ် ဒါပဲရှိတယ်"

ညီစေမင်း စကားကြောင့် ချက်ချက်ချာ မျက်နှာလေး မသိမသာ ရဲသွားလိုက်သည်။

ညီစေမင်းကတော့ မသိ။ ချက်ချာပေါင်ပေါ်မှ Laptop ခလုပ်တွေကိုနှိပ်ကာ ချက်ချက်ချာကို အရမ်းချစ်တယ်ဟူသော စာတန်းကို ရိုက်နေ၏။

ချက်ချာစိတ်ထဲမှာတော့ သိပ်ပြီးဘဝင်မကျလှ။ တကယ်ဆို ချစ်သူမိသားစုအသိုင်းအဝိုင်းထဲကို ချက်ချာလက်ကိုဆွဲပြီး ခေါ်သွင်းသွားဖို့



www.burmeseclassic.com

www.burmeseclassic.com



အချိန်တန်နေပြီ မဟုတ်လား။

ညီစေ့ပုံစံက ချက်ချာကို သမီးရည်းစားအဆင့်သာ သဘောထား၍ မိသားစုအသိုင်းအဝိုင်းထဲ ခေါ်မသွားတာဟုပဲ လိုရာဆွဲတွေးပြီး မကျေမနပ်ဖြစ်နေမိသည်။

ချက်ချာဘက်က လက်ထပ်ဖို့ကို လောနေသလောက် ညီစေမင်းဘက်ကတော့ ချက်ချာနှင့်လက်ထပ်ဖို့ ဒီနှစ်ထဲမှာ အစီအစဉ်ဆွဲမည့်ပုံမပေါ်။

ချက်ချာကတော့ ညီစေမင်းကို လုံးဝလက်လွှတ်ခံ၍မဖြစ်။ အမွေတွေအများကြီးရမယ့် ညီစေမင်းကို လက်ထပ်မှ ချက်ချာဘဝ အေးအေးချမ်းချမ်းနှင့်ငွေပုံပေါ်မှာ စံရမှာဖြစ်သည်။

■ ■ ■



## အခန်း (၃)

"မချက် အာရကေလေး ဘာလေးပေးပါဦး"

"မနေ့ကပဲ တစ်သောင်းယူသွားတယ် ကုန်ပြီလား"

"ဟာ စာရင်းစစ်ဌာနကလား။ အဲလောက် စစ်နေတာ ကုန်ပြီပေါ့ မချက်ရယ်၊ တစ်နေ့တစ်သောင်းက သက်လျှာအတွက် နံတောင်မစွတ်ဘူး ဟွန်း ဒါတောင် ကိုအောင့်ဆီကနေ ယူယူသုံးနေလို့ မချက်ဆီက တစ်သောင်းပဲသုံးတာ"

"အောင်မယ် နင်က ယူတောင်မယူသေးဘူး ရည်းစားဆီက ယူသုံးနေပြီ ဟုတ်လား"

စကားနှင့်ပင် ချက်ချာရင်ပူသွားသည်။

"ဟုတ်တယ်လေ ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ မယုခင်မှာ သူ့ဆီက ပိုက်ဆံတောင်းသုံးပြီဆိုမှတော့ အဲဒီငွေကြေးပမာဏနဲ့အညီ နင်က သူ့ကိုပြန်ပေးဆပ်ရမှာပေါ့၊ အမလေး သက်လျာရယ် ငါတောင် ကို့ဆီက ငွေတစ်ခါမှတောင်းမသုံးဖူးဘူး"

ချက်ချာ၏အပြစ်တင်စကားနှင့် မညှာမတာဝေဖန်မှုကြောင့် သက်လျာ ကျွတ်ခနဲ စုတ်သပ်လိုက်သည်။

"မချက် ယူမသုံးတာ ဟိုကမပေးလို့ပါ၊ ဟွန်း သူဌေးကပ်စေးနဲ ကြီးနဲ့ တွဲနေပြီးတော့"

ချက်ချက်ချာ မျက်နှာပျက်သွားသည်။

"အောင်မာ သက်လျာနော် ဒါ ဘာစကားလဲ၊ နင့်ကိုပြောတာနဲ့ ငါ့ဘက်မြားဦးလှည့်လာစရာလား ဟမ်၊ ငါက တမင်ကို ငွေရေးကြေးရေး မပတ်သက်တာ၊ သူရှာတဲ့ငွေတွေ ငါယူသုံးရအောင် ငါက သူ့မိန်းမမှ မဟုတ်သေးတာ၊ ငါ့တန်ဖိုးအလျော့ခံပြီး ယူမသုံးနိုင်ပါဘူး"

"ကိုယ်ညံ့ရင်ကိုယ်ခံပေါ့ သက်လျာတို့ကတော့ မယုခင်ကတည်းက အဲဒီယောကျ်ားရဲ့ဝင်ငွေကို ချုပ်ထားပြီးသား"

"ဒါဆိုရင် နင့်ရဲ့တစ်နေ့တာအသုံးစရိတ် မလောက်ရင် ချုပ်ထားတဲ့ရည်းစားဆီကတောင်းသုံးလိုက်ပေါ့"

"ဩော် မချက်ရယ် အသေးသုံးကလေးနဲ့ ဘဏ်ကငွေလုံးငွေရင်းကို ထိစရာလား၊ ညီမလေးတို့က လက်ထပ်ပြီးတာနဲ့ ဂျပန်ကို သွားပြီး အလုပ်လုပ်မှာ၊ ဒါကြောင့် ဒီငွေတွေကို မထိရက်မတို့ရက်ထားတာ၊ ဂျပန်သွားရင်တော့ ရှေ့လျှောက်အဆင်မပြေစရာ ဘာမှမရှိတော့





ပါဘူးလေ၊ ဒါနဲ့ မချက်ရော ဘယ်တော့ယူမှာလဲ ခုထိ မယူကြသေးဘူးလား"

အကြွားသန်သလိုလို အရိုသန်သလိုလိုနှင့် ခပ်ထေ့ထေ့မေးသော အမေးကြောင့် ချက်ချက်ချာ ရင်ထဲမှာ သက်လျာကို မနှစ်မြို့သလိုဖြစ်သွားသည်။ အစ်မတစ်ယောက်ဖြစ်နေသည့်အတွက် ဘာမှ ထွေထွေထူးထူး မပြောလိုတော့၊ မိဘတွေမရှိတော့ကတည်းက ချက်ချာကပဲ အလျှော့ပေးခဲ့ရတာချည်းပင်။

"သူက လက်ထပ်ချင်နေပြီ၊ ငါက လက်ထပ်ဖို့စောသေးတယ်ဆိုပြီး အချိန်ဆွဲနေတာ"

"ဩော် ဟုတ်လား၊ ဒီကိစ္စက အမှုလွန်ရင် ဘေးထွက်ဘောဖြစ်တတ်တယ်နော်၊ ယူစရာရှိရင်ယူတော့ ဒီခေတ်ကြီးထဲမှာ ထမင်းတစ်နပ်စားဖို့ ရှာရတာလွယ်တာမဟုတ်ဘူး၊ တော်ကြာ မှုနေရင် ရှိစုမဲ့စု သူဌေးချစ်သူလေးနဲ့ လွဲနေရလိမ့်မယ်"

"ညည်းလေးပဲ အရင်ယူစမ်းပါ၊ ညည်း အိမ်ထောင်နဲ့အခြေအကျဖြစ်မှ ငါ့ရဲ့အိမ်ထောင်ရေးကိစ္စကို စီစဉ်မှာ"

"သက်လျာကို မစောင့်နဲ့ ကိုယ့်ဟာကိုယ် ယူစရာရှိတာယူနော်၊ မြန်မြန်ယူမှ အန်တီဘေ့လေကလွတ်မှာ၊ ကဲပါ မချက်ရယ် စကားပြောရတာ လိုရင်းကိုမရောက်တော့ဘူး လမ်းကချော်သွားပြီ ပေး ညီမလေးသူငယ်ချင်းတစ်ယောက်နဲ့ချိန်းထားလို့"

ကလေးငယ်တစ်ယောက်လို လက်ဝါးဖြန့်ပြီးတောင်းနေသော



www.burmeseclassic.com

www.burmeseclassic.com



သက်လျာကို မျက်စောင်းထိုးကာ ပိုက်ဆံအိတ်လေးထဲမှ တစ်သောင်းတန် တစ်ရွက် ထုတ်ပေးလိုက်သည်။

"ငါ ဒီနေ့ကိစ္စရှိတယ်၊ အိမ်အပြန်နောက်မကျနဲ့နော်"

"ဘာကိစ္စလဲ"

"ဒီနေ့ ကိုနဲ့ချိန်းထားလို့ပေါ့"

"ဒီအိမ်မှာချိန်းတွေ့လည်း ဖြစ်တာကို၊ ဘယ်အပြင်ထွက်ပြီး ချိန်းဦးမှာလဲ မချက်ရယ်"

"ဟာ သက်လျာနော် သွား သွား ငါ့ဟာငါ ဘယ်နေရာမှာချိန်း ချိန်း နင့်အပူမပါဘူး"

ချက်ချက်ချာ အော်ထုတ်လိုက်သဖြင့် သက်လျာ ဖော်ကလေးပု ကာ လှစ်ခနဲ အနားမှပြေးထွက်သွားသည်။

■ ■ ■



## အခန်း (၅)

"ကို ချက်ချာကို ချစ်တာမှ ဟုတ်ရဲ့လားဟင်"

ဆိုင်းမဆင့်ဗုံမဆင့်အမေးကြောင့် ညီစေမင်း ချက်ချာကို တအံ့ တဩကြည့်ရင်း

"ချစ်တာပေါ့ ချက်ချာရယ် မချစ်ဘဲနေပါ့မလား ကိုယ့်ချစ်သူကို မချစ်တဲ့ပုံပေါက်နေလို့လား"

"အဲလိုလည်း မဟုတ်ပါဘူး။ ဒီလိုပဲ တမင်သက်သက် မေးပုံ ကြည့်တာပါ"

"တမင်ပဲမေးမေး လမ်းကြုံလို့ပဲမေးမေး ဒီအဖြေကိုပဲဖြေမှာ တစ်ရေးနိုးထမေးလည်း ဒီအဖြေပဲ"

"ဒါဆို ချက်ချာတို့လက်ထပ်ကြရအောင်"



www.burmeseclassic.com

www.burmeseclassic.com



ညီစေမင်း အနေရခက်သွားသည့်ဟန်ဖြင့် ချက်ချက်ချာကို အားနာစွာကြည့်သည်။

"လက်ထပ်ချင်တာပေါ့ ချက်ချာရယ် ကိုယ့်အခက်အခဲကို ချက်ချာသိအောင် ကိုယ်ပြောပြထားတာပဲ၊ ခုချိန်မှာ ချက်ချာနဲ့သာ လက်ထပ်လိုက်ရင်လေ ကိုယ့်ဒယ်ဒီရောဂါပိုဆိုးသွားမှာစိုးလို့ပါ"

"သိပါတယ် အဲဒီအကြောင်းပြချက်ကြီးကို ပဲလှော်ဝါးသလို ဝါးပြမနေပါနဲ့ ကိုရယ်၊ ဒါပေမဲ့ ချက်ချာတို့လက်ထပ်မှဖြစ်တော့မယ် ကို ဟိုလေ ညီမလေးလည်း လက်ထပ်တော့မယ်"

"ဟင် ဟုတ်လား"

"သူတို့လက်ထပ်ပြီးရင် နှစ်ယောက်စလုံး ဂျပန်ကို သွားကြမှာ ဆိုတော့ ချက်ချာတစ်ယောက်ထဲနေခဲ့ရမှာကို ချက်ချာကြောက်တယ်"

ညီစေမင်း သက်ပြင်းမောကို မသိမသာ ချလိုက်ပြီး ဘယ်လို ဆင်ခြေပေးရမှန်း မသိတော့။

"ချက်ချာဘက်ကလည်း အတင်းမတောင်းဆိုချင်ပါဘူး ကိုရယ် သက်လျာ အိမ်ထောင်ပြုသွားတာနဲ့ ချက်ချာကိုလည်း အဒေါ်က အိမ်ထောင်ရက်သားချပေးတော့မှာ၊ သူ့ယောက်ျားရဲ့တူတစ်ယောက်နဲ့ပေါ့၊ ခရီးသွားလုပ်ငန်းရှင်တစ်ယောက်လေ"

ထပ်ဆင့်ရင်မောရပြန်ပြီမို့ ခေါင်းမှဆံပင်တို့ကို လက်ဖြင့်သပ် သိမ်းလိုက်သည်။

ဘယ်လိုလုပ်ရမလဲ ချက်ချာကို သူများလက်ထဲ အပ်မခံနိုင်





တာကတော့ ညီစေ့ရဲ့မြတ်နိုးမှုတစ်ခုပါ။

ဒါဟာ ချက်ချာကိုလက်ထပ်ဖြစ်ဖို့ တွန်းအားတစ်ခုဖြစ်နေပြီမို့ ထိုတွန်းအားကို မသိကျိုးကျွံပြုပြီး ရှောင်ထွက်သွားလို့မှ မရတာ။

"ကိုယ် ချက်ချာကိုမခွဲနိုင်ဘူး"

"ဒါဆို လက်ထပ်ကြရအောင် ကိုရယ် ဟိုလေ ကို့ကိုဖွတ် အတင်း အလိုက်မသိတောင်းဆိုတာ မဟုတ်ပါဘူး၊ ချက်ချာတို့တရားရုံး မှာပဲ အကျဉ်းချုံးပြီး လက်ထပ်လည်းရပါတယ်၊ ချက်ချာနဲ့လက်ထပ်တာကို သိမှာစိုးရင် ချက်ချာလေ ကို့ရဲ့အဖေနဲ့ကိုယ့်အသိုင်းအဝိုင်းရှေ့ကို ထွက် မလာပါဘူး"

ခဲယယတောင်းဆိုနေသော ချက်ချာကိုကြည့်ပြီး ညီစေမင်း ရင်ထဲမှာ အားနာသွားမိသည်။ ထို့ကြောင့် ဒီတစ်ခါမှ မလိုက်လျောလျှင် မကောင်းတော့ပြီမို့

"ချက်ချာ သဘောပါပဲ ချက်ချာရယ်၊ တစ်ချိန်ချိန်မှာတော့ ချက်ချာကို ကိုယ့်အသိုင်းအဝိုင်းထဲကိုခွဲခေါ်မှာပါ၊ ခုနေတော့ ချက်ချာ ပြောသလိုပဲ လက်ထပ်ထားကြရအောင်နော်"

ချက်ချာ ထိတ်ခနဲ ပျော်သွားသည်။

"တကယ်လား ကို"

"အင်းပေါ့ ကိုယ့်သူငယ်ချင်းတရားသူကြီးရှိတယ်၊ သူ့ရုံးမှာ သွားပြီး တရားဝင်လက်ထပ်ထားကြရအောင်လေ"

"ဝမ်းသာလိုက်တာ ကိုရယ်"



www.burmeseclassic.com

www.burmeseclassic.com



သက်လျာကို မခံချင်၍ ဆင်လိုက်သောအကွက်ထဲကို တန်းဝင်သွားသည့်မို့ ထခုန်မိမတတ် ဝမ်းသာသွားရသူက ချက်ချက်ချာပင် ဖြစ်သည်။

ဘယ်လိုပုံစံနှင့်လက်ထပ်ရ လက်ထပ်ရ ကိုယ့်ချစ်သူကို ပိုင်ဆိုင်ရဖို့က အဓိကမို့ ခမ်းခမ်းနားနား မင်္ဂလာပွဲမလုပ်ရလည်း ရှိစေတော့။ လုပ်ခဲ့မည်ဆိုလျှင်တောင် ညီစေရော ချက်ချာရော မိစုံဖစုံရှိကြတာမှ မဟုတ်တာ။

အရေးကြီးတာ ကိုယ့်ချစ်သူနှင့်ပေါင်းရဖို့က အဓိကမို့ ခမ်းခမ်းနားနား မင်္ဂလာဧည့်ခံပွဲကိုလည်း မျှော်လင့်မနေတော့။

■ ■ ■



## အခန်း (၇)

"ဘာ တရားရုံးမှာလက်မှတ်ထိုးမယ် ဟုတ်လား ချက်ချက်ချာ"

"ဟုတ်တယ် အန်တီဘေ"

"မချက်ရယ် ငုပ်လိုက်တာကွာ၊ သူဌေးသားဆို ဘာဖြစ်လို့ သူများသားသမီးကို တရားရုံးလေးမှာပဲ လက်မှတ်ထိုးတဲ့အဆင့်လောက်နဲ့ ပြီးရမှာလဲ၊ အမှန်ဆို ဟိုတယ်ခပ်ကောင်းကောင်းမှာ မင်္ဂလာပွဲအကြီးအကျယ် လုပ်ရမှာလေ၊ သက်လျာတို့တောင် ရွှေပုစွန်ခန်းမမှာ မင်္ဂလာပွဲလုပ်ဖို့ စဉ်းစားထားတဲ့ဟာ"

သက်လျာ စကားကြောင့် ချက်ချက်ချာရင်ထဲနင့်ခနဲ ခံစားလိုက်ရသည်။ အားလုံးဟာ ကိုယ့်အကြောင်းတွေနှင့်ကိုယ်ပဲ။ သူတို့ရွှေပုစွန်



www.burmeseclassic.com

www.burmeseclassic.com



မှာ မင်္ဂလာဆောင်တာနဲ့ပဲ ချက်ချာတို့က ဟိုတယ်မှာဆောင်ရမှာတဲ့လား။

"အဲဒါတွေက အပိုအလုပ်တွေပါဟာ"

"ဟင် မိန်းကလေးတစ်ယောက်က တစ်သက်မှာတစ်မင်္ဂလာလေ ဒါကိုအပိုအလုပ်လို့ ပြောရက်သလား"

"ဟုတ်တယ် ငါတို့အတွက်တော့ အပိုအလုပ်တွေပဲ၊ ခုချိန်မှာ မင်္ဂလာပွဲလုပ်တော့ရော ငါ့ဘက်မှာလည်း မိဘနှစ်ပါးစလုံးမရှိဘူး။ သူ့ဘက်မှာလည်း အမေမရှိ ရှိတဲ့အဖေကလည်း နေ့လားညလားပဲ၊ ဘယ်လိုလုပ်ပြီး မင်္ဂလာထဆောင်လို့ဖြစ်မလဲ၊ သူ့ဘက်က ငါ့ကိုတင့်တင့်တယ်တယ် လုပ်ပေးချင်ပေမယ့် အများအမြင်မှာ ဘယ်လိုတင့်တယ်မှာလဲ"

အကြောင်းပြချက်ခိုင်လုံနေသည်မို့ အန်တီဘေရော သက်လျာရော ငြိမ်ကျသွားသည်။

"အင်းလေ ဖအေလူမမာကြီးနဲ့ဆိုတော့လည်း မင်္ဂလာပွဲက ဘယ်လိုလုပ်ဖြစ်မှာလဲ၊ ဒါနဲ့ ယူပြီးရင် ဘယ်မှာနေကြမှာလဲ၊ ညည်းက သူတို့အိမ်လိုက်နေရမှာပေါ့"

အန်တီဘေ့အမေးကို ဘယ်လိုဖြေရမှန်းမသိ။ အမှန်ဆိုရင် ချက်ချာက လိုက်နေချင်တာပါ။ လူမမာယောက္ခထီးကြီးကို အစွမ်းကုန် ပြုစုပြ ယောက္ခထီးကြီးက ငါ့ချွေးမလေးတော်လိုက်တာဆိုပြီး ကျစ်ထုပ်ထားသမျှ လက်ဝတ်လက်စားတွေ တခြားအတွင်းပစ္စည်းတွေကို အကုန်လုံးပေးခဲ့တဲ့အထိ မျှော်လင့်ချင်တာ။

ယောက္ခထီးကြီးလည်းဆုံး အဲဒီအိမ်ကြီးမှာ ကိုယ်က အလိုလို





အရှင်သခင်မဖြစ်သွားမှာ။ အမွေခွဲခံမည်ဆိုလျှင်လည်း သားတစ်ယောက်အနေနှင့် ရသင့်ရထိုက်တာတွေကို ရမည်။ ညီစေ့ ပစ္စည်းဟာ ချက်ချာရဲ့ပစ္စည်းပဲပေါ့။

လင်ပစ္စည်း မယားပိုင်တာ ဘာဆန်းတာမှတ်လို့။

အမွေဆိုတာ စားထိုက်မှစားရတာဆိုပေမယ့် ကိုယ်လက်ထင်မည့် ညီစေမင်းကတော့ မစားထိုက်စရာ ဘာအကြောင်းမှမရှိ။ မိဘလက်ငုပ်လက်ရင်းကို တိုးပွားအောင်လုပ်သောသားမို့ ခံစားခွင့်တွေက တခြားသားသမီးထက်ပင် ပိုပြီး ရသင့်သေးတာ။

သို့ပေမယ့် ချက်ချက်ချာကို ထိုသို့သော အခွင့်အရေးမျိုးကို ညီစေမင်း မပေးခဲ့ပါ။

"သူက ချက်ချာကို လိုက်နေဖို့ပြောသားပဲ ဟွန်း ဒါပေမဲ့ ဘာလို့လိုက်နေရမှာလဲ၊ ချက်ချာလိုက်နေရင် အဲဒီလူမမာကြီးကို ပြုစုဖို့တာဝန်တွေ ချက်ချာဆီပုံလာမှာလေ၊ ဒါကြောင့် သူ့အိမ်လိုက်မနေနိုင်ဘူးလို့ ခုကတည်းက ငြင်းလိုက်တယ်"

"ဒါဆို မချက်က ကိုယ့်အိမ်မှာပဲ ကိုယ်နေမယ်ဆိုတဲ့သဘောလား"

"အမလေး မနေပါဘူး၊ သူဝယ်ထားတဲ့ တိုက်ခန်းမှာ သွားနေမှာပေါ့ဟဲ့"

"ဪ ကောင်းပါတယ်လေ လက်ထပ်ပြီးပြီဆိုရင် ကိုယ့်ဟာနဲ့ကိုယ်နေတာ အကောင်းဆုံးပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို မချက်ယောက်ျားကြီးတော့ ဟိုအိမ်ကူးလိုက် ဒီအိမ်ကူးလိုက်နဲ့ ပြာများတော့မှာပဲ"

"သူ့အဖေ မသေခင်အထိပါပဲ၊ သေသွားပြီဆိုရင်တော့ ကိုကို ငါတစ်ယောက်ထဲ ပိုင်ရတော့မှာ"

ထိုမှော်လင့်ချက်တွေသည် ချက်ချက်ချာဆီသို့ ကျိန်းသေရောက်လာတော့မှာမို့ ဒီအတိုင်း စိတ်ရှည်ရှည်နှင့် စောင့်ရုံပဲရှိတော့တာမို့ ယောကျ်ားနှင့်ညီစေ့အစ်ကိုအစ်မတွေ မသိအောင် တိတ်တိတ်လေး လက်ထပ်ထားသည်ဆိုတာကိုတော့ အန်တီဘေနှင့် သက်လျာကို အသိပေးမနေတော့။

■ ■ ■



အခန်း (၁)

"ညီစေ ဒယ်ဒီ့အခြေအနေ ဘယ်လိုလဲ"

ကိုလေးအမေးကြောင့် ခေါင်းကိုခပ်ဖြည်းဖြည်းခါပြရင်း

"သိပ်တော့မထူးခြားပါဘူးကိုကိုရာ၊ ဒါနဲ့ ကိုကို မနေ့ကဘာလို့ မလာတာလဲ၊ ဒယ်ဒီ မေးနေတာ"

"ကိုကို လုပ်ငန်းထဲမှာ ကျိုင်တက်နေလို့ အထက်လူကြီးနဲ့သွားတွေ့နေရတယ်၊ ဒယ်ဒီ့ကိုတော့ သွားမပြောနဲ့နော်၊ ဒယ်ဒီ စိတ်ပူသွားမယ်"

"ဟင် ဘာကျိုင်လဲ"

"ရုံးမှာ ကိုကိုက စာရင်းကိုင်မဟုတ်လား"

"အင်းလေ အဲဒါနဲ့ ဘာဖြစ်လဲ၊ စာရင်းဇယားတွေကွာနေလို့လား"



www.burmeseclassic.com

www.burmeseclassic.com



“အေး စာရင်းနဲ့ငွေတွေကွာနေလို့ ကိုကိုလည်း အလွဲသုံးစား မလုပ်တတ်တာ ညီလည်း သိပါတယ်ကွာ”

“အဲ အဲဒီတော့ ဘယ်လောက်တောင် ကွာလို့လဲ”

“ကွာတာမှ မနည်းမနောကို ကွာတာကွာ၊ ကိုကိုတော့ ချောက်တွန်းခံရတာ ဘာမှလက်ပူးလက်ကြပ် ရှာမပြနိုင်တော့ ကိုကို လျော်ရမှာ”

စိတ်မသက်မသာပြောလိုက်သော ကိုကို့စကားကြောင့် ညီစေမင်း သက်မမောကို ဟင်းခနဲ ချလိုက်ရပြန်သည်။

စီးပွားရေးသိပ်မချောင်လည်ကြသော အစ်ကိုတွေ အစ်မတွေဆီမှာမှ ဘာဖြစ်လို့ ထိုသို့သော ပြဿနာတွေနှင့်ရင်ဆိုင်တိုးနေရသလဲ။

“ခု ဘယ်လိုရှင်းဖို့စိတ်ကူးထားလဲ ကိုကို”

ညီစေ့အမေးကြောင့် ကိုကိုမျက်နှာအိုဆင်းသွားကာ

“ကိုကိုလည်း မတွေးတတ်တော့ပါဘူးညီရာ၊ ခုချိန်မှာ သေခွင့်ရမယ်ဆိုရင်လေ ကိုကို သေပစ်လိုက်ချင်တော့တာပဲ သိလား၊ ကိုကြီးကို အကူအညီတောင်းကြည့်တော့လည်း သူ့ဒုက္ခက ကိုယ့်ထက်ကို ပိုဆိုးနေတယ်”

“ဟင် ဘာ ဘာဒုက္ခတဲ့လဲ”

ရင်ကတစ်ဖန် ဒိန်းခနဲ ထပ်ခုန်လာပြန်သည်။

“သူ့မိန်းမ မသင်းရဲ့ကျန်းမာရေးအခြေအနေလေ”

“ဟင် မ မသင်းက ဘာဖြစ်ပြန်ပြီတဲ့လဲ”

ရောဂါထူလွန်းသော မရီးဖြစ်သူကို စိတ်ပူသွားပြန်သည်။





သားသမီးငါးယောက်နှင့်တစ်နေ့တစ်နေ့ ဒေါင်ချာဆိုင်းနေသော မသင်း ရောဂါချူချာတာလည်း ညီစေ အသိဆုံးပါ။

“သားအိမ်ခေါင်းကင်ဆာဆိုလား သားအိမ်မှာအလုံးတွေ့တယ်ဆိုလားပဲကွာ”

“ဟာဗျာ ကျွန်တော် စိတ်ဆင်းရဲလိုက်တာ”

ညီအစ်ကိုမောင်နှမတွေ၏သောကအပူက တော်ရုံသောကအပူမဟုတ်လေတော့ ညီစေ့အဖို့ တစ်ပူပေါ်နှစ်ပူသုံးပူမက လေးငါးပူကိုဆင့်နေရသည်။

မနက်ဖြန်ဆိုလျှင် ချက်ချက်ချာနှင့်တရားရုံးမှာ လက်မှတ်ထိုးရတော့မည်။ ကတိကလည်းပေးပြီးသား တရားသူကြီးကိုလည်း ဖုန်းကြိုဆက်ပြီးသားမို့ အစီအစဉ်ဖျက်၍မရတော့။ ဖျက်၍သာရမည်ဆိုလျှင် ဒီအစီအစဉ်ကို နောက်သို့ထပ်ရွှေ့လိုက်ချင်သေးသည်။

“တဲ့ပါ ကိုကိုရာ ဘာမှမပူနဲ့ ညီတို့အားလုံး ဝိုင်းပြီး ဖြေရှင်းကြတာပေါ့ ကဲ လာပါ ဒယ်ဒီ့ဆီသွားရအောင် စောစောကတင် နော့စ်အောင်ကိုလတ် ဒယ်ဒီ့ကိုဆေးသွင်းဖို့ ဝင်သွားတယ်၊ ဆေးသွင်းပြီးရင် ဒယ်ဒီက အိပ်ပျော်သွားမှာ၊ ကိုကိုလာတာ ဒယ်ဒီမသိဘဲနေဦးမယ်”

အားပေးနှစ်သိမ့်သောစကားပြောကာ အစ်ကိုဖြစ်သူ၏ပခုံးကို ဖက်ပြီး ဒယ်ဒီ့အခန်းထဲသို့ ဝင်ခဲ့ကြသည်။

“ဒယ်ဒီ နေသာရဲ့လားဟင်”

“ဒီလိုပါပဲ သားရယ် ဒါနဲ့ မင်းမိန်းမနဲ့ကလေးတွေရော”



www.burmeseclassic.com

www.burmeseclassic.com



လေသံမျှသာပြောနိုင်သော ဒယ်ဒီ့အသံကို မနည်းနားစိုက်ထောင်ကြရသည်။

"သူတို့ မနက်ဖြန်ကျောင်းပိတ်မှ လာကြလိမ့်မယ်၊ ခိုင်ကမေးခိုင်းလိုက်တယ် ဒယ်ဒီ ဘာစားချင်လဲတဲ့"

ဒယ်ဒီ ခေါင်းခပ်ဖြည်းဖြည်း ခါပြသည်။

ပိန်လှီနေသော ဒယ်ဒီ့လက်ကလေးကို ညီစေမင်း စိတ်မကောင်းစွာ ဆုပ်ကိုင်လိုက်ပြီး

"ဒယ်ဒီ့မြေးတွေမနက်ဖြန်လာကြလိမ့်မယ် သိလား ဒယ်ဒီ၊ သူတို့ကလည်း ဘိုးဘိုးဆီလာမယ် ဖုန်းဆက်မယ်ချည်းပဲ၊ ဒယ်ဒီ စိတ်အနှောင့်အယှက်ဖြစ်မှာစိုးလို့ ကိုကိုတို့မမတို့က ခွင့်မပြုကြတာ"

ညီစေ၏ကြဖန်အားပေးနှစ်သိမ့်စကားကို ဒယ်ဒီ ခပ်ဖျော့ဖျော့အပြုံးဖြင့် တုန့်ပြန်သည်။

"မနက်ဖြန် ရှေ့နေ ဦးကျော်ဝင်းလာလိမ့်မယ်၊ သူနဲ့စီစဉ်ထားတာလေးတွေ ရှိတယ်"

"ကျွန်တော် ဘာပြင်ဆင်ပေးရမလဲ ဒယ်ဒီ"

"မလိုဘူး ဒါဟာ ဒယ်ဒီ ကျန်းမာရေးကောင်းခဲ့စဉ်ကတည်းကစီစဉ်ခဲ့ပြီးသားမို့ အားလုံးပြည့်စုံနေပြီ၊ တကယ်တမ်း မပြည့်စုံသေးတာ ဒယ်ဒီ့သားသမီးတွေ မင်းတို့အားလုံး ရုန်းကန်နေကြရတယ်ဆိုတာ ဒယ်ဒီ့စိတ်က သိနေတယ်"

ကိုကို့ထံမှ ကြိတ်ပြီး ရှိုက်လိုက်သော အသံထွက်လာသည်။





သားသမီးတွေအပေါ်မှာ ချစ်တတ်လွန်းသော ဒယ်ဒီ ဒီလောက်အိပ်ရာထဲက မထနိုင်အောင် ဘုန်းဘုန်းလဲနေချိန်မှာတောင် သားသမီးတွေရဲ့အခက်အခဲတွေ ဒုက္ခအပေါင်းတွေကို သိနေတယ်တဲ့လား။ မေတ္တာတရားကြီးမားလိုက်တာ။

"ဟာ ဒယ်ဒီကလည်း သားတို့မှာ ဘာဒုက္ခမှ မရှိပါဘူး၊ အဲဒီအတွက် ဒယ်ဒီတွေးပြီး ပူမနေပါနဲ့၊ အရေးကြီးတာ ဒယ်ဒီနေရတာသက်သောင့်သက်သာရှိပြီး ရောဂါတွေမြန်မြန်ပျောက်ဖို့ပဲ မဟုတ်လား၊ ဒါမှ ဒယ်ဒီ့မြေးတွေကို ဒယ်ဒီ ရှင်ပြုပေးနိုင်မှာလေ"

ငိုသံအက်အက်ဖြင့် ပြောနေသော ကိုလတ်စကားကို ဒယ်ဒီ ခပ်ပြုံးပြုံးပြီး အသက်ကိုအားယူပြီး ရှူလိုက်သည်။ ပြီးတော့ ခေါင်းကိုခပ်ဖြည်းဖြည်းရမ်းပြီး

"ဒယ်ဒီ့အကြောင်း ဒယ်ဒီသိပါတယ်ကွာ၊ တော်ပြီပေါ့ သားတို့ရယ် လူ့လောကကြီးထဲမှာ ကိုယ်က ဘာမှအသုံးမဝင်တော့မှတော့ စောစောစီးစီးထွက်သွားရလည်း ဒယ်ဒီ ကျေနပ်ပါတယ်၊ ဒယ်ဒီမှာခဲ့ချင်တာကလေ ဒယ်ဒီမလုပ်လိုက်ရတဲ့ဆန္ဒတစ်ခုကို ငါ့သားတွေလုပ်ဖို့ တာဝန်လွှဲခဲ့ပေးချင်တာပါ"

လေးလေးနက်နက်မှာကြားတော့မည့် ဒယ်ဒီ့စကားသံတိုးတိုးကို ညီစေရော ကိုလတ်ပါ အနားတိုးကပ်ပြီး ဂရုစိုက် နားထောင်လိုက်သည်။

"ပြောပါ ဒယ်ဒီ ကျွန်တော်တို့မဖြစ်ဖြစ်အောင် တာဝန်ယူပါ့



www.burmeseclassic.com

www.burmeseclassic.com



ခယ်"

"အေးကွယ် ဒယ်ဒီလေ ဘုရားတည်ဖို့ ရည်ရွယ်ထားတာ မင်းတို့ ခါဖီးဆုံးစဉ်ကတည်းကပါ၊ ဒါပေမဲ့ ဒယ်ဒီကိုယ်တိုင် ဒယ်ဒီလက်နဲ့တည်ဖို့ တာမပါဘူးထင်ပါရဲ့ အကြောင်းကြောင်းကြောင့် မတည်ဖြစ်ခဲ့ရဘူး၊ ခု ဒယ်ဒီ လူအားဖြင့်မစွမ်းဆောင်နိုင်တော့တဲ့အချိန်မှာ အဲဒီဆန္ဒဟာ တော်တော်လေး ဒယ်ဒီ့စိတ်ကိုလွှမ်းမိုးနေခဲ့တယ်၊ ဒီနေ့ နေ့မကူးဘဲသေခဲ့မယ် ဆိုရင်တောင် ဒီစိတ်ကြီးကြောင့် ဒီသံသရာကလွတ်ပါ့မလားပဲ"

"ဒယ်ဒီ ဖြည်းဖြည်းပြောပါ မောနေပါ့မယ်"

ဒယ်ဒီ နှုတ်ခမ်းဝကို ရေစိုဂွမ်းစလေးဖြင့် တို့စွတ်ပေးရင်းကိုလတ် စိတ်မချမ်းသာစွာဖြင့် တားလိုက်ရသည်။

"ရတယ် သားလတ် ပြောနိုင်တုန်းအချိန်မှာ ပြောထားမှ ဘာမှမပြောနိုင်တဲ့အချိန်ရောက်သွားရင် ဒယ်ဒီ့အတွက် အများကြီးနစ်နာသွားလိမ့်မယ်"

"ဟုတ်ကဲ့ ဒယ်ဒီ ကျွန်တော်တို့ဘယ်ဒေသမှာ တည်ပေးရမလဲ"

"သားတို့အမေနဲ့ဒယ်ဒီတို့ ဘဝစခဲ့တဲ့မြို့လေးမှာပေါ့၊ အဲဒီက ဆရာတော်ကိုလည်း လျှောက်ပြီးသား ဘုရားတည်ဖို့ မြေနေရာလည်း အားလုံးအဆင်သင့်ရှိပြီးသား"

"စိတ်ချပါ ဒယ်ဒီ ဒယ်ဒီ့စိတ်တိုင်းကျ ဖြစ်စေရပါ့မယ်လို့ သားတို့ အားလုံး ကတိပေးပါတယ် ဒယ်ဒီရယ်"

■ ■ ■



## အခန်း (၉)

"မောင်လေး ဒယ် ဒယ်ဒီ့အခြေအနေ သိပ်မကောင်းတော့ဘူးဆို၊ ရက်ပိုင်းလောက်ပဲ ကျန်တော့တယ်ဆို"

"မမကြီး တိုးတိုးပြောပါ အထဲမှာ ဒယ်ဒီရှိနေတဲ့ဟာကို ကြားသွားပါ့မယ်"

မမလတ် လှမ်းဟန့်လိုက်သဖြင့် မျက်ရည်တွေကို ကမျာကယာ သုတ်ပြီး

"အေး အေးပါ မလတ်ရယ် ငါ ငါဒယ်ဒီ့အတွက် ဖြည်မဆည် နိုင်လို့ပါ၊ ဒယ်ဒီ့ကို ငါတို့အဆုံးရှုံးမခံနိုင်ဘူးကွယ်"

"ညီမလေးတို့လည်း ဒီအတိုင်းပါပဲ မမကြီးရယ်"

"ဒါနဲ့ ဒီနေ့ ရှေ့နေဦးကျော်ဝင်း လာမယ်ဆို"

မမထွေး အမေးကို ညီစေ ခေါင်းညိတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ဒါကြောင့် မောင်နှမတွေအားလုံးကို စုခိုင်းလိုက်တာ"

"ဘာလုပ်မလို့လဲ မသိဘူး မင်းသိလား ညီစေ"

ဒယ်ဒီ ဘာကြောင့် သားသမီးတွေကို ဆုံခိုင်းလဲဆိုတာ ညီစေလောက် ဘယ်သူမှအကင်းပါးပါး မရိပ်မိကြ။

"ကျွန်တော်ထင်တာတော့ အမွေခွဲပေးဖို့ကိစ္စထင်တယ်"

"ဟင်"

"ဟာ"

"မ မဟုတ်တာပဲ ဒယ်ဒီမှ ဘာမှမဖြစ်သေးတာ၊ ဘာလို့ အမွေခွဲပေးရတာလဲ၊ ငါတို့မယူချင်ပါဘူး"

"အေးလေဟယ် မိဘမသေသေးဘူး ငါတို့အမွေတွေယူလို့ ဘယ်တရားပါ့မလဲ"

မောင်နှမတွေအားလုံး တစ်ယောက်တစ်ပေါက် ကျွတ်စီကျွတ်စီနှင့် စကားတွေပြောနေကြသည်။

"ဒါပေမဲ့ ဒါဟာ ဒယ်ဒီ့ဆန္ဒပဲ၊ မတရားပေမယ့်လည်း မိဘက ကောင်းသလိုစီစဉ်ခဲ့တာကို မငြင်းကြပါနဲ့ ဒယ်ဒီ စိတ်ချမ်းသာအောင် လက်ခံကြပါ"

ညီစေမင်း အစ်ကိုတွေ အစ်မတွေကို အားပေးတိုက်တွန်းလိုက်သည်။

အားလုံး ငြိမ်သက်တိတ်ဆိတ်သွားကြသည်။





မမကြီးကမှ ရှိုက်သံသဲ့သဲ့ ထွက်ပေါ်လာသည်။

အားလုံး၏အကြည့်တွေက မမကြီးဆီရောက်သွားကြပြီး မျက်နှာပေါ်မှာ စိတ်မကောင်းရိပ်တွေထင်ကာ သက်ပြင်းကိုယ်စီရှိုက်လိုက်ကြသည်။

"တကယ်တော့ ဒယ်ဒီက ငါတို့အတွက် အဖိုးမဖြတ်နိုင်တဲ့ ဖခင်ကောင်းတစ်ယောက်ပါ။ ငါတို့အခက်အခဲတွေကို ငါတို့ကိုယ်တိုင် ဖွင့်မပြောဘဲနဲ့ ဒယ်ဒီ သိနေတာဟာ ငါတို့အပေါ်မှာထားတဲ့ မေတ္တာအတိမ်အနက် နက်ရှိုင်းလို့ပဲ"

"ဟုတ်တယ် မမလတ် တကယ်ဆို ကျွန်တော်တို့ကသာ ဒယ်ဒီ့အတွက် သားသမီးကောင်းတွေမဟုတ်ခဲ့တာပါ။ ဒယ်ဒီ့ကို ဘာအထောက်အပံ့မှမပေးနိုင်ဘဲနဲ့ ဒယ်ဒီ့ဆီကသာ ဒယ်ဒီပေးခဲ့တဲ့အထောက်အပံ့တွေကို ယူခဲ့ကြတာ"

အားလုံး နောင်တကိုယ်စီကိုယ်စီဖြင့် သူတို့အမှားသူတို့ နောင်တရနေကြသည်။

ဘဝတွေကို အစကနေသာ ပြန်စခွင့်ရခဲ့ကြမည်ဆိုလျှင် ဒယ်ဒီ့အတွက် မာမီ့အတွက်ဆိုပြီး မိဘကိုရှေ့တန်းတင်ပြီး ကျေးဇူးသိတတ်သော သားသမီးအလိမ္မာတွေအဖြစ် ဒယ်ဒီ့အနားမှာအမြဲနေမိမှာပါ။

ခုတော့ သားရေးသမီးရေး အိမ်ထောင့်ရေး စီးပွားရေး လူမှုရေး လောကပင်လယ်မှာ ရုန်းကန်နေရသည့်အတွက် တချို့အချိန်တွေမှာ ဒယ်ဒီ့ကိုဥပေက္ခာပြုခဲ့မိသလို ဖြစ်ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ယခုဒယ်ဒီ နေမကောင်းဖြစ်နေသည်ဟူသော အခြေအနေထက် ဆိုးဝါးသော သေပေါက်သေဝရောက်နေခဲ့တာတောင်မှ ကိုယ့်အကြောင်းကိုစွဲ အပူသောက သားသမီးအရေးကိုစွတွေကြောင့် ဒယ်ဒီ့သေားမှာ အချိန်ပြည့်လာနေမပေးနိုင်။

အဲဒီအတွက် ဒယ်ဒီ ဘယ်လောက်စိတ်အားငယ်နေလိမ့်မလဲ။ ဒယ်ဒီက သားသမီးတွေအတွက် ငဲ့သလောက် သားသမီးတွေက ဒယ်ဒီ့စိတ်ခံစားမှုကို ဘာကြောင့်များ ငဲ့မကြည့်ခဲ့ကြတာလဲ။

"ညီ ညီစေ ငါတို့ ဒယ်ဒီ့ကိုတောင်းပန်မှုဖြစ်မယ်ထင်တယ်နော်၊ အဲဒီလိုမှ မတောင်းပန်ရရင်လေ ငါတို့သားသမီးဆိုးတွေအဖြစ်နဲ့ နေသွားကြရမှာ"

"ကဲပါ မမကြီးတို့ မမလတ်တို့ရယ် ဒီအချိန်မှာ ဒါတွေပြောပြီး ဝမ်းနည်းမနေကြပါနဲ့တော့၊ ဒယ်ဒီရဲ့နောက်ဆုံးအချိန်တွေမှာ ဒယ်ဒီ စိမ်သမျှကို နာခံပေးလိုက်တာကလည်း ဒယ်ဒီကို စိတ်ချမ်းသာသွားစေမှာပါ"

အားလုံး စိတ်ပြေစေဖို့ အသင့်တော်ဆုံးစကားလုံးဖြင့် ချွေးသိပ်လိုက်သည်။

■ ■ ■



## အခန်း (၃၀)

"အဟမ်း အဟမ်း"

ညှော်ခန်းထဲသို့ဝင်လာသော ရှေ့နေ၏ချောင်းဟန့်သံကြောင့် မျက်ရည်စက်လက် မျက်လုံးတွေကို ကပျာကယာ သုတ်လိုက်ပြီး ဟန်မပျက်နေလိုက်ကြသည်။

"မင်းတို့ဒယ်ဒီကတော့ မင်းတို့ရဲ့နောင်ရေးတွေအတွက် အားလုံးစီမံပြီးသွားပြီ၊ တကယ်ကို လေးစားလောက်တဲ့ ပုဂ္ဂိုလ်ကြီးပါပဲ"

အတက်ချိုကော့စ်ကြီးကို ဆက်တီစားပွဲပေါ်တင်ပြီး ညီစေ့သေးတွင် ဝင်ထိုင်လိုက်သော ရှေ့နေကြီး၏ချီးကျူးစကားကြောင့် နောက်ဆက်တွဲ ဘာပြောမလဲဟု အားလုံးမျှော်လင့်နေကြသည်။

"မင်းတို့ရဲ့ဒယ်ဒီက သူတစ်သက်လုံး ရှာဖွေထားသမျှ စည်းစိမ်ဥစ္စာတွေကို မင်းတို့မောင်နှမတွေအားလုံးကို အညီအမျှခွဲဝေပေးဖို့အတွက်



www.burmeseclassic.com

www.burmeseclassic.com



စာချုပ်စာတမ်းအားလုံး စီစဉ်ပြီးပါပြီ''

ရှေ့နေကြီးစကားအဆုံး မမလတ်၏အီခနဲ ရှိုက်လိုက်သော အသံ ခပ်တိုးတိုးထွက်လာသည်။

တအီအီရှိုက်နေသော မမလတ်ဆီသို့ ရှေ့နေကြီး၏အကြည့်တွေ ရောက်သွားပြီး စိတ်မကောင်းသော သက်ပြင်းရှည်သံကြီးနှင့်အတူ

''အင်းလေ လောကကြီးထဲမှာ အိုနာသေသေားဆိုတာ ဘယ်သူများရှောင်လွှဲလို့ရခဲ့လို့လဲ၊ တို့ဘုရားတောင်မှ ရှောင်လွှဲလို့မရခဲ့တာ''

''အဲဒီလို တရားပြည့်နေရင်တော့ ဒယ်ဒီရဲ့ဝဋ်ဒုက္ခတွေ ချုပ်ငြိမ်းတယ်လို့ ပြောလို့ရပေမယ့် တကယ်တော့ ကျွန်တော်တို့ဘဝထဲက ဒယ်ဒီ ထွက်သွားမှာ သိပ်ကိုစောလွန်းပါတယ်ဗျာ''

ကိုလေး ငိုသံပါကြီးပြောရင်းဖြင့် သူ့မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့် အုပ်ကာ ယူကျုံးမရဖြစ်စွာ ငို၏။

အားလုံးသည်း ကျလုလုမျက်ရည်တွေကို ခက်ခက်ခဲခဲ ထိန်းနေပုံဖြင့် မျက်လုံးတွေနီကာ မျက်တောင်တွေပုတ်ခတ်ပုတ်ခတ် ဖြစ်နေသည်။

ရှေ့နေကြီးမှာ စိတ်မကောင်းစရာတွေ ဆက်မပြောလိုတော့ဟန်ဖြင့် အတက်ချိုကော့စ်ထဲမှ စာရွက်စာတမ်းထည့်ထားသည့် ဖိုင်ကိုထုတ်ယူလိုက်ပြီး

မမကြီးနှင့်ကိုလတ်ရှေ့ကို ထိုးပေးလိုက်သည်။ ကိုလတ်လှမ်းယူလိုက်သည်။





အမွေတွေရတော့မယ်ဆိုသည့်အသိက စိတ်တွေကို ဝမ်းမသာစေဘဲ ဝမ်းနည်းမှုတွေကို ရင်ဝသို့ တလိမ့်လိမ့်စို့တက်လာစေသည်။

ဒီအမွေတွေကို ဒယ်ဒီ့အသက်နဲ့လဲရမယ့်အဖြစ်မျိုးကြီးဆိုလျှင်တော့ တစ်သက်လုံး ဆင်းရဲတွင်းနက်ချင် နက်ကြပါစေ ဒီအမွေတွေကို လုံးဝမလိုချင်။

''အဲဒီထဲမှာ မင်းတို့ရပိုင်ခွင့်တွေကို တစ်ဦးချင်းစီအတွက် ခွဲဝေပေးထားတယ်၊ လက်မှတ်ထိုးကြရုံပဲ အဲ ကျေနပ်တယ် စောဒကတက်စရာ မရှိဘူးဆိုရင်ပေါ့''

''မကျေနပ်စရာ ဘာမှမရှိပါဘူး အန်ကယ်ရယ်၊ အမှန်အတိုင်းပြောရမယ်ဆိုရင်လေ ကျွန်တော်တို့ လိုချင်တာ အဲဒီစည်းစိမ်ဥစ္စာတွေ မဟုတ်ပါဘူး၊ ဒယ်ဒီ့ရဲ့အသက်ပါ''

ကိုလတ်၏ဝမ်းနည်းသံဖြင့်ပြောသော စကားကြောင့် ရှေ့နေကြီး ခေါင်းတဆတ်ဆတ်ညိတ်ပြီး

''တွေ့ဆုံကြရကွဲ ဖြစ်မြဲမမှတာတဲ့၊ တကယ်တော့ မိသားစုအဖြစ်သာဆုံကြပေမယ့်လည်း မမြဲသော သဘောတရားအတိုင်း ဖြစ်ပြီးရင် ကွက်မှာပဲလေ၊ လောကမှာ အမြဲဆုံးက သေခြင်းတရားပဲမဟုတ်လား၊ ခုချိန်မှာ သားတို့သမီးတို့ လုပ်ပေးရမယ့် အဓိကတာဝန်က မင်းတို့အဖေရဲ့ အကြီးကျယ်အမြင့်မြတ်ဆုံးဆန္ဒကို အကောင်အထည်ဖော်ပေးဖို့ပါပဲ''

''ဟုတ်ကဲ့ပါ အန်ကယ် ကျွန်တော်တို့ ဒယ်ဒီဖြစ်ချင်တာတွေကို ဒယ်ဒီ့မျက်ကွယ် မပြုခင်မှာ ဖြည့်ဆည်းပေးဖို့ အားရှင်းစီစဉ်နေပါတယ်''



www.burmeseclassic.com

www.burmeseclassic.com



ညီစေဆန္ဒဆိုလျှင် ဒယ်ဒီပေးခဲ့သည့်အမွေတွေကို တစ်ပြားတစ်ချပ်မှ မလိုချင်။ မယူရက် စားလိုက်သောအမွေဖြစ်ပေမယ့် မစားချင်ပါ။

ထို့ကြောင့် ဒီရပိုင်ခွင့်တွေနှင့် အစ်ကိုတွေအစ်မတွေ၏အခက်အခဲတွေကို ဖြေရှင်းပေးဖို့ ယတိပြတ်ဆုံးဖြတ်လိုက်သည်။

■ ■ ■



## အခန်း (၁၁)

"ကို ချက်ချာ ကို့ကို ပြောစရာရှိတယ်"

လက်ထပ်ပြီးစ ချစ်ဇနီးလေး၏မျက်နှာကို စေ့စေ့ကြည့်ရင်း

"ဘာပြောမှာလဲ ချက်ချာ"

"ဟိုလေ ဒီနေ့ပဲလက်ထပ်တယ် ဒီနေ့ပဲ အခွင့်အရေးတောင်းတယ်လို့ မထင်ပါနဲ့နော်"

ရင်ခွင်မှာ မှီတွယ်ရင်း ချွဲနွဲ့နွဲ့လေးပြောလာသောကြောင့် ညီစေဘာများပါလိမ့်ဟု စိတ်ဝင်တစားနားထောင်လိုက်သည်။

"ကဲ ပြော ဘာလဲ. ဒီည ကိုယ့်ကိုအိပ်မပြန်ခိုင်းပဲ နေမလို့လား"

"အို အဲဒါမဟုတ်ပါဘူး ချက်ချာ အဲလောက် လူမှုရေးမခေါင်းပါဘူး ကိုရယ်၊ ကို့အဖေ ဒီလောက် နေမကောင်းဖြစ်နေတဲ့အချိန်မှာ ချက်ချာ ကို့ကိုဆွဲမခေါ်ထားပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ဘာလဲ"

မေးစေ့လုံးလုံးလေးကိုခွဲပင့်ပြီး မေးလာသည်မို့ ချက်ချာ ခပ်မြမြလေး ပြုံးလိုက်ပြီး

"ချက်ချာ လုပ်ငန်းလုပ်ချင်တယ် ကို"

"ဝါး ကောင်းတာပေ့ါ၊ ချက်ချာရဲ့အရည်အချင်းတွေကို အလကား မထားဘဲ စီးပွားရေးလုပ်မှာကို ကိုယ်ကဘာလို့ကန့်ကွက်ရမှာလဲ"

"ကို မကန့်ကွက်မှန်းသိပါတယ်၊ ဒါပေမဲ့ ကို့အကူအညီလိုတယ်လေ"

"ဟုတ်ပါပြီ ကိုယ်က ဘယ်အပိုင်းကနေ ကူညီပေးရမှာလဲ"

ချက်ချက်ချာ ပြောရခက်နေဟန်ဖြင့် လက်ဝါးနှစ်ဖက်ကို အစိပ္ပာယ်မဲ့ ပွတ်သပ်ပြီး ပြောဖို့တွန့်ဆုတ်နေသည်။

"ဟိုလေ ဟို"

ထိုစဉ် သက်လျာအခန်းထဲမှ ထွက်လာသည်။

"ကဲပါ မမရယ် တစ်ခါပြောဖို့အရေး ပေတစ်သောင်းရိုက်နေတယ်၊ ဒီလိုကိုညီရေ မမကလေ Beauty Spa တစ်ခု ဖွင့်ချင်တာတဲ့၊ အဲ ပါချီပါချက်တော့ မဟုတ်ဘူးနော် တကယ်အကြီးကြီး နေရာလည်း တွေ့ပြီးပြီ"

"ဟုတ်တယ် ကိုရဲ့ ရေကျော်ထိပ်က ချက်ချာသူငယ်ချင်းက သူ့အခန်းကိုရောင်းမယ်တဲ့၊ အဆောက်အဦးက နှစ်ထပ်လေ၊ သူက စားသောက်ဆိုင်နဲ့ ကေတီဗွီတွဲဖွင့်ထားတာ ဒါပေမဲ့ အခုတော့ မဖွင့်တော့





ဘူး၊ အဲဒီအဆောက်အဦးကို ရောင်းမယ်တဲ့ ချက်ချာယူရင် တစ်ထောင်နဲ့ပဲ ယူတဲ့"

ညီစေ ငြိမ်သွားသည်။ အဆောက်အဦးတောင် သိန်းတစ်ထောင်ရှိတယ်ဆိုလျှင် အလှပြင်ဆိုင်ဖွင့်ဖို့ လိုအပ်သော ရင်းနှီးငွေမှာ အနည်းဆုံး သိန်းနှစ်ထောင်လောက်ရှိမှဖြစ်မည်။

"ပေါင်းတင်စက် အဆီချစက်တို့ တခြားလိုအပ်တဲ့စက်ပစ္စည်းတွေဝယ်မယ်ဆိုရင် သိန်းထောင့်ငါးရာ နှစ်ထောင်လောက်ကျမယ် ထင်တယ်၊ ကတောင် ကပ္ပါမလား မသိဘူး အဟင်း ဟင်း"

"အဲ အဲဒီတော့"

"အဲဒီတော့ ကို စီစဉ်ပေးနိုင်မလား"

ချက်ချက်ချာ၏မဝံ့မရဲအမေးကို ညီစေမင်း ဘယ်လိုခေါင်းညိတ် အဖြေပေးရပါ့မလဲ။

"အင်း အရင်းအနှီးက သိန်းသုံးထောင်နီးနီးလောက်ရှိမှဖြစ်မယ်ထင်တယ်နော်"

"ဟုတ်တယ် ကိုရဲ့"

"အဲဒါ ကိုညီဆီက အမွေရခဲ့ရင် အဲဒါဖွင့်ပေးရင် သိပ်ကောင်းမှာပဲလို့ ပြောနေတာလေ"

သက်လျာ ကြားဖြတ်၍ ဝင်ပြောပေးသည်။

"ဗျာ ဘြော် အင်း"

"ကိုညီဆီက အမွေရခဲ့ရင် ဖွင့်လို့ရနိုင်လောက်တယ် မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



လား။ အမေ့ကြ ဘယ်လောက်ရမှာလဲဟင်"

ထင်မထားသော မေးခွန်းမျိုးမို့ ညီစေမင်း အကျပ်ရိုက်သွားသည်။

ကိုယ်ရမယ့်အမေ့ကြ သိန်းတစ်ထောင်မပြောနှင့် သိန်းရာပင်ပြည့်ပါ့မလား။ မှန်းထားသည့်လုပ်ငန်းက အချိုးကြီးရင်းရမည့်လုပ်ငန်းမျိုး။

ဒါတင်မကသေး အစ်ကိုတွေ အစ်မတွေ၏အဆင်မပြေမှုတွေကို ကြည့်ပြီး ကိုယ့်ဝေစုကိုတောင် မယူဘဲ သူတို့အားလုံးကိုလွှဲပြောင်းပေးလိုက်ပြီးသား။

ဒီကိစ္စတွေကိုသာချက်ချက်ချာ သိလျှင် သူ့ထက်ညီအစ်ကိုမောင်နှမကို ပိုချစ်ရသလားဆိုပြီး ဒေါသတွေဆွေ့ဆွေ့ခုန်မတတ်ထွက်ကာ ချက်ချင်းပင် ကွာရှင်းမလားပင်မသိ။

ချက်ချက်ချာ ငွေမက်သည်ဆိုတာကို ညီစေလည်းသိနေသည်မို့ ဒီကိစ္စကို အသိပေး၍ မဖြစ်သေး။

"ချက်ချာရဲ့အကြံက မဆိုးပါဘူး။ အရင်းအနှီးများပေမယ့် ခေတ်ရေစီးကြောင်းနဲ့ကိုက်ညီတဲ့အတွက် အောင်မြင်ဖို့က ရာနှုန်းပြည့်ပါပဲ အဟမ်း အဟမ်း"

ရေလိုက်ငါးလိုက် ပြောနေပေမယ့် စိတ်ထဲမှာတော့ အကြောင်းပြချက်ကောင်းကောင်းကို ကမန်းကတန်း ရှာဖွေနေမိသည်။ ပြီးနောက် စိတ်မလုံ့စွာဖြင့် ခြောက်ကပ်ကပ် ချောင်းကိုဟန့်လိုက်သေးသည်။

"ဒါဆိုရင် ကို စီစဉ်ပေးမှာပေါ့နော်"





"အင်း စီစဉ်ပေးရမှာပေါ့"

"ဟင် တကယ်နော်"

"ကိုညီ တကယ်စီစဉ်ပေးမှာလား"

ညီအစ်မနှစ်ယောက် လေယူလေသိမ်း တူညီနေကြသည်။ ဒီလိုအခွင့်အရေးမျိုးကို ဘယ်အချိန်ကတည်းက စောင့်နေကြတာပါလိမ့်။ ရင်မောစရာကောင်းလွန်းလို့ ညီစေ တစ်ယောက် အသက်ပင်ဖြောင့်အောင်မရှူချင်တော့။

ဒီနေ့ပဲ တရားရုံးမှာ လက်မှတ်ထိုးကြတယ်။ ဒီနေ့ပဲ တောင်းလိုက်သည့် မင်္ဂလာဦးလက်ဆောင်က ညီစေ့ခေါင်းကို မိုးကြိုးဆယ်စင်းတစ်ပြိုင်တည်း ပစ်ခွင်းသလို စီစီညက်ညက် ကြေမတတ်။

လောဘကြီးလိုက်ကြတာကွာ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

"ဦးညီ မနေ့က ဦးညီလက်ထပ်လိုက်တယ်ဆို"

မမကြီး၏သမီးငွေတာရီလေး၏အမေးကြောင့် ညီစေမင်း အလိမ်ပေါ်ကာ မျက်စိမျက်နှာပျက်သွားသည်။

"ဟာ မဟုတ်တာ ဘယ်သူပြောလဲ"

"မီးမီးသူငယ်ချင်း ပြောတာ"

"ဟမ် ဘယ်လို မီးမီးရဲ့သူငယ်ချင်း ဟုတ်လား"

"အင်း ဟုတ်တယ်"

လက်ထပ်တာကို ဘယ်သူက သိသွားပြီး အာချောင်ကာ လျှောက်ပြောနေလဲမသိ။ ကလေးတွေပုံစံက နောက်နေသည့်ပုံစံမပေါ် တကယ်အတည်ပေါက်ပြောနေသည့်ပုံစံမျိုး။

"မ မဟုတ်ပါဘူး လူမှားတာနေမှာပါ"





"ဟာ လူမမှားဘူး၊ ငွေတာရီ ဖုန်းထဲမှာ သေသေချာချာကို တွေ့တာ၊ ဦးညီမှာ ဦးညီပဲ ဦးညီလက်ထပ်လိုက်တဲ့ မမချက်ချက်ချာရဲ့ ညီမ မသက်လျှာက ငွေတာရီ့သူငယ်ချင်းအဒေါ်နဲ့ သူငယ်ချင်းလေ၊ သူက ဖုန်းနဲ့ရိုက်ထားတဲ့ ဓာတ်ပုံတွေကို သမီးသူငယ်ချင်းရဲ့အဒေါ်ကို ပြတော့ တွေ့တာ"

သေချာပြီ။ ဒါဆို ဘယ်လိုမှ ငြောင်လိမ်လို့မရတော့။

"ဟုတ်တယ် မဟုတ်လား ဦးညီ"

ဖွတ်အတင်းမေးနေသော ငွေတာရီ့အမေးကို မညိတ်ချင်ညိတ်ချင်နှင့် ညိတ်ပြလိုက်ပြီး

"ဟုတ်တယ် ငွေတာရီ ဦးညီ မနေ့ကပဲ ရုံးမှာလက်မှတ်ထိုးလိုက်ရတယ်၊ ဦးညီမှ အဲလိုမလုပ်ရင် သူ့ကိုယောက်ျားပေးစားကြတော့မှာလေ"

"ဟင်း အဲဒါ အလကား ညာပြောတာ"

"ဘာ ဘာညာပြောတာလဲ"

ထူးဆန်းသောစကားမို့ ညီစေမင်း မျက်ခုံးနှစ်ဖက် စုကျုံ့သွားသည်။

"မသက်လျှာ ပြောတာပဲလေ၊ သူ့အစ်မရဲ့ချစ်သူက ဘောစိတဲ့၊ ဒါကြောင့် သူ့အစ်မက အမွေတွေရတော့မယ့်သူ့ချစ်သူကို မြန်မြန်လက်ထပ်ရအောင် လုပ်ဇာတ်ဆင်လိုက်တာတဲ့လေ၊ သူ့ကိုဘယ်သူမှ ယောက်ျားမပေးစားဘူးတဲ့၊ အဲဒီသူဌေးကို မြန်မြန်လက်ထပ်မှ သူတို့



www.burmeseclassic.com

www.burmeseclassic.com



ဖွင့်ချင်တဲ့အလှပြင်ဆိုင်အကြီးကြီးကို မြန်မြန်ဖွင့်ခွင့်ရမှာတဲ့''

''ဟာကွာ တောက်''

စိတ်ထဲမှာ ထောင်းခနဲ ဒေါသဖြစ်ကာ တက်တစ်ချက် ခပ်ပြင်းပြင်းခေါက်လိုက်သည်။

ဒါကြောင့် လက်ထပ်ဖို့ကို ဖွတ်အတင်းစီစဉ်နိုင်းပြီး နေ့တောင်မကူးသေးဘဲနှင့် သိန်းပေါင်းမြောက်များစွာရင်းနှီးရမည့်အလှပြင်လုပ်ငန်းကြီးကိုဖွင့်ဖို့ ညီအစ်မနှစ်ယောက် ဝိုင်းပြောကြတာကိုး။

''ဟုတ်တယ် မဟုတ်လား ဦးညီ''

ဘယ်လိုမှ ငြင်းမရတော့မည့်အဆုံး ဝန်ခံလိုက်ရတော့သည်။

''ဟုတ်တယ်''

''ဒါဆို ဘာလို့ မေမေတို့ဒေါ်လေးတို့ကို အသိမပေးတာလဲ''

ဒီကလေး မေးတတ်လွန်းသည်ဟု စိတ်ထဲမှ အပြစ်တင်ချင်သလို ဖြစ်သွားပြီး

''မပြောဘူးဆိုတာ သမီးတို့ဘိုးဘိုး သိသွားမှာစိုးလို့ပေါ့၊ ဘိုးဘိုးက ဦးညီ လက်ထပ်သွားရင် သူတစ်ယောက်ထဲအထီးကျန်ခဲ့မှာကို သိပ်ကြောက်တာလေ''

''ဟာ ဦးညီကလည်း ဘိုးဘိုးက ဦးညီကို မခွဲနိုင်လို့ပြောတာပဲ၊ နောက်ပြီး မေမေတို့ကရော ဘာပြောမှာမို့လဲ''

''မပြောပေမယ့် ဘိုးဘိုးအသည်းအသန်ဖြစ်နေချိန်မှာ ဦးညီ ဒီလိုမလုပ်သင့်ဘူးလေ၊ အားလုံးက အပြစ်ခဲပြောမှာမဟုတ်ပေမယ့် ဦးညီ





လုပ်ရပ်က မှားနေတယ်ဆိုတာ ဦးညီသိတယ်''

''ဒါဆို ဘာလို့ လက်ထပ်သေးလဲ''

''စောစောက ပြောခဲ့သလိုပေါ့၊ သူ့ကိုတခြားတစ်ယောက်နဲ့ လက်ထပ်ပေးမယ်ပြောလို့ မြန်းစားကြီး လက်ထပ်လိုက်ရတာပါဆို''

''ဟွန်း အဲဒါလိမ်တာပါဆို သူတို့က ဘိုးဘိုးကိုလည်းပြောသေးတယ်၊ အဲဒီအဘိုးကြီးက နေ့လားညလားပဲတဲ့၊ မြန်မြန်ကိုး မြန်မြန် သူ့အစ်မ အမွေတွေရမှာတဲ့''

''တော်ပါတော့ ငွေတာရီလေးရယ် ဦးညီနောင်တရရုံကလွဲပြီး နောက်ပြန်ဆုတ်လို့ မရတော့ဘူး၊ ဒီတော့ ဦးညီကိစ္စကို ဘယ်သူ့ကိုမှ မပြောပါနဲ့ဦး၊ အချိန်တန်တော့ ဦးညီဖာသာ ပြောမယ်လေ''

''ဟုတ်''

ကလေးကိုနှုတ်ပိတ်လိုက်ရပေမယ့် ညီစေ့ရင်ထဲမှာ မရှင်းမလင်းဘာကိုလိပ်ခဲမကြေဖြစ်နေမှန်းမသိ။

သက်လျာကိုလား ချက်ချက်ချာကိုလား။

ညီစေ့အပေါ်မှာ မရိုးသားတာတော့ သေချာသည်။

ကိုယ့်ဘက်က ရိုးသားစွာချစ်ခဲ့သလောက် ချက်ချက်ချာဘက်က ကိုယ့်အပေါ် ဘာကြောင့် ရိုးသားစွာမချစ်ခဲ့ရတာလဲ။ ခုချိန်မှာ ထိုအကြောင်းအရာကို ဖွင့်ထုတ်ပြီး ဖြေရှင်းနေလည်း မိန်းမတွေ၏လှည့်ဖြားမှုတွေအောက်မှာသာ ကိုယ့်ရိုးသားမှုတွေ ပြားပြားဝပ်သွားရုံပဲ ရှိသည်။ ဒီတော့ ညီစေ့ဘက်ကလည်း ငွေမက်သော ချက်ချက်ချာကို ပြန်၍လှည့်

www.burmeseclassic.com



စားလိုက်ရုံပင်။

သူ့ရင်ထဲမှာ အချစ်တွေရှိသေးရဲ့လား။ ငွေကြောင့် သူ့ကိုချစ်ခဲ့တာလားဟု သံသယအတွေးတွေ ဝင်လာကာ ရင်ထဲမှာ နာကျင်ရ၏။

■ ■ ■



## အခန်း (၁၃)

"ကို ဒီနေ့ မျက်နှာမကောင်းဘူး။ ဟို မဟုတ်မှလွဲရော ကို့အဖေ အခြေအနေ"

အိမ်ထဲဝင်ဝင်ချင်း အလောတကြီး မေးလိုက်သော ချက်ချက်ချာအမေးကြောင့် ညီစေ့ စိတ်ထဲတင်းခနဲ ဖြစ်သွားသည်။

"ကိုယ့်အဖေက ဘာဖြစ်ရမှာလဲ ချက်ချာ"

"ဩော် ကိုယ့်မျက်နှာက ညှိုးနေတော့ ဆုံး ဆုံးများသွားပြီလား လို့ စိတ်ပူပြီးမေးမိတာပါ ကိုရယ်"

လေပြည်လေးနှင့်ပြန်ချော့သော စကားကြောင့် စိတ်ဆိုးချင်ပေမယ့် တမင်ပင် ဘာမှမဖြစ်သလို ဟန်ဆောင်နေလိုက်ဖို့ ကိုယ့်စိတ်ကို ကိုယ်ပြန်သတိပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒယ်ဒီ ဘာမှမဖြစ်ပါဘူး၊ အခြေအနေက ခါတိုင်းထက်ပိုပြီး တိုးတက်မှု ရှိလာပါပြီ"

ဝမ်းသာရိပ်မပြသော မျက်နှာဖြင့် အသက်မပါစွာ ပြုံးလိုက်ပြီး ညီစေ့လက်မောင်းကို ခိုတွယ်လိုက်သည်။

"ဝမ်းသာပါတယ် ကိုရယ်၊ ဪ ဒါနဲ့ ဒီနေ့ ကိုယ်ထမင်းစားပြီးမှပြန်ရမယ်နော်၊ ကိုယ်ကြိုက်တဲ့သီးစုံပဲကုလားဟင်းနဲ့ ဘာလချောင်ကြော်လေး ကြော်ထားတယ်၊ ငါးရှူဆီပြန်ဟင်းလေးလည်း ချက်ထားတယ်"

"ကိုယ် ဗိုက်သိပ်မဆာပါဘူးကွာ၊ ဒီနေ့တော့ အိမ်ကိုစောစောပြန်ရမယ်ထင်တယ်"

"ဟွန်း ကိုကလည်း ထိုင်တောင်မထိုင်ရသေးဘူး ပြန်မယ်ဆိုတာချည်းပဲကွာ၊ ကိုယ့်မိန်းမအိမ်လာတာ အငယ်အနှောင်းအိမ်လာတာကျနေတာပဲ"

မကျေမနပ်ပြောလိုက်သော ချက်ချက်ချာကို ဘာစောဒကမှ တက်မနေတော့။

"ဒီည သက်လျှာမရှိဘူး ကိုရဲ၊ အိမ်မှာပြန်အိပ်မယ်တဲ့ ချက်ချာနဲ့အဖော်လာလုပ်ပေးနေရတာ ပျင်းလို့နေမှာပေါ့"

"ဒါဆို ဒီနေ့ည ချက်ချာတစ်ယောက်ထဲ အိပ်ရမှာပေါ့"

"အင်းပေါ့ ကိုရဲ့ ဒါကြောင့် ကို ဒီည ဒီမှာအိပ်ပါလားဟင်၊ လက်ထပ်ပြီးကတည်းက ကိုယ့်ရင်ခွင်မှာခေါင်းတိုးပြီး အိပ်ချင်ခဲ့တာ"





လက်ချောင်းသွယ်သွယ်တွေက ညီစေ့ရင်ဘတ်ကျယ်ကို မထိတထိ ပွတ်သပ်ကာ ရင်ထဲကဆန္ဒအချို့ကို ဖွင့်ဟဝန်ခံနေခဲ့သည်။

အပြစ်ယူချင်ပေမယ့် အပြစ်မယူရက်သော ချက်ချက်ချာကို ကြည့်ပြီး ခေါင်းညိတ်လိုက်သည်။

"အင်းပါ ကိုယ် ဒီည ချက်ချာနဲ့နေပေးပါ့မယ်၊ ဒယ်ဒီ့ကိုစောင့်ဖို့ နာ့စ်ကို ကို ဖုန်းဆက်လိုက်မယ်"

"တကယ်နော် ကို၊ ပျော်လိုက်တာ ဒီတစ်ညကို ကိုနဲ့အတူကုန်ဆုံးရတော့မယ်"

ညီစေ့ပါးကို ရွှတ်ခနဲ နမ်းကာ ပျော်ရွှင်နေသော ချက်ချာကို ကြည့်ပြီး သက်မမောကို မသိမသာချလိုက်သည်။

ရင်နာနာနှင့်ပဲ ဒီတစ်ညကို ရင်ခုန်စွာ ဖြတ်ကျော်ရဦးမှာပေါ့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

မျက်လုံးတို့ ဖျတ်ခနဲ ပွင့်လာပြီး ရင်ဘတ်ပေါ်မှလေးလံသော အထိအတွေ့ကြောင့် ပက်လက်အိပ်နေရာမှ ခေါင်းမတ်ပြီး ကြည့်လိုက်သည်။

ရင်ဘတ်ပေါ်မျက်နှာအပ်ကာ အိပ်မောကျနေသော ချက်ချက်ချာကိုတွေ့တော့ ရင်ထဲမှာနွေး၍သွားသည်။ ညက ဒီမှာအိပ်ခဲ့တာပဲ။

ထိုစဉ် ဖုန်းမြည်လာသည်။ မှန်တင်ခုံပေါ်တင်ထားသော ဖုန်းကို ခုတင်ထက်မှလှမ်းယူလိုက်သည်။

"ဟဲလို ပြော အောင်ကိုလတ် ဒယ်ဒီ့အခြေအနေ ဘာထူးလဲ"

ညီစေ့ဖုန်းပြောသံကြောင့် ချက်ချက်ချာ မျက်လုံးပွင့်လာပြီး ဖုန်းပြောနေသော ညီစေ့ကိုမော့ကြည့်သည်။

"ဩော် အေးပါ ငါ ခုပဲ ပြန်လာခဲ့မယ်လေ၊ ဒယ်ဒီ့ကိုတော့





ပြန်လာနေပြီလို့ ပြောထားလိုက်နော် ဟုတ်ပြီလား၊ မမကြီးတို့ ဖုန်းဆက်လာရင်လည်း ငါညက အိမ်ပြန်မအိပ်တာကို ပြောမနေနဲ့ ငါခုပဲ ပြန်လာမယ်"

မှာစရာရှိတာ မှာပြီး ဖုန်းကိုမှန်တင်ခုံပေါ်ပြန်တင်ကာ ခုတင်ထက်မှထရန် ချက်ချာ၏ကိုယ်လေးကို ညင်သာစွာတွန်းဖယ်လိုက်သည်။

"ဟာ ဟင့်အင်းကွာ ခုလိုလေး ငါးမိနစ်လောက် နေချင်သေးတယ်"

"ကိုယ်ပြန်မှဖြစ်မယ် ချက်ချာ၊ ဒယ်ဒီ ကိုယ့်ကိုမေးနေပြီတဲ့"

"ကျွတ် သိပ်စိတ်ပျက်တာပဲ၊ ကိုယ့်ယောကျ်ားနဲ့တောင် လွတ်လွတ်လပ်လပ် မနေရဘူးကွာ"

မကျေမနပ်ပြောကာ ညီစေ့ရင်ခွင်ထဲမှ ခပ်ဆောင့်ဆောင့် ထလိုက်သည်။

"ချက်ချာရယ် ကိုယ့်ဒယ်ဒီကို နားလည်ပေးပါကွာ"

"နားလည်ပါတယ် ချက်ချာ နားလည်ပေးပါတယ် ကိုရယ်၊ နားလည်လို့လည်း အပျိုတစ်ယောက်တန်မဲ့ ကိုနဲ့တိတ်တိတ်ပုန်းလက်ထပ်ရမယ့်အခြေအနေကို ဖွတ်လက်ခံခဲ့မိတာပေါ့လို့"

ချက်ချာဟန်မှာ မကျေနပ်ခြင်းတွေဖြင့် မသိမသာ တင်းမာနေသည်။ ညီစေ ချက်ချာနှင့်ရန်မဖြစ်ချင်ပါ။ ထို့ကြောင့် ချက်ချာ၏ မကျေနပ်မှုတွေကို တမင်ပင် မသိကျိုးကျွံပြုပြီး အဝတ်စင်ပေါ်မှာတင်ထားသော အကျီနှင့်ဘောင်းဘီကို ထယူကာ ကပျာကယာ ဝတ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ချက်ချာ ဒီလိုပုံစံနဲ့ ဘယ်အချိန် ဘယ်ကာလအထိ နေရဦးမှာလဲ ကို"

"ကိုယ့်ကို ခဏတော့ သည်းခံပေးပါ၊ ချက်ချာရယ် နော် ကိုယ် ဒီနေ့မလာတော့ဘူးနော်၊ မနက်ဖြန်မှ လာခဲ့မယ်"

"ရတယ် မလာလည်းရတယ် ကို"

ချက်ချာအသံက ငိုသံဖြင့်အက်ကွဲလာသည်။ ညီစေ ချက်ချာကို တစ်ချက်လှည့်ကြည့်ပြီး ကားသော့နှင့်ဖုန်းကို ကောက်ယူပြီး အိတ်ထဲထည့်ကာ လယ်သာပိုက်ဆံအိတ်ကို လှမ်းယူပြီး ချက်ချာရှေ့မှ ခပ်သွက်သွက် ထွက်လာလိုက်သည်။

နောက်ကျောဆီမှ ရှိုက်သံသဲ့သဲ့က ညီစေ့ခြေလှမ်းတွေနောက် ကပ်ပါလာသည်။

မင်းက ငါ့ထက်ငွေကိုမက်ခဲ့တာပဲ။ မင်းဘက်က ဒီလောက်တော့ ပေးဆပ်ရမှာပဲ ချက်ချာ။ စိတ်ချ မင်းဘဝထဲမှာ ငါအမြဲနေပေးမယ်။ ဒါပေမဲ့ မင်းလိုချင်သမျှကိုတော့ ငါအကုန်မပေးနိုင်ဘူး ချက်ချာ။

ငါက မင်းထင်သလို ခပ်တုံးတုံးယောကျ်ားတစ်ယောက်မဟုတ်ဘူး။ လက်မထပ်ခင်တုန်းကသာ မင်းရဲ့စိတ်ရင်းအမှန်ကို ကွက်ကွက်ကွင်းကွင်း သိခဲ့ရင် ငါ မင်းကိုလက်ထပ်ဖြစ်မှာမဟုတ်ဘူး။

လောကမှာ ငါအမုန်းဆုံးက ငွေမက်တဲ့မိန်းမတွေကိုပဲကွ။

■ ■ ■



## အခန်း (၁၅)

"ဘယ်လိုလဲ မမ မမလူက ကံချွန်တို့တိုက်ကို ဝယ်ပေးမှာလား မဝယ်ပေးဘူးလား"

သက်လျှာ စောင့်ရတာ သိပ်စိတ်မရှည်ချင်တော့။ ကံချွန်က သူများကိုရောင်းလိုက်လျှင် ကိုယ်ရမည့်အခွင့်အရေးတွေ လက်လွှတ်ဆုံးရှုံးရမည်။

"သူကတော့ ဝယ်ပေးမယ်လို့ ပြောပါတယ်ဟယ်"

"ဒါဆိုရင် မြန်မြန်ဝယ်ခိုင်းတော့လေကွာ၊ ဘာကို အီးလေးဆွဲနေတာလဲ၊ မမတို့က တအားကိုသွေးအေးတာပဲ ရစရာရှိတာကို ကိုယ့်လက်ထဲပါလာအောင် ခပ်သွက်သွက်လှမ်းထားမှပေါ့"

"ဩော် နင်ကလည်းဟယ် ငါကနင့်ထက်တောင် ပိုပြီးလိုချင်သေးတာ၊ ခက်တာက သူ့အဘိုးကြီးက ခုထိမသေနိုင်သေးဘူးဟ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



အဘိုးကြီးသေမှ အဲဒီအမွေတွေရမှာ''

''ဟွန်း အဲဒီအဘိုးကြီးကလည်း ခုထိကို မသွားသေးဘူး တော်တော်အသက်ပြင်းတဲ့အဘိုးကြီးပဲ၊ အမွေစောင့်နေတဲ့ ချွေးမလက် သစ်က ရမယ့်အမွေကို ဆင့်အင့ာချွေးမျှော်သလို ဆန့်တင့်ငံ့နေ့''

''ဟဲ့ သက်လျာရယ် နင်ပြောပုံကြီးက ငါက ချွေးဖြစ်နေပြီဟဲ့''

''သဘောကိုပြောတာပါ မမလှကြီးကလည်း မဗိုက်တူ။ မိန်း ထက် သူ့အဖေကိုပိုပြီးဂရုစိုက်တယ်၊ မမနေရာမှာ ညီမလေးသာဆိုရင် ဒီလိုနေရာမျိုးမှာ ညီစေမင်း မိန်းမအဖြစ် ခပ်ကုတ်ကုတ်မနေနေဘူး အဲဒီကိုလိုက်သွားပြီး သူတို့ကိုယ့်ကို အသိအမှတ်ပြုအောင်လုပ်မှာ''

သက်လျာစကားက ချက်ချာ၏မာနနှင့်မခံချင်စိတ်ကို အုံကြွ လာအောင် နှိုးဆွပေးနေ၏။

''ငါက မလိုက်ချင်တာဟဲ့''

''မမရယ် ညီအစ်မအချင်းချင်းပဲ လျှိုမနေစမ်းပါနဲ့၊ ဟိုက သေတော့မယ့်လူမမာအဘိုးကြီးလေ၊ သူ့သားမိန်းမယူရင် သူတစ်ယောက် ထဲအထီးကျန်မှာစိုးလို့ မိန်းမမယူခိုင်းတာ၊ အရမ်းအတ္တကြီးတဲ့အဘိုးကြီး အခု သူ့ကြောင့်ပဲ ကိုညီစေမင်းက သူ့အသိုင်းအဝိုင်းမသိအောင် မမကို တိတ်တိတ်ပုန်းလက်ထပ်ထားတာမဟုတ်လား''

''ဟင် နင် ဘယ်လိုလုပ်သိလဲ''

''မမရယ် သက်လျာလေ အရိပ်ပြရင် အကောင်မြင်ပြီးသား လက်ထပ်ထားပြီး ညတိုင်းအဖော်မဲ့တစ်ယောက်ထဲ ဖြတ်သန်းနေရတဲ့





မမမျက်နှာပေါ်က သောကအရိပ်တွေက ညီမလေးကို ပြောပြနေတာလေ သိတာပေါ့''

''ငါက ကိုကိုချစ်မိနေမှတော့ ငါ့မှာတင်းမာလို့မှ မရတော့တာ သက်လျာရယ်''

ဒီတစ်ခါတော့ ချက်ချာ မငြင်းတော့။ သူ့အဖြစ်ကိုအမှန်အတိုင်း ဝန်ခံဖွင့်ဟတော့သည်။

''အဲဒါ မမညံ့လို့ ခံရတာ''

''ငါကလည်း ကိုယ့်လောဘနဲ့ကိုယ်လေ အမှန်ဆို ကိုက သူ့အဖေကြောင့် လက်ထပ်ဖို့ကို အလျင်မလိုချင်သေးဘူး၊ ငါကသာ အမွေခွဲတဲ့အချိန်မှာကိုရဲ့ တရားဝင်မယားအဖြစ် ရှိနေချင်တာနဲ့ ဖွတ် အတင်း လက်ထပ်ဖို့ကိုပြောလိုက်တာ''

''ခြေလှမ်းက ရှေ့တိုးပြီးမှတော့ နောက်ပြန်လှည့်လို့မှ မရ တော့တာပဲ မချက်ရယ် ဒီတော့ တုံးတိုက်တိုက် ကျားတိုက်တိုက် ရှေ့ ဆက်တိုးဖို့ပဲ ရှိတော့တာပေါ့''

''ဒါဆို ငါ ဘာလုပ်ရမလဲ''

''မမယောက်ျားကြီးရဲ့အိမ်ကို လိုက်သွား''

''ဟာ အဲလို ဖွတ်လုပ်လို့ မကောင်းဘူးလေ၊ ငါ့ဘက်က အရမ်း ရှုံ့ထသလို ဖြစ်နေမှာပေါ့၊ ငါလောဘကြောင့် ဂွင်ဆင်ပြီး လက်ထပ်ဖို့ ကိစ္စဖြစ်လာအောင် လုပ်ခဲ့တယ်ဆိုတာ ကိုက နည်းနည်းလေးတောင် ရိပ်မိခဲ့တာ မဟုတ်ဘူး''



www.burmeseclassic.com

www.burmeseclassic.com



"မမကလည်း မိန်းကလေးဖြစ်ပြီး ဉာဏ်နီဉာဏ်နက်သုံးပေါ့။ မိန်းမတွေပြောရင် ယောကျ်ားတွေတစ်ညမကြာဘူး"

"ငါက ဘာပြောရမှာလဲ"

"ဟာ သူ့အဖေနဲ့လိုက်တွေ့ဖို့ပေါ့၊ ဝေးပါ့ ဒါမှ သူ့အဖေရဲ့ ရောဂါအခြေအနေကို သိထားပြီး ရှေ့ဘာဆက်လုပ်သင့်သလဲဆိုတာ စဉ်းစားရမှာပေါ့ မမရာ"

ဆရာကြီးဟန်ဖြင့် အကြံတွေပေးနေသော သက်လျာ၏အကြံကို ချက်ချာ လက်ခံသည့်အနေဖြင့် တွေဝေစွာစဉ်းစားလိုက်သည်။ သို့သော် ညီစေ သူ့ကိုတစ်မျိုးထင်မှာကိုလည်းစိုး၏။

"လူမမာ အဘိုးကြီးဘေးသွားပြီး ငါက ဘာလုပ်ရမှာလဲ"

"ဩော် မမရယ် သက်လျာက အကြောင်းရှိလို့ ဒီလိုအကြံဉာဏ်ကိုပေးတာပေါ့"

"ဘယ်လို အကြောင်းရှိလို့ ဟုတ်လား"

"အင်း ဟုတ်တယ် အဘိုးကြီးက ဆေးသက်ပဲရှိတော့တာတဲ့ နောက်ပြီး သူ့နားမှာ လူတစ်ယောက်ကအမြဲရှိနေပြီး သူ့အသားနဲ့ထိ ပေးထားရတာလို့ ကြားတယ်"

"နင်က ဘယ်ကနေကြားလာတာလဲ သက်လျာရယ် မဟုတ်က ဟုတ်ကနဲ့"

"ဩော် ကိုညီတူမသူငယ်ချင်းနဲ့ သက်လျာသူငယ်ချင်းရဲ့တူမ က ကျောင်းအတူတူတက်ကြတာလေ"





"အဲဒီတော့"

"သူ့ဆီကကြားတာပေါ့၊ သီရိကတောင် ပြောသေးတယ်၊ သေခါနီးလူမမာက လူကောင်းတွေရဲ့အသားနဲ့ အမြဲထိထားတာ သွေးရိုးသားရိုးမဟုတ်ဘူးတဲ့ အဲဒါ ဖုတ်ဝင်နေတာတဲ့"

"အမလေး ကြောက်စရာကြီး"

ချက်ချာကိုယ်လေး ဆတ်ခနဲ တုန်တက်သွားသည်။

ဒီလိုအတွေ့အကြုံမျိုး မကြုံဖူးတော့ ချက်ချာကြားရုံနှင့်ပင် ကြက်သီးထမိသည်။

"ဟုတ်တယ် အဲဒီဖုတ်က အဲဒီ လူမမာမှာ ကပ်နေသရွေ့ အဲဒီလူမမာ အသက်မထွက်ဘူးတဲ့"

"ဟင် တကယ်"

"အင်း သက်လျာလည်း ကြားဖူးတာကိုပြောတာပါ၊ မမ ယောက္ခထီးကြီးလည်း သီရိတို့ပြောပုံအရဆိုရင်လေ ဖုတ်ဝင်နေတာပဲ ဖြစ်ရမယ်၊ အဲဒီဖုတ်မထွက်မချင်း မမ ယောက္ခထီးကြီး သေမှာမဟုတ်သေးဘူး။ သူ မသေသေးသ၍ အမွေတွေလည်း ရမှာမဟုတ်သေးဘူး"

"ဟယ် ဖြစ်နိုင်ပါ့မလားဟယ်"

"ဩော် မမချက်ကလည်း သီရိက မဟုတ်တာနဲ့ပြောမလား၊ ဒါကြောင့် သက်လျာက မချက်ကို ယောက္ခထီးကြီးနဲ့သွားတွေ့ပြီး ဝင်နေတဲ့ ဖုတ်ကို ထွက်အောင်လုပ်ခိုင်းမလို့"

"ဘာ ဘယ်လို ဘယ်လို အဲဒီဝင်နေတဲ့ဖုတ်ကို ထွက်အောင်



www.burmeseclassic.com

www.burmeseclassic.com



လုပ်နိုင်းမလို့ ငါ ငါက လုပ်ရမှာဟုတ်လား''

''အင်း ဟုတ်တယ်''

''ငါ့ကို ပေါက်ကရတွေလာမပြောစမ်းနဲ့ သက်လျာ၊ အဲဒီ လူမမာမှာ နင်ပြောသလို တကယ်ဖုတ်ဝင်နေရင်တောင် ငါက ဘာလို့ထုတ်ရမှာလဲ၊ ငါ့ကိုအောက်လမ်းဆရာလုပ်နိုင်းနေရအောင် ငါက အောက်လမ်းဆရာမဟုတ်ဘူး''

အမေ့တွေလိုချင်ပေမယ့် ချက်ချက်ချာ အဲလောက်ထိ မစွန့်စားရဲ။

''ဟာ မချက်ကလည်း ဟိုးအဝေးကြီးကို တွေးပစ်လိုက်တော့တာပဲ၊ သက်လျာပြောတာ အဲလိုမဟုတ်ဘူး။ မချက် ယောက်ျားနဲ့လိုက်ပြီး ယောက္ခထီးကြီးကို သွားလိုက်တွေ့ရင် ဩဇာရှက်ဆောင်သွားလိုက်''

''ဘာလုပ်ရမှာလဲ ဩဇာရှက်''

''အဲဒီအဘိုးကြီး အိပ်တဲ့မွေ့ယာအောက်ထဲ ထည့်လိုက်ပေါ့၊ အဲဒီဩဇာရှက်ကြောင့် ဝင်နေတဲ့ဖုတ် တစ်စက္ကန့်တောင်မနေနိုင်ဘူး တစ်ခါတည်းကို ထွက်သွားမှာ၊ အဲဒီဖုတ်ထွက်သွားပြီဆိုတာနဲ့ မချက်ရဲ့ ချစ်လှစွာသော ယောက္ခထီးကြီးလည်း သူသွားလိုရာကို ငြိမ်ငြိမ်းချမ်းချမ်းနဲ့ သွားလို့ရပြီ''

သက်လျာပြောတော့လည်း ဖုတ်ထုတ်နည်းက လွယ်လွယ်လေးမို့ ချက်ချက်ချာ စိတ်ဝင်စားသွားသည်။ သက်လျာပြောသလို ထိုအဘိုးကြီးသာ တကယ်ဖုတ်ဝင်နေသည်ဆိုလျှင် ထိုနည်းဖြင့် စမ်းသပ်ကြည့်





ချင်သည်။

ဒါမှ ကိုကို ချက်ချာအနားမှာ ခေါ်ထားလို့ရတော့မှာ ဖြစ်သည်။

''အေးဟာ ငါ ကြိုးစားကြည့်လိုက်မယ်လေ၊ ဒီအဘိုးကြီး မြန်မြန်သေမှ ငါ့ရဲ့အိပ်မက်တွေအားလုံး ပြည့်စုံသွားမှာ''

''ဒါဆိုလည်း အချိန်မဆွဲနဲ့တော့ မချက်ရာ မြန်မြန်လုပ်၊ ကံချွန်တို့က သူတို့အိမ်ကိုရောင်းဖို့ တတွတ်တွတ် နားပူနားဆာလုပ်နေတယ်၊ ဝယ်မယ်လို့ပြောထားပြီး မဝယ်နိုင်ရင် လေဖြစ်သွားမယ်၊ သူတို့က မချက်ဆာစိန့်ညားနေတာကို သိတယ်''

''အေးပါဟယ် ငါ့အဖြစ်က ပင်လယ်ထဲမှာ ရေငတ်နေရတဲ့ အဖြစ် ဆိုက်နေတာကိုတော့ သူတို့မှမသိတာ၊ ဒီနေ့ကိုလာရင် သူ့အဖေကို သတင်းလိုက်မေးပါရစေဆိုပြီး နားပူနားဆာလုပ်ကြည့်ဦးမယ် ရလိုရငြားပေါ့''

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

အိမ်တံခါးတွန်းဖွင့်ပြီး ဝင်မယ်လုပ်တုန်း အိမ်ထဲမှချက်ချာနှင့် သက်လျာတို့ပြောနေသော စကားတွေကြောင့် ညီစေ အံ့ညြတုန့်လှုပ်စွာဖြင့် တံခါးဝမှာကြောင်ပြီးရပ်နေမိသည်။

ညီစေ ရောက်နေသည်ဆိုတာကို ညီအစ်မနှစ်ယောက်စလုံး မသိကြ၍ စကားကိုလက်လွှတ်စပယ်ပြောနေကြခြင်းဖြစ်သည်။

ဝေဒနာခံစားနေရသော ဒယ်ဒီ့အပေါ် အကြဲတွေကြီးနေကြပါလား။ သူတို့လောဘကြောင့် ဒယ်ဒီက ဖုတ်ဝင်နေတယ်ပဲရှိရသေး။

ရင်ထဲမှာတနှံ့နှံ့ ခံပြင်းလာသည်။ ထိပ်တိုက်ရင်ဆိုင်ပြောဆိုပစ်လိုက်ချင်ပေမယ့် ထိုနည်းလမ်းသည် ပြဿနာကို အကောင်းဆုံးဖြေရှင်းနိုင်သည့်နည်းလမ်းမဟုတ်။





ကိုယ့်ဘက်က ပညာသားပါပါနှင့်ပြန်၍တုန့်ပြန်ရမည်။ ရပ်နေတာလည်း ကြာပြီမို့ သူတို့စကားဝိုင်းရပ်သွားစေရန် လူခေါ်ဘဲလ်ကို နှိပ်လိုက်သည်။

သိပ်မကြာလိုက် အိမ်တံခါးပွင့်လာသည်။

“ဟယ် ကို ဒီနေ့အစောကြီးပဲ ရောက်လာတာပါလား။ ချက်ချာကလေ ကို စားချင်တာတွေကို ချက်ထားမယ်ဆိုပြီး ဈေးသွားဝယ်ဖို့ စဉ်းစားနေတာ”

“ချက်ချာ ပင်ပန်းပါတယ်၊ ဘာမှချက်မနေပါနဲ့”

မည်သို့သော လောဘရမ္မက်မျိုးမှ မရှိသောဟန်ဖြင့် ချက်ချာ ပုံစံလေးက မြူးကြွသွက်လက်နေသည်။

“ဒါဆို ညီမလေးလည်း ရောက်နေတာနဲ့အတော်ပဲ၊ ချက်ချာတို့ အပြင်မှာသွားစားကြမယ်လေ”

“ကိုယ် စားခဲ့ပြီးပြီ ချက်ချာ”

စားခဲ့ပြီးပြီဆို၍ ချက်ချာနှုတ်ခမ်းစူသွားသည်။

“ကြည့် ကိုကလေ ကိုယ့်မိန်းမဆီလာမယ့်ဟာကို စားလာခဲ့ရောလား ပြော အပြင်မှာ ဘယ်သူနဲ့စားလာလဲ”

“အပြင်မှာ စားလာတာ မဟုတ်ပါဘူး၊ မမလတ်အိမ်မှာ စားလာတာပါ”

“အို ဘယ်မှာပဲစားလာလာပါ ချက်ချာ မကြိုက်ဘူး သိလား”

“ကဲပါ မမရယ် ကိုညီစေ့မှာ သူ့အပူသောကနဲ့သူ မမက



www.burmeseclassic.com

www.burmeseclassic.com



ပြဿနာမဟုတ်တာကို ပြဿနာလုပ်နေတော့ ပိုပြီးစိတ်ဆင်းရဲရတာပေါ့ တကယ်ပဲ အလိုက်လည်းမသိဘူး”

သက်လျှာ ကြားထဲမှ လူကြီးစကားဝင်ပြောကာ အစ်မဖြစ်သူကို အပြစ်တင်စကားဆို၏။

“ဪ ဒါနဲ့ ကိုညီအဖေ ဘယ်လိုအခြေအနေရှိလဲဟင် ဖြစ်နိုင်ရင် သက်လျှာတို့သတင်းလိုက်မေးချင်တယ်၊ မမကိုလည်း ခုပဲပြောနေတာ ကိုယ့်ယောက္ခထီး နေမကောင်းဖြစ်နေတာ သတင်းလေးတော့ သွားမေးသင့်တယ်လို့”

သက်လျှာ စကားကို ပင့်ပေးသည့်အနေဖြင့် ချက်ချာ ငွင်ကြူကာ ပြော၏။

“ဟုတ်တယ် ကို ချက်ချာလေ ကိုယ့်ယောက္ခထီးအသည်းအသန်ဖြစ်နေတာ သိသိကြီးနဲ့ သတင်းလိုက်မမေးတာတော့ လုံးဝမကောင်းဘူးနော် ဟိုလေ ဖြစ်နိုင်ရင် ချက်ချာလိုက်ချင်တယ်”

“ဘယ်ကိုလဲ”

“ကို့အိမ်ကိုလေ”

“ချက်ချာရယ် အိမ်ကအခြေအနေတွေကြောင့် ကိုယ်ချက်ချာကို အိမ်မခေါ်တာပါ၊ ဒါပေမဲ့ ချက်ချာဘက်က ဒယ်ဒီ့ကိုတွေ့ချင်တဲ့ဆန္ဒရှိနေပြီဆိုတော့ ကိုယ် အိမ်ကိုဖွင့်ပြောပြီး ကိုယ့်ရဲ့တရားဝင်ဇနီးတစ်ယောက်အနေနဲ့ ခေါ်သွားပါ့မယ်”

ညီစေ စိတ်ကူးတွေ ပြောင်းလဲသွားသည်။ သူတို့ညီအစ်မ





ဘာ လုပ်မလဲဆိုတာကို စောင့်ကြည့်ချင်သည်။

“ဟယ် တကယ်”

ယောက္ခမအိမ် တရားဝင်လိုက်ခွင့်ရတော့မည်ဆို၍ ချက်ချက်ချာ ဆွေ့ဆွေ့ခုန်မတတ် ဝမ်းသာသွားသည်။

“တကယ်ပေါ့”

“ဒီနေ့လား ဒီနေ့လိုက်ရမှာလား”

“အင်း အဲ နေဦး မနက်ဖြန်မှလိုက်လေ၊ ကိုယ့်အိမ်ကို ဘာမှ မပြောရသေးဘူးလေ၊ ဒီညမှပြောပြီး မနက်ဖြန်တော့ လိုက်ခဲ့ပေါ့”

“ကဲ သက်လျှာ ငါ ယောက္ခထီးကြီးဆီ ငါသွားရတော့မယ်”

“အမလေး ဝမ်းသာပါတယ်တော် တကတည်း စောစောက မျက်နှာနဲ့ ခုမျက်နှာတခြားစီပဲ”

ညီအစ်မနှစ်ယောက် အတိုင်အဖောက်ညီနေကြဟန်ဖြင့် မျက်နှာမှာ ဟန်ဆောင်မှုတွေကိုယ်စီလိမ်းကျံထားကြသည်။

ညီစေ မဲ့ခနဲ ပြုံးလိုက်ပါသည်။

■ ■ ■



www.burmeseclassic.com

## အခန်း (၁၇)

"ဟင် ဘယ်လို မင်းလက်ထပ်ပြီးသွားပြီ ဟုတ်လား ညီစေ"

"ဟယ် ငါတို့တောင် မသိရပါလားဟယ်"

မမလတ်နှင့်မမထွေးတို့ပုံစံက ယုံကြည်ပုံသိပ်မရ။ ဒယ်ဒီနှင့်သူတို့အကြီးအကဲတွေ မသိဘဲ ခုလိုလုပ်သည့်အတွက် သိပ်လည်းကျေနပ်ကြပုံမပေါ်။

"မင်း ဒီလိုမျိုး အကြီးတွေမသိအောင် တစ်ခါမှမလုပ်ဖူးပါဘူး တို့ညီအစ်မသုံးယောက်မသိလိုက ထားပါတော့ ကိုလတ်တို့ရော သိလား"

"ဘယ်သူမှ မသိဘူး"

"ဟောတော် ဒါသဘောလဲ အငယ်လေးရယ်"

တစ်ခါတစ်ရံ မမကြီးတို့ မမလတ်တို့သည် ညီစေ့ကို အငယ်ဆုံးလေးမို့ အငယ်လေးဟု ချစ်စနိုးခေါ်တတ်ကြသည်။





"အခြေအနေတစ်ခုကြောင့် မမတို့ကို မတိုင်ပင်ဘဲ မြန်မြန်စားကြီးလက်ထပ်လိုက်ရတယ်"

"ဟောတော် ဘုရားရေ ဒါ ဒါဆိုရင် ကောင်မလေးမှာ ကိုယ်ကိုယ်ဝန်ရှိသွားလို့ပေါ့ ဟုတ်လား"

မမလတ်၏အလန့်တကြားအမေးကြောင့် ညီစေ မျက်လုံးပြူးသွားကာ ခေါင်းတခါခါဖြင့်

"ဟာ မဟုတ်ပါဘူး အဲလိုမဟုတ်ဘူး။ ဒီလိုပါ သူ့ကို သူ့အဒေါ်က ယောက်ျားပေးစားတော့မှာလေ၊ ဒါကြောင့် မြန်မြန်လက်ထပ်လိုက်ရတာပါ"

"ဒါဆိုလည်း အစ်ကိုအစ်မတွေကို ဖွင့်တိုင်ပင်လေ"

"တိုင်ပင်ချင်ပါတယ် ဒါပေမဲ့ ဒယ်ဒီ အသည်းအသန်ဖြစ်နေတာကို ကျွန်တော် ဘယ်လိုလုပ်ပြောထွက်မလဲ၊ ဒါကြောင့် သူ့ကိုလည်း အဆုံးရှုံးမခံနိုင်တော့ အကျဉ်းချုံးပြီး လူမသိသူမသိ လက်ထပ်လိုက်ရတာ"

"ခြော် ဖြစ်မှဖြစ်ရလေဟယ်"

"အေးလေ အရာရာဟာ ဖြစ်ချိန်တန်ဖြစ် ပျက်ချိန်တန်ပျက်ပဲလေ"

"အိမ်ခေါ်လာခဲ့ဦး ဒယ်ဒီကလည်း ဘာပြောမှာမို့လို့လဲ မင်းအတွက် စိတ်တောင်အေးရဦးမှာ"

"အရင်ကတော့ မခေါ်ဘူးနေတာ ခုတော့ ခေါ်ဖို့အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ဖန်လာတဲ့အတွက် ခေါ်မှဖြစ်တော့မယ်''

''မင်းစကားက အဆန်းပဲ''

ကိုလတ် ဒယ်ဒီ့အခန်းထဲမှ ထွက်လာပြီး ညီစေ စကားကို အထူးအဆန်းလုပ်သည်။

ညီစေ အနားဝင်ထိုင်လိုက်သော ကိုလတ်ကိုငဲ့ကြည့်ပြီး

''ကျွန်တော့်ကောင်မလေးက ငွေမက်တယ်''

''ဟင်''

''ဩော် ငွေမက်တာ လူတိုင်းပဲလေ ဘာဆန်းလို့လဲ''

''ဒါနဲ့သေးလို့ကွ ဒီထက်အိမ်ထောင်သက်ရင့်သွားရင် မင်းမိန်းမက မင်းမျက်နှာကိုမမြင်တော့ဘူး ငွေမျက်နှာပဲမြင်တော့မှာ၊ ငါ့မိန်းမဆိုရင်လေ ငါအိမ်ပြန်မလာရင်နေ ငွေပြန်လာရင်ကျေနပ်တယ်တဲ့''

ကိုလတ်စကားကြောင့် ညီစေ သက်ပြင်းမောတစ်ချက်ချလိုက်သည်။

ချက်ချာက ခုချိန်မှာတောင် ငွေကြောင့်အကြံကြီးနေလျှင် အချစ်တွေသက်တမ်းရင့်မယ့်အချိန်ကာလကိုရောက်လျှင် ကိုယ့်ကိုတောင် သူ့ဘဝထဲမှာမလိုအပ်တော့ဘူးဆိုပြီး ကန်တောင်ထုတ်မလားပင်။

''ငွေမက်ရုံနဲ့တော့ အပြစ်တင်လို့မရပါဘူး မောင်လေးရယ်''

''ဟင်း ငါကတော့ ဘာမှမပြောချင်တော့ဘူး''

ကိုလတ် ခေါင်းခပ်ဖြည်းဖြည်းခါပြီး ဆိုဖာနောက်ကျောမှာ မှီထိုင်လိုက်သည်။





ညီစေ ဘာမှဆက်မပြောချင်တော့။ ဒီထက်ပိုပြီး ပေးသိလို့လည်းမကောင်းတော့။ ကိုယ်အပြစ်ပေးမယ့် ကိုယ့်ဇနီးကို ညီအစ်ကိုမောင်နှမတွေကပါ အပြစ်တင်ငြိုငြင်မိကြမှာကိုတော့ ညီစေ မလိုလားပါ။

''ကျွန်တော် တစ်ခုမှာချင်တာက အမွေကိစ္စကို သူ့ကို ဘယ်သူမှ မပြောကြဖို့ပါ။ ကျွန်တော့်ရပိုင်ခွင့်တွေကို ကျွန်တော်မယူဘဲ အစ်ကိုတွေ အစ်မတွေကို ခွဲပေးတယ်ဆိုတာကို သူ့ကိုပေးမသိချင်ဘူး''

ညီစေ့စကားကြောင့် အားလုံးမျက်နှာပေါ်မှာ စိတ်မကောင်းရိပ်တွေ ထင်းသွားသည်။

''မမကြီးတို့က မင်းဖွတ်ပေးလို့သာ လက်ခံလိုက်ရတာပါကွယ် တကယ်ဆို ယူဖို့မသင့်ပါဘူး''

ညီစေ လက်ကာပြသည်။

''စိတ်အနှောင့်အယှက်မဖြစ်ကြပါနဲ့ ဒါ ကျွန်တော်စီစဉ်တာပဲ၊ ဒီပစ္စည်းတွေနဲ့ မမကြီးတို့အားလုံးရဲ့အခက်အခဲဒုက္ခတွေ ပြေလည်မယ်ဆိုရင် ကျွန်တော်ပေးရကျိုးနပ်ပါတယ်၊ ခုလည်း ကျွန်တော်စီးပွားရှာနေတာပဲ ငွေဆိုတာ လူလောက်တန်ဖိုးရှိလို့လားဗျာ၊ ငွေကြောင့် အားလုံးကျေးကျွန်ဖြစ်နေကြရတာ အဲဒီအထဲမှာ အစ်ကိုတွေ အစ်မတွေကို မပါစေချင်ဘူး''

ညီစေ့ စကားကြောင့် မျက်နှာသိပ်မကောင်းကြ။ သူတို့အချင်းချင်း တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ သက်ပြင်းကိုယ်စီချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် သူ့ကို ဒီညနေ ခေါ်လာခဲ့မယ်"

"အေးလေ ခေါ်လာခဲ့ မမကြီးတို့လည်း မြင်ချင်ပါတယ်၊ ဘာတွေပြင်ဆင်ထားရမလဲ ဒယ်ဒီ့ကိုရော ကြိုအသိပေးထားရမလား"

"ဟင့်အင်း မပေးပါနဲ့၊ ကျွန်တော်ခေါ်လာပေမယ့် ဒယ်ဒီနဲ့ ပေးမတွေ့ဘူး"

"ဟင် ဘာဖြစ်လို့လဲ"

"ဒယ်ဒီရဲ့မချိမဆန့်ခံစားနေရတဲ့ ဝေဒနာတွေကို သူ့ကို ပေးမမြင်ချင်ဘူး"

ညီစေ ဘာကိုဆိုလိုတာလဲဆိုတာ နားလည်ကြပုံမပေါ်။ ဇဝေဇဝါဖြစ်နေသော အမူအရာကိုယ်စီဖြင့် ညီစေ့ကို ကြည့်နေကြသည်။

ချက်ချာ၏ပင်ကိုယ်စရိုက်ကို ညီစေ တစ်ယောက်ပဲ သိချင်သည်။ ဘယ်သူ့ကိုမှ ပေးမသိချင်သေး။

■ ■ ■



## အခန်း (၁၈)

မြို့ထဲသို့ ကားဝင်လိုက်သည်နှင့်ချက်ချက်ချာ ရင်တွေ တဒိန်းဒိန်းခုန်နေသည်။

စလင်းဘာတ်အိတ်ကိုင်ထားသော လက်တွေ မသိမသာ တုန်နေသည်။ ယောက္ခမအိမ်ကိုစတင်ရောက်သောနေ့မှာပင် ကိုယ်အမှားတစ်ခုကို ဗွေဦးဆုံး ကျူးလွန်ရတော့မည်။

"ချက်ချာ ဘာဖြစ်နေတာလဲ ဆင်းလေ"

ကားစက်သပ်ပြီးမှ ကားပေါ်ကဆင်းရန် ပြောနေသော ညီစေ့စကားကို ချက်ချာ မကြား။ စိတ်ထဲမှာဖုတ်ဝင်နေ၍ အသက်မြဲနေသေးသော ယောက္ခထီးကို တွေ့ဖို့ စိတ်ထဲမှာချောက်ချားရှိနေသည်။

"ဟော့ ပြောနေတယ်လေ ဘာတွေအတွေးချော်နေလဲ"

ညီစေ ကားတံခါးကိုဆွဲဖွင့်ပြီး ပခုံးပုတ်ပြောမှ ချက်ချာ ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



လေးဆတ်ခနဲ တုန်သွားပြီး မော့ကြည့်သည်။

"ကိုယ့်အဖေက တကယ် သက်သာတာရော ဟုတ်ရဲ့လား ဟင်"

ဆိုင်းမဆင့်ဘုံမဆင့် အမေးကြောင့် ညီစေ့မျက်နှာတည်သွားကာ

"ဘာဖြစ်လို့မေးတာလဲ ချက်ချာ၊ ကိုယ်က တကယ်သက်သာနေတဲ့ဒယ်ဒီကို မသက်သာပါဘူးလို့ ညာပြောမှ ကြိုက်မှာလား"

ညီစေ့အမေးက ချက်ချာအဖို့ အရှိုက်ကိုထိမှန်သွားသလို ကွက်ခနဲ မျက်နှာပျက်သွားစေသည်။

"အို ကိုနော် ဘယ်လိုမေးလိုက်တာလဲ ချက်ချာက စိတ်မကောင်းဖြစ်နေလို့ မေးတာ"

"ဒါဆိုလည်း ရောက်ပြီ ဆင်းတော့လေ ဒါ ကိုယ့်အိမ်ပဲ"

"ဆင်းပြီ ဆင်းပြီ"

"ပေး အဲဒီစလင်းဘတ်အိတ် ကိုယ်ကိုင်ပေးမယ်"

ကားပေါ်မှဆင်းလိုက်သော ချက်ချာ လက်ထဲမှ စလင်းဘတ်အိတ်ကို ညီစေ လှမ်းယူရန် လက်ရွယ်လိုက်သည်။ ချက်ချာ အယူမခံ တင်းခနဲ ဆုပ်ကိုင်လိုက်ပြီး

"ဟင့်အင်း ရတယ် ရတယ် ချက်ချာဖာသာပဲ ကိုင်မယ်"

"ဘာဖြစ်လို့လဲ အထဲမှာ စိန်တွေထည့်ထားလို့ အဲလောက်ပျာပျာသလဲ ငြင်းလိုက်တာလား"

ညီစေမင်း မသိမသာ ရိလိုက်သည်။ ဘာကြောင့်လက်ကိုင်





အိတ်ကို ပေးမကိုင်လဲဆိုတာ ညီစေ သိတာပေါ့။ ဒယ်ဒီ့အိပ်ရာအောက်ထဲကို ထည့်ဖို့ သက်လျာကိုယ်တိုင် ဩဇာရွက်တွေ ထည့်ပေးလိုက်တာလည်း ညီစေမင်း မြင်ပါသည်။

"ကိုနော် ဘာစကားတွေပြောနေမှန်းကိုမသိဘူး၊ ချက်ချာအိတ်ကအစ ကိုင်ပေးတယ်ဆိုပြီး ကိုညီအစ်ကိုမောင်နှမတွေက ချက်ချာကို တစ်မျိုးမြင်ကြမှာပေါ့၊ သူတို့မောင်ကို နိုင်တယ်ဆိုပြီးတော့လေ"

အကြောင်းပြချက်က သေသပ်သည်မို့ ညီစေမင်း ရယ်လိုက်သည်။

"ကဲပါ ကိုက နောက်တာပါ လာ အထဲဝင်ကြမယ်၊ အထဲမှာ အားလုံးစောင့်နေကြတယ်"

အေးစက်စက်ဖြစ်နေသော ချက်ချာလက်ကို ဆုပ်ကိုင်ပြီး အိမ်ထဲလှမ်းဝင်ခဲ့ကြသည်။

■ ■ ■

ဧည့်ခန်းထဲဝင်လိုက်သည်နှင့် အစ်ကိုတွေ အစ်မတွေထံမှ အပြုံးတိုယ်စီပွင့်လာကြပြီး ချက်ချက်ချာအား အကဲခတ်အကြည့်ဖြင့်ကြည့်ကာ နွေးထွေးစွာ ကြိုဆိုကြပါသည်။

"လာ ညီမလေး ထိုင်"

မမကြီး ချက်ချက်ချာကို ပြုံးရွှင်စွာဖြင့် သူ့အနားမှာထိုင်နိုင်းသည်။

ချက်ချာ အားလုံးကိုဝေ့ပြုံးပြပြီး မမကြီးဘေးမှာ ခပ်ရို့ရို့

www.burmeseclassic.com



ဝင်ထိုင်လိုက်သည်။

"ညီလေးက ခုမှပြောပြလို့ ကိုကြီးတို့လည်း သိကြရတာကွာ မင်္ဂလာကိစ္စကို ကြီးကြီးကျယ်ကျယ် လုပ်ပေးသင့်တာပါ"

ကိုလတ်က စတင်ပြီး စကားစမြည်ပြောသည်။

"ရပါတယ် အစ်ကိုကြီးရယ် ဒယ်ဒီက နေကောင်းနေတာမှ မဟုတ်တာ၊ ချက်ချာကြောင့်သာ ခုလိုဖြုန်းစားကြီး လက်ထပ်လိုက်ရတာမို့ ချက်ချာဘက်က ပြန်ပြီး အားနာရမှာပါ"

ထိုစဉ် ညီစေမင်းထံမှ ဖုန်းမြည်လာသည်မို့ စကားပြောနေသော ချက်ချာမှာ ညီစေထံသို့ ဖျတ်ခနဲ အကြည့်ရောက်လိုက်သည်။

"ဟဲလို ဟုတ်ကဲ့ ပြောပါ ဪ ဟုတ်လား ရောက်ပြီလား အိုကေ ,အိုကေ ကျွန်တော် ခုပဲထွက်ခဲ့ပါမယ်"

အလောတကြီးဟန်ဖြင့် ဖုန်းပိတ်လိုက်ပြီး ချက်ချာကို ကြည့်၏။

"ကဲ ချက်ချာ ဒီမှာနေခဲ့ဦးနော် ပြီးမှ ဒယ်ဒီ့ကိုဝင်တွေ့လိုက်ပေါ့၊ ကိုလတ် မမကြီး ကျွန်တော်သူ့ကိုထားခဲ့ဦးမယ်၊ မန်နေဂျာနဲ့ အရောင်းကိုယ်စားလှယ်ရောက်နေလို့ ကျွန်တော်ကုမ္ပဏီကို ခုချက်ချင်း သွားမှဖြစ်မှာ"

"အေး သွားလေ ပြီးမှ ညီမလေးကို ဒယ်ဒီနဲ့ပေးတွေ့လိုက်မယ်"

"ညီလေး ကားကိုဖြည်းဖြည်းမောင်းသွားဦးနော်"

"ဟုတ်ကဲ့ ကိုကို ကဲ ချက်ချာ ကိုယ်သွားဦးမယ် နောက်ကျ





နေရင်တော့ တက္ကစီနဲ့ပြန်နှင့်လိုက်တော့နော်၊ ကိုယ်အပြန်ဝင်ခဲ့မယ်"

"ရတယ် ကို ဒီမှာ ဒယ်ဒီ့ကိုကြုံတုန်းလေး ပြုစုဦးမှာမို့ ကို နောက်ကျလည်းစောင့်မှာ"

"အိုကေ အိုကေ သွားပြီနော်"

ဖုန်းကို အိတ်ကပ်ထဲပြန်ထည့်ပြီး ဆက်တီစားပွဲပေါ် တင်ထားသော ကားသော့နှင့်ပိုက်ဆံအိတ်ကို ယူကာ ခပ်သုတ်သုတ် ထွက်ခဲ့လိုက်သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

"ဒယ်ဒီ ဒယ်ဒီ့ကို သတင်းမေးလာတဲ့ဧည့်သည်ရှိတယ်"

မမကြီးစကားကြောင့် ခုတင်ထက်တွင် မျက်လုံးမှေးစင်းကာ အိပ်နေသော ညီစေမင်း မျက်လုံးဖွင့်ကြည့်၏။ အထူးပြုလုပ်ချက်တွေ ဖြင့် ရုပ်ဖျက်ထားသောကြောင့် ညီစေမင်းပုံစံက တကယ့်ကို အဘိုးကြီး ပုံစံ။

အစ်ကိုတွေ အစ်မတွေမှာ ညီစေ့ပုံစံကိုကြည့်ပြီး ရယ်ချင်ပေ မယ့် ရယ်၍မဖြစ်သေး။ သူတို့ပါ ဝင်ပြီးသရုပ်ဆောင်ပေးနေရတာလေ

"သူက ဘယ်သူလေးလဲ"

"အဲဒါ ညီစေ့ ကောင်မလေးပါ ဒယ်ဒီ"

"ညီစေရော"





"သူ့ ကုမ္ပဏီကို အရေးကြီးကိစ္စရှိလို့ ခဏပြန်သွားတယ်"

"ဩော် ဟုတ်လား သူက သိပ်ကိုအလုပ်ကြိုးစားတာ သမီးရဲ့၊ ကြိုးစားသလောက် လောဘကျတော့ သိပ်မရှိဘူးလေ၊ ငွေလည်းမမက်ဘူး။ သူမက်တာ သစ္စာတရားနဲ့ရိုးသားမှုပဲလေ"

ညီစေ့ စကားကြောင့် ချက်ချာ မျက်နှာပျက်သွားသည်။

"ဒါနဲ့ သမီးကရော အန်ကယ့်သားကို တကယ်ချစ်ရဲ့လား"

"ရှင် ဟုတ် ချစ် ချစ်ပါတယ်"

"သူ့မှာ ဘာဂုဏ်ဒြပ် ဘာငွေကြေးမှမရှိရင်ရော ချစ်မှာလား"

ညီစေမင်း ဂွင်ကြုံတုန်း မေးလိုက်သည်။ ချက်ချာ မျက်လုံးလေး ကလယ်ကလယ်ဖြင့် ခေါင်းတညိတ်ညိတ် လုပ်ပြီး

"ဟုတ် ချစ်မှာပါ"

"အေးကွယ် ကျေးဇူးတင်လိုက်တာ ဒီကောင်ကလေ သူ့ဘဝမှာ အာသီသအရှိဆုံးက လူ့ဖို့တန်းဖို့ပဲ၊ အကယ်၍ အန်ကယ်က သူ့ကို အမွေတွေခွဲပေးခဲ့ရင်တောင် သူကလေ ပရဟိတလုပ်ငန်းတွေမှာပဲ အဲဒီငွေတွေကို အသုံးချမယ့်ကောင် သူ့ရဲ့ကိုယ်ကျိုးအတွက် လုံးဝအသုံးချမှာမဟုတ်ဘူး၊ အရမ်းမွန်မြတ်တဲ့ သားလေးပါကွယ်"

ချက်ချက်ချာ မသိမသာ မျက်နှာပျက်သွားသည်၊ ပြီးမှ မျက်နှာကို အပြုံးဖြင့် ကာရံကာ

"ဟုတ် ကောင်းတာပေါ့ ချက်ချာကလည်း ကိုလိုပဲ လူမှုရေးနဲ့ ရတာ အရမ်းဝါသနာပါတာလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား ဝမ်းသာပါတယ်ကွယ် သာဓု သာဓု"

ရောက်စကနှင့်ပင်မတူ စကားတွေသွက်လာသော ယောက္ခထီးလူမမာကိုကြည့်ပြီး ချက်ချာ ရင်ထဲမျှော်လင့်ချက်မဲ့သလို ခံစားလာရသည်။

သက်လျာပြောတော့ ဖုတ်ဝင်နေတဲ့ သေအံ့ဆဲဆဲ လူနာတဲ့။ ခုတော့ကြည့်ပါဦး လူမမာရုပ်လည်း သိပ်မပေါက်။ စေ့စေ့ကြည့်လျှင် ကိုနှင့်ပင် တော်တော်တူသေးသည်။

အင်းလေ သားအဖဆိုတော့လည်း ရုပ်ချင်းဆင်ဆင်တူတာ ဆန်းမှမဆန်းပဲ။

ဒီပုံအတိုင်းဆိုလျှင် သက်လျာ ထည့်ပေးလိုက်တဲ့ ဩဇာရွက်လည်း အသုံးဝင်တော့မည့်ပုံမပေါ်။



## အခန်း (၂၀)

"မောင်လေး နင်ဘာဖြစ်လို့ ဒယ်ဒီနဲ့ချက်ချက်ချာကို ပေးမတွေ့တဲ ဒယ်ဒီနေရာမှာ နင်ကိုယ်တိုင်ဟန်ဆောင်ရတာလဲ"

ညီစေ့လုပ်ရပ်ကို အစ်ကိုတွေ အစ်မတွေ တစ်ယောက်မှ နားမလည်နိုင်ကြ။

"မဟုတ်မှလွဲရော ညီလေး မင်း လိုင်းပြောင်းတော့မလို့ သရုပ်ဆောင်လေ့ကျင့်နေတာလား"

ကိုလေးဇော်ရွှတ်နောက်နောက် အမေးကြောင့် ညီစေ ခပ်ယဲ့ယဲ့ ရယ်ပြလိုက်ပါသည်။ အကယ်၍ ချက်ချက်ချာဟာ ဒယ်ဒီကို လူ့လောကကြီးထဲက မြန်မြန်ထွက်သွားစေချင်တဲ့သူဆိုတာသိလျှင် အစ်ကိုတွေ အစ်မတွေ လုံးဝလက်သင့်ခံမှာမဟုတ်။

ဒီလို လောဘရမ္မက်ကြီးသော မိန်းမမျိုးကိုမှ ယူရသောသားဆို

www.burmeseclassic.com

www.burmeseclassic.com



ပြီး ဗိုင်းအဲပြစ်တင်ကြရှာတင်မဟုတ် ချက်ချင်း ကွာရှင်းနိုင်းကြမှာ သေချာသည်။

"ကျွန်တော့်စိတ်ထဲမှာ ဒယ်ဒီ့ရဲ့ပိန်ချုံးချိနဲ့နေတဲ့ပုံစံကို မမြင်စေချင်လို့ပါ"

"အို ဒါ ရှက်စရာမှမဟုတ်တာ ငါ့မောင်ရယ် ဒယ်ဒီက ဝေဒနာခံစားနေရတဲ့သူပဲ၊ ချက်ချက်ချာအမြင်မှာ ယောက္ခထီးရယ်လို့ ခန့်ခန့်ထည်ထည်မရှိတော့လည်း ဘာအရေးလဲ၊ ဒါ ဖုံးကွယ်လျှို့ဝှက်ထားစရာမှမဟုတ်တာ"

ကိုယ်ကိုယ်တိုင် မပွင့်လင်းမှုကြောင့် အစ်မတွေ၏ဝေဖန်စကားတွေကို ခေါင်းငုံ့နားထောင်ရ၏။

"ခုချိန်မှာ ကျွန်တော် ဒီလိုလုပ်ရပ်မျိုး ဘာကြောင့်လုပ်ရသလဲဆိုတာကို ရှင်းပြဖို့စောပါသေးတယ်၊ မမကြီး ဒါကြောင့် ကျွန်တော့်ကိုဘာမှမမေးကြပါနဲ့၊ အားလုံးအလိုက်အထိုက်နေပေးပါ၊ မိန်းမတစ်ယောက်ကိုယ့်အပေါ် အချစ်စစ်သလား မစစ်သလား စမ်းသပ်နေတယ်လို့ခပ်ရိုးရိုးလေး တွေးထားပေးကြပါ"

ဘယ်လိုအလုပ်မျိုးမဆို အဓိပ္ပာယ်မဲ့ မလုပ်တတ်သော ညီစေ့အကျင့်သိက္ခာကို သိထားကြသူမို့ အစ်ကိုတွေ အစ်မတွေ ထပ်ပြီးစောဒကတက် မမေးကြတော့။

■ ■ ■

"သက်လျာရယ် နင်ကလေ လုပ်လိုက်ရင် တလွဲပဲ သိလား"

"ဘာလဲ ဩဇာရွက်နဲ့ မာလကာရွက် မှားခူးပေးမိလို့လား"





လက်သည်းဆိုးဆေး ဆိုးနေသော သက်လျာ လက်ချောင်းတွေကို လေဖြင့်တဖူးဖူးမှုတ်ပြီး ခပ်ပေါပေါ ပြန်မေး၏။

ချက်ချာ စလင်းဘတ်အိတ်ထဲမှ ထည့်သွားသော ဩဇာရွက်တွေကိုထုတ်ကာ သက်လျာရှေ့သို့ လွှင့်ပစ်လိုက်သည်။

သက်လျာ ငေ့ကြည့်ကာ

"ဟင် ပြန်ပါလာတယ် ဖုတ်မထုတ်ခဲ့ဘူးလား"

ည "နင့်ဟာနင်ပဲ နင့်ကိုယ်မှာကပ်နေတာကို ပြန်ထုတ်လိုက်"

"ဟာ ဖွဟဲ့ လွဲပါစေ ဖယ်ပါစေ နိမိတ်မရှိ နမာမရှိ ဘာတွေလျှောက်ပြောနေတာတုန်း မချက်နော် ဒီက ယောကျ်ားတောင် ယူရသေးတာမဟုတ်ဘူး"

"နင် ငါ့ကိုချောက်တွန်းလိုက်တာကျတော့ ကောင်းလား ဟမ်ညီစေ့အဖေကို ဖုတ်ဝင်နေတာဆိုပြီးတော့လေ"

"အင်းလေ မဟုတ်ဘူးလား"

"ဘယ်က ဟုတ်ရမှာလဲ အဘိုးကြီးက နေမကောင်းဘူးဆိုပေမယ့် ဖုတ်ဝင်ရလောက်တဲ့ လူမမာမှမဟုတ်တာ၊ မျက်ကွင်းတွေညိုပြီးနှုတ်ခမ်းတွေဖြူနေတာကလွဲလို့ ခန္ဓာကိုယ်က မိန်းမသုံးယောက် တစ်ပြိုင်တည်းယူလို့ရအောင် တောင့်သေးဖြောင့်သေးတယ်ဟဲ့"

ဒေါသသံဖြင့် ဘုဆတ်ဆတ်ပြောလိုက်သော ချက်ချက်ချာစကားကြောင့် သက်လျာ ဖက်ကလေးပုသွားကာ

"အဟိ ယောက္ခထီးကြီးရဲ့ဗလကိုပါ သေချာလေ့လာ အကဲခတ်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တာပဲ မချက် ကိုညီကြီးနဲ့ ဘယ်သူပိုဖြောင့်သလဲ"

"အတူတူလောက်ပဲထင်တယ် အဲ ဟယ် ဒီဟာမလေး ငါ့ကို ဘာတွေလာမေးနေတာလဲ"

ချက်ချာ လက်ဖြင့်လှမ်းရွယ်လိုက်သည်မို့ သက်လျာကိုယ်လေး တစ်ဖက်ကို ယိမ်းသွားကာ တခစ်ခစ်ဖြင့် သဘောကျစွာရယ်၏။

"ညီမလေးက အကောင်းမေးတာပါ မချက်ရာ၊ ကဲ ပြောပါဦး အခြေအနေ ဘာထူးလာလို့လဲ ဩဇာရှက်တွေ ဒီအတိုင်းပြန်ပါလာပုံ ထောက်ရင်တော့ မမယောက္ခထီးကြီး နေတော်တော်ကောင်းသွားပြီ ထင်တယ်"

"ဟုတ်တယ် ဆေးကုသမှုကောင်းကောင်းခံယူလိုက်ရင် ပြန်ပြီး ထူထူထောင်ထောင် ဖြစ်လာမယ့်ရုပ်မျိုး မသေနိုင်သေးဘူး"

"ဒါဆိုရင် အမွေကိစ္စ ဘယ်လိုလုပ်မလဲ အဆောက်အဦးဝယ်မယ့်အစီအစဉ်ကရော"

"နေစမ်းပါဦးဟယ် ငါလည်း ဘယ်လိုကြံရမလဲမသိတော့ဘူး။ ငါ့စိတ်ထဲမှာ ထင်ထားတာက အဘိုးကြီးက နေ့လားညလားပဲပေါ့၊ ခုတော့ အဲလိုမဟုတ်ဘူး နင်ကြားထားတာတွေကလည်း အမှားတွေ"

"ကျွတ် သီရိတို့က မဟုတ်တာနဲ့တော့ မပြောပါဘူး မမရာ"

"ဒါဆို ငါက မဟုတ်တာနဲ့ပြောတယ်ပေါ့ ဟုတ်လား။ နင်မယုံရင် နောက်ရက် ငါသွားရင် လိုက်ခဲ့၊ လက်တွေ့ပြမယ်၊ အဘိုးကြီးက ကိုနဲ့သားအဖလို့မပြောရဘူး တော်တော်လေးကိုတူတာ၊ ကျန်တဲ့ညီအစ်ကို





မောင်နှမတွေတောင် ခပ်ရေးရေးလေးတွေပဲ ဆင်ကြတာ"

"ဩော် မချက်ရယ် ခပ်ရေးရေးပဲတူတူ ချွတ်စွတ်ပဲတူတူ သားအဖမို့တူတာပဲ၊ ဘာဆန်းလို့လဲ အဲဒါနဲ့ အဘိုးကြီးနဲ့တွေ့တော့ အဘိုးကြီးက ကြည်ကြည်ဖြူဖြူပဲလား"

"ကြည်ဖြူပေမယ့် စကားပြောတာဆိုတာကြီးက တစ်မျိုးပဲဟ၊ ငါ့ရဲ့အတွင်းစိတ်ကို သိနေသလိုမျိုးကြီး၊ အမွေကိစ္စကိုတန်းပြီးပြောတော့ တာပဲ၊ ငါတောင် ကိုယ့်လိပ်ပြာကိုယ်မလုံဖြစ်သွားမိတယ်"

ချက်ချာ စကားကြောင့် သက်လျာ မျက်ခုံးတန်းနှစ်ဖက်စုကျုံ့ကာ စိတ်ဝင်စားဟန်ဖြင့်

"ဘာ ဘာပြောလို့လဲ မချက်၊ တစ်ခါတည်း အမွေခွဲပေးတော့ မလို့တဲ့လား"

"ဩော် အရေးထဲ လိုရာဆွဲတွေးပြန်ပြီ၊ ဒီအဘိုးကြီးပုံစံက တစ်သက်လုံး လူ့လောကထဲက မထွက်ချင်တဲ့ပုံ၊ သူ့သားကိုတကယ်ချစ် တာလားတဲ့၊ ဟွန်း လောဘကကြီးချင်သေးတယ်"

"အဲတော့ မချက် ဘာပြန်ဖြေလိုက်သလဲ"

"ဟဲ့ ချစ်ပါတယ်လို့မဖြေလို့ ငါက မုန်းပါတယ်လို့ ဖြေရမှာလား တစ်ခါတည်း နှုတ်သီးနဲ့ဝိုင်းအတွတ်ခံရအောင်လို့"

ခပ်ရွဲ့ရွဲ့ပြောလိုက်သော ချက်ချာစကားကြောင့် သက်လျာ ရယ်သည်။

"ပြီးတော့ ပြောသေးတယ် သူ့သားလေးက ရိုးသွားပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



လောဘမရှိဘူးတဲ့၊ မိဘက အမွေတွေခွဲဝေပေးခဲ့ရင်တောင် သူက သူ့ကိုယ်ကျိုးအတွက် သုံးမှာမဟုတ်ဘူးတဲ့လေ''

''ဟင် ဒါဆို ဘာလုပ်ပစ်မှာလဲ''

''ဖဲရဟိတလုပ်ငန်းတွေမှာ လှူမှာတဲ့''

''ဟောတော် ဒါနဲ့များ မိန်းမယူနေသေးတယ်၊ ဘုန်းကြီးဝတ်ပြီး စာချကိုယ်တော်ပဲ လုပ်လိုက်ပါတော့လား''

''ခုတော့ အမွေကလည်း အဝေးကြီးလိုသေးတယ်၊ ယောက်ျားကလည်း သူတော်ကောင်းလုပ်မယ့်သူ၊ ငါတော့ အိပ်မက်တွေပျက်စီးကုန်ပါပြီဟယ်''

ချက်ချက်ချာ စိတ်ပျက်လက်ပျက် ပြောပြီး အဝတ်အစားလဲရန် သက်လျာရှေ့မှ ထလာခဲ့လိုက်သည်။

လောကမှာ အချစ်တစ်ခုတည်းပိုင်ဆိုင်ရုံနဲ့ မပြီးသေးဘူးလေ။ ငွေလည်းရှိဦးမှပေါ့။ ငွေမရှိရင် အဲဒီအချစ်က သက်တမ်းရင့်လေ မှိုတက်နေတဲ့ချောကလက်လို ဘာမှကို အသုံးမဝင်တော့ဘူး စားမိရင်ဆေးဖြစ်မှာ။

ချက်ချာက ကို့ကိုချစ်ပေမယ့် ငွေကိုလည်း မချစ်၍မရ။ မခင်တွယ်၍မရ။

ငွေမရှိလျှင် အဲဒီအချစ်ဆိုတာကြီးကိုရော ဖြောင့်ဖြောင့်တန်းတန်း ချစ်နိုင်မှာမို့လား။

■ ■ ■



## အခန်း (၂၁)

''ကို အလှပြင်ဆိုင်ဖွင့်ဖို့ကိစ္စကြောင့် ချက်ချာစိတ်ညစ်နေရတယ်၊ ဒီကြားထဲ သက်လျာက တမှောင့်''

အိမ်ထဲဝင်ပြီးထိုင်တောင် မထိုင်ရသေးသော ညီစေမင်းမှာ ချက်ချာ၏နားပူနားဆာစကားကြောင့် ခေတ်ပြားဟောင်းကြီးဖွင့်တော့မည်ဆိုတာ ကြိုသိလိုက်သည်။

ကိုယ်လက်ထပ်ထားတဲ့မိန်းမဆိုတော့လည်း နားမထောင်ချင်ဘဲနှင့် နားထောင်ရဦးမည်။

ယောက္ခထီးသေရင် အမွေရမယ်ဆိုသော ချက်ချာ၏မျှော်လင့်ချက်ကိုလည်း ဆန့်နိုင်သမျှ အကြံဉာဏ်ကုန်သုံးပြီး ဆွဲဆန့်ပြီးသွားပြီ။ ဒါတောင် ချက်ချာ၏လောဘက အရှိန်မသတ်သေး။ နဲ့သမားလို မိန်လိုက်ဖောင်းလိုက် လုပ်နေသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"မနိုင်တဲ့ဝန်ကို မထမ်းတာ အကောင်းဆုံးပါပဲ ချက်ချာရယ်"

ချက်ချာ နှုတ်ခမ်းရူကာ ရေတစ်ဖန်ခွက်လာတိုက်သည်။ ရေသောက်ချင်စိတ်မရှိပေမယ့် ဇနီးမယား၏အလိုက်သိမှုကို တုန့်ပြန်သည့် အနေနှင့် ယူ၍ မော့သောက်လိုက်သည်။

"ကိုကလေ စစ်မရောက်ခင် မြားကုန်ခိုင်းနေပြန်ပြီ၊ ကိုယ့်မိန်းမရဲ့အိပ်မက်တွေကို အကောင်အထည်ဖော်ပေးမယ်ဆိုတဲ့ စိတ်ကူးကျတော့မရှိဘူး"

ညီစွေလက်ထဲမှ ရေတစ်စက်မှမရှိတော့သော ဖန်ခွက်ကို ခပ်ဆောင့်ဆောင့်ယူပြီး မကျေမနပ် မြည်တွန်တောက်တီးနေသော ချက်ချာ၏လောဘမီးကို ဘယ်လိုငြိမ်းရပါ့။

"ရှိတာပေါ့ ချက်ချာရယ် ဒါပေမဲ့ ငွေပမာဏက နည်းမှမနည်းပဲ"

"ကို့ဒယ်ဒီဆီက တောင်းပေါ့"

"ဒယ်ဒီက နေမှမကောင်းတာ"

"အလတ်ကြီးရှိသေးတယ်၊ သားသမီးကို မြေတောင်မြှောက်ပေးမယ်ဆိုရင် ပေးလို့ရသေးတယ် တောင်းကြည့်ပေါ့"

သေခါနီးတုန်းက သေခါနီးမို့ အမွေကိုလှမ်းမျှော်ပြီး မက်သည်။ အခုကျတော့ အလတ်ကြီးရှိသေးတယ်ဟူသော အကြောင်းပြချက်နှင့် အရင်းအနှီးကို မှန့်ဖိုးတောင်းသလို တောင်းခိုင်းသည်။ ဘယ်နေရာမှ မလွှတ်။





"ကျွတ် ချက်ချာရယ် ကိုယ့်ဘက်က ဘယ်လိုတောင်းရက်မှာလဲ၊ ဒယ်ဒီ့ဆီက ဘယ်သားသမီးမှ ခုလို မတောင်းဖူးဘူး၊ ကိုယ့်ကျမှ ဒီမနည်းမနောအရင်းအနှီးငွေကို တောင်းတော့ ညီအစ်ကိုမောင်နှမတွေက ဝိုင်းပြီး အပြစ်တင်ကြမှာပေါ့၊ ကိုယ့်အရင် ပဝေနသီကတည်းက အိမ်ထောင်ကျနေကြတဲ့ အစ်ကို အစ်မတွေတောင် ခုလိုမကြံစည်ဘူး၊ ခုမှအိမ်ထောင်ကျတဲ့ကိုယ်က ထတောင်းတော့ ဒါတွေဟာ ချက်ချာစနက်တွေလို့ ထင်နေကြတော့မှာပေါ့"

"အို ချက်ချာက စီးပွားရေးလာဘ်မြင်လို့ ခုလို အကူအညီမယူချင်ဘဲ ယူရတာ၊ ဒါဟာလည်း ကိုနဲ့ချက်ချာ ရှေ့ရေးအတွက်လေ နောက်ပြီး မွေးလာမယ့်ကလေးတွေရဲ့ အနာဂတ်အတွက်"

စကားလုံးအကြီးကြီးတွေနှင့် ကိုင်ပေါက်နေတာ ကြောက်စရာ။ သေလျှင် မနက်ဖြန် သဘက်ခါပဲ ကလေးငါးယောက်တစ်ပြိုင်တည်း မွေးတော့မည့်ပုံမျိုး။

ကိုယ့်မိန်းမ လောဘတက်နေပုံ ချစ်စရာလည်းကောင်း နာရင်းဝိတ်အုပ်ချင်စရာလည်းကောင်း။

အမွေတွေကိုသာ အစ်ကိုအစ်မတွေကို ပေးလိုက်တယ်ဆိုတာ သာသိလျှင် ခုချက်ချင်း ထဘီစွန်တောင်ဆွဲပြီးသွားပြန်တောင်းမလား သေး။

"ကိုယ်လည်း သိပါတယ် ချက်ချာရယ်၊ ဒါကြောင့်လည်း ကြိုးစားနေတာပေါ့၊ အမွေဆိုတာ မျှော်လို့ကောင်းတဲ့အရာ မဟုတ်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



စားထိုက်မှစားရတာပါ ချက်ချာရယ်၊ ကိုယ့်မိန်းမ ဘာမှ ပင်ပင်ပန်းပန်း လုပ်စရာမလိုဘူး ကိုယ်ရှာကျွေးမယ်၊ ငြိမ်ငြိမ်လေးပဲ ထိုင်စားနော် ဟုတ်ပြီလား"

ချက်ချာ၏မေးဖျားလေးကို ကိုင်ပြီး နှစ်သိမ့်တော့ ချက်ချာထံမှ မျက်စောင်းလှဲ့လှဲ့ လွင့်ခနဲ ရောက်လာသည်။

ချက်ချာအဖို့ ဒီနေ့တော့ အမွှေတောင်းဖို့ကိစ္စကို နောက်မှ တိုက်စစ်ဆင်တော့မည်။ ဒီထက်ပိုပြောလိုက်လျှင် ကိုယ့်ရင်ထဲက လောဘတွေက မုန်းစရာကောင်းသွားလိမ့်မည်။

"ကို ထမင်းစားမလားဟင်"

"အင်း ကိုယ် ဘာမှစားမလာဘူး၊ ချက်ချက်နဲ့ထမင်းလက်ဆုံ စားမလို့"

ဗိုက်မဆာပေမယ့် ချက်ချာ စိတ်ကျေနပ်ရန် ထမင်းစားပြရတော့မည်။

"ကို လာနေပြီလို့ ဖုန်းဆက်ထားကတည်းက ချက်ချာက အားလုံးပြင်ပြီးသားပါနော် လာ ထမင်းစားခန်းထဲကို သွားမယ်"

ညီစေ့လက်မောင်းကို ဆွဲဖက်ကာ ထမင်းစားခန်းထဲ ဝင်လာကြသည်။

"ကဲ ကို ထိုင်နော် ဒီနေ့ အားရပါးရ စားရမှာနော်"

"အင်းပါ ကိုယ့်မိန်းမလက်ရာကို ဗိုက်ကွဲထွက်အောင် စားပြမယ် ဟုတ်ပြီလား"





"ဟင့်အင်း ဗိုက်ကွဲထွက်အောင်တော့ မစားရပါဘူးနော်၊ ချက်ချာကို ထားသွားဖို့ စိတ်မကူးနဲ့"

"စိတ်ချ မထားဘူး ဩော် ဒါနဲ့ သက်လျာက ဘာဖြစ်လို့လဲ"

သက်လျာကိစ္စ အစဖော်ပေးလိုက်သဖြင့် ချက်ချာ တဖန် မျက်နှာချိုသွေးရပြန်သည်။

"သက်လျာက ချက်ချာဆီမှာ ငွေချေးနေလို့ ကိုရဲ့"

"လာပြန်ပြီ ငွေကိစ္စက ခုထိစခန်းမသိမ်းသေးပါလား"

"ဘယ်လောက်တောင် ချေးနေလို့လဲ"

"သိန်းသုံးဆယ်"

ညီစေ့မျက်ခုံးနှစ်ဖက် အနည်းငယ်မြင့်တက်သွားပြီး ချက်ချာကိုကြည့်လိုက်သည်။

"ဘာလုပ်ဖို့လဲ"

"သူ့ချစ်သူနဲ့ဂျပန်လိုက်သွားဖို့ကိစ္စလေ ဟိုမှာနေဖို့ရော အလုပ်ရောရဖို့ တစ်ခါတည်းငွေပေးရမှာတဲ့"

"အဲဒါ သူ့ကောင်လေးမစီစဉ်ပေးဘူးလား"

"သူ့ကောင်လေးက စီစဉ်ပေးတယ်၊ ကိုခယ်မက သိတဲ့အတိုင်း မာနက ခပ်ကြီးကြီးလေ၊ သူ့စရိတ်သူထုတ်မယ်ဆိုပြီး ငြင်းခဲ့တယ်တဲ့"

ညီစေ ရင်မောသွားသည်။

"အဲဒီတော့ ချက်ချာက ထုတ်ပေးရမှာပေါ့"

"ဟုတ်တယ် ကိုရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ညီမ တိုးတက်ဖို့ပဲ လုပ်ပေးလိုက်ပေါ့ ချက်ချာရယ်"

"လုပ်ပေးလိုက်ဆိုတာ အဲလို ပါးစပ်နဲ့လွယ်လွယ်ပြောလို့မရဘူးလေ ကိုရဲ့၊ ချက်ချာမှာ အဲလောက်ငွေများများမှမရှိတာ၊ ကိုပေးထားတဲ့ အိမ်သုံးစရိတ် တစ်လကို ငါးသိန်းနဲ့ ကိုယ့်မှာတောင်မနည်းလောက်အောင် သုံးနေရတာ ဘယ်လိုပေးနိုင်မှာလဲ"

ချက်ချာစကားတွေခေါ်နေပြီဆိုတာ ညီစေ သိနေသည်။ မသိချင်ဟန်ဆောင်လက်စနှင့် တမင်ပင် မသိချင်ဟန်ဆောင်လိုက်ပြီး ထမင်းစားဖို့ ဇွန်းခက်ရင်းကို ကောက်ကိုင်လိုက်ပြီး

"သူက ဂျပန်မှာသွားနေပြီး အလုပ်လုပ်မှာမဟုတ်လား"

"အင်းပေါ့လို့"

"ဟုတ်တယ်လေ ချက်ချာကလည်း ကိုယ်နဲ့လက်ထပ်ပြီးကတည်းက ဒီအိမ်လေးမှာ ကိုယ်နဲ့နေနေပြီဆိုတော့ ချက်ချာတို့ညီအစ်မတွေနေတဲ့ အိမ်ကအပိုဖြစ်နေပြီပေါ့"

ညီစေမင်း စကားကြောင့် ချက်ချာ နားမလည်ဟန်ဖြင့် ဖျတ်ခနဲလှမ်းကြည့်ပြီး

"ပိုနေတော့ ဘာဖြစ်လဲ ကိုရယ် အိမ်ငှားတင်ထားလိုက်ရုံပေါ့"

"အိမ်ငှားတင်မနေနဲ့ တစ်ခါတည်းသာ ရောင်းပစ်လိုက်"

မှတ်ကရော ထိုသို့သာအကြံပေးလိုက်တော့သည်။

"ဘာ"

ဘာဟူသောအသံကြောင့် ညီစေ ထမင်းနင်သွားပြီး ရင်ဘတ်ကို





ခပ်ဖွဖွထုကာ ရေကိုသောက်လိုက်သည်။ ပြီးမှ ချက်ချာကို ရှုံ့မဲ့စွာကြည့်ပြီး

"ဟာကွာ မိန်းမရယ် ဖြည်းဖြည်းဘာပါကွာ ခေါင်မိုးကြီးလည်း ပွင့်ထွက်သွားပါဦးမယ်"

"ပွင့်ပစေ ကို ပေးတဲ့အကြံက အရမ်းအိုဟာဖြစ်မနေဘူးလားဟမ်"

ရန်လိုသောအမေးကြောင့် ညီစေ အူကြောင်ကြောင်နိုင်သောအကြည့်ဖြင့် ကြည့်လိုက်ပြီး

"အိုဟာဖြစ်တယ် ဟုတ်လား ထင်လို့ပါ၊ ကိုယ်က ဖြစ်နိုင်ချေရှိတဲ့အကြံကိုပေးတာလေ၊ ဒီလိုဆိုရင် သက်လျာကိစ္စ အဆင်ပြေသွားနိုင်တာပဲ"

လေအေးအေးလေးနှင့်ပင် ဆက်လက်ပြီး အကြံပေးလိုက်သည်။ ချက်ချာ အောက်နှုတ်ခမ်းကို ဖိကိုက်ကာ မကျေမနပ် မျက်စောင်းခဲကြည့်ပြီး

"ပြောရက်လိုက်တာ ကိုရယ်"

"ဟမ် ဘာကိုလဲ ကိုယ်ပေးတဲ့အကြံကိုလား ချက်ချာ"

"ဟုတ်တယ် မိတချင်း နည်းနည်းစာနာမှပေါ့ ကိုညီစေမင်းရဲ့"

"ဟောဗျာ ဘာကိုလဲ ကိုယ်နားမလည်တော့ဘူး"

"အဲဒီအိမ်က ချက်ချာမိဘတွေရဲ့နောက်ဆုံးအမွေလေ၊ မိဘတွေထားသွားတဲ့ အမှတ်တရအိမ်လေးကို ရောင်းစရာလား"



www.burmeseclassic.com

www.burmeseclassic.com



"ပြော့ ချက်ချာရယ် ဒါအမွေခွဲတဲ့သဘောလေ၊ မိဘတွေထားသွားတဲ့အမွေပစ္စည်းဖြစ်တဲ့အတွက် အချိန်တန်ရင် အမွေခွဲပေးရမှာပဲမဟုတ်လား။ ခုရှုပ်မှနော်င်ရှင်း တစ်ခါတည်းရောင်းပြီး ခွဲသာပေးလိုက်၊ သူလည်း သူ့လမ်းသူလျှောက်ဖို့လုပ်နေပြီပဲ၊ မိဘအမွေက သူ့ဘဝကို တဆစ်ချိုးမြင့်တက်သွားစေမှာပါ"

ချက်ချာ ရုပ်ဆိုးလောက်အောင်ကို မဲ့ပစ်လိုက်ပြီး

"ဒီမှာ ကို နည်းနည်းတော့ ကိုယ်ချင်းစာစမ်းပါဦးရှင့်"

"ဘာကိုလဲ ကိုယ်က ဘာကိုကိုယ်ချင်းစာရမှာလဲ၊ ကိုယ်ပေးတဲ့အကြံကို မတရားဘူးလို့ ထင်လို့လား"

"ဟုတ်တယ်လေ ရှင့်မိဘဆီက အမွေတောင်းပါဆိုတော့ အကြောင်းပြချက်အမျိုးမျိုးနဲ့ ငြင်းတယ်၊ ခု သက်လျာငွေလိုလို့ ရှင့်ကို အကျိုးအကြောင်းပြောပြနေရတာက ရှင့်ဆီက အကူအညီလေးဘာလေးများ ရမလားလို့ပါ။ ခုတော့ အကူအညီမရတဲ့အပြင် ချက်ချာမိဘတွေရဲ့ အိမ်ကိုပါ ရောင်းခိုင်းရတယ်လို့"

"ဟင် ကိုယ့်ဆီက အကူအညီလိုချင်နေတာ ဟုတ်လား"

"ဟုတ်တယ် ဒါကြောင့် လေအကုန်ခံပြီး ပြောနေရတာပေါ့လို့"

ချက်ချာ နှုတ်ခမ်းတွေ တော်တော်လေး စူနေသည်။

"အဲလိုဆိုလည်း ပွင့်ပွင့်လင်းလင်း ပြောပါလား ချက်ချာရယ်၊ ကိုရယ် ညီမလေးအတွက် သိန်းသုံးဆယ် ထုတ်ချေးပါလို့"

"ခုပြောပြီ ရှင်ထုတ်ပေးပါ"





ညီစေ ထမင်းဆက်စားချင်စိတ်မရှိတော့။ နောက်ဆုံးတော့ ဒီဘူတာပဲရောက်ရတာပဲ မဟုတ်လား။

သက်ပြင်းမောကို မသိမသာချလိုက်ပြီး ချွေးစို့စပြုနေသော နဖူးပြင်ပေါ်မှ ချွေးတို့ကို တစ်ရှူးတစ်ရွက်ဆွဲယူပြီး သုတ်လိုက်သည်။

"အင်းလေ ကူညီဆိုလည်း ကူညီရတော့မှာပေါ့၊ အဲ ခုလောလောဆယ်တော့ ကိုယ့်မှာ ရှိတာဆိုလို့ ချက်ချာကို ကားလေးတစ်စီး ဝယ်ပေးဖို့ စုထားတာလေးရှိတယ်၊ အရေးတကြီးလိုတယ်ဆိုရင်တော့ အဲဒီကားဝယ်မယ့်ထဲက ချေးလိုက်လေ"

"ဟင် ဘယ်လို ချက်ချာကို ကားဝယ်ပေးမယ့်ပိုက်ဆံ ဟုတ်လား"

ထင်မထားသောစကား ကြားလိုက်ရ၍ ချက်ချာ ဝမ်းသာသွားသည်။ နောက်ပြီး ကိုယ့်ရှူးကိုယ်ပတ်ပြီ။

"ဟုတ်တယ်လေ ခုတော့ မဝယ်ဖြစ်တော့ဘူးပေါ့၊ သက်လျာကိစ္စက ပိုအရေးကြီးတာပဲ၊ သူတို့ပြန်ဆပ်မှပဲ ချက်ချာ ကားဝယ်ဖို့စဉ်းစားကြတာပေါ့"

"အို အဲ အဲလိုကြီးတော့"

"ဘာလဲ ကားလုံးဝမလိုချင်ဘူးလား၊ ဒါဆို ပြန်ပေးစရာမလိုဘူးလို့ပြောလိုက်လေ၊ ကိုယ့်ညီအစ်မအချင်းချင်းပဲ သာတယ် နာတယ် တွက်မနေပါနဲ့တော့"

ချက်ချာရင်ဘတ်ထဲမှာ တစ်ဆို့ကြီး ဖြစ်နေသည်။ ဘာဆက်



www.burmeseclassic.com

www.burmeseclassic.com



ပြောရမည်လဲ။

ကိုယ့်ရှုးကိုယ်ပတ်တယ်ဆိုတာ ဒါမျိုးကို ပြောတာဖြစ်မည်။ ကိုယ့်အတွက် ကားဝယ်ပေးမည်တဲ့။

■ ■ ■



## အခန်း (၂၂)

နဲ့စ် အောင်ကိုလတ် သွေးပေါင်ချိန်ဖို့လုပ်ရင်းမှ ညီစေမင်း အခန်းထဲဝင်လာသည်။

"ဒယ်ဒီ့ကို ဆေးသွင်းပြီးပြီလား"

"မသွင်းရသေးပါဘူး အိပ်ပျော်နေတုန်းမို့ နိုးသွားမှာစိုးတာနဲ့"

နဲ့စ်ငါ်အကြောင်းပြချက်က မှန်နေသည်မို့ ညီစေ ဘာမှမပြော တော့ဘဲ ဒယ်ဒီ့နားဝင်ထိုင်လိုက်သည်။ ဒီနေ့မှ ထူးထူးခြားခြား ဒယ်ဒီ အိပ်လှချည်လား။ ခါတိုင်းနေ့တွေဆိုလျှင် ဒယ်ဒီ တစ်ညလုံးလိုလို မအိပ်။ သားသမီးတွေက အလှည့်ကျ ဒယ်ဒီ့ကို အဖော်လုပ်ကြရသည်။

ငြိမ်သက်နေသော ဒယ်ဒီ့ကိုကြည့်ပြီး ညီစေ့စိတ်ထဲ တစ်မျိုး ဖြစ်နေသည်။ နဖူးပြင်မှ ချွေးစလေးတွေကို သုတ်ပေးဖို့ ဒယ်ဒီ့နဖူးကို ထိုင်လိုက်စဉ်မှာ ညီစေ့မျက်လုံးအစုံ ပြူးကျယ်သွားသည်။

www.burmeseclassic.com



''ဟင် ဒယ်ဒီတစ်ကိုယ်လုံး အေးစက်နေတာပဲ''

ရေခဲတမျှ အေးစက်နေသော ဒယ်ဒီ့ရုပ်သွင်မှာ အိပ်ပျော်နေသယောင်နှင့်တကယ်တမ်းမှာတော့ ဒယ်ဒီသည် လူ့လောကကြီးထဲမှ အေးအေးချမ်းချမ်း ထွက်ခွာ၍သွားပါသည်။

ဒီတော့မှ နာ့စ်ကိုယ်တိုင် သူငယ်အိမ်ဖြူကြည့် သွေးခုန်နှုန်းစမ်းကြည့်နှင့် အလုပ်တွေရှုပ်သွားပြီး မျက်စိပျက်မျက်နှာပျက်ဖြင့်ပင်

''အန်ကယ် ဆုံးသွားပါပြီ''

ထိုစကားသည် ညီစေ့ကို ကမ္ဘာ့အပြင်ဘက် ကန်ထုတ်လိုက်သလို ညီစေ့ခန္ဓာကိုယ်သည် လေထဲမြောက်သွား၏။

''ဒယ်ဒီ ဆုံးပြီ ဟုတ်လား''

တစ်ဆို့ကျုပ်ခဲနေသော ဝေဒနာကြီးက ဒယ်ဒီကို ဆုံးရှုံးလိုက်ရပြီဆိုသည့်အသိနှင့်အတူ ကူကယ်ရာမဲ့သွားသည်။

ဝေဒနာကြောင့် ပိန်ချုံးနေသော ဒယ်ဒီ့ရင်ဘတ်ပေါ် မျက်နှာအပ်ကာ ညီစေ ရှိုက်ကြီးတငင် ငိုကြွေးလိုက်တော့သည်။

''ဒယ်ဒီ ဒီတစ်ခါတော့ ကျွန်တော်တို့ကို တကယ်ခွဲသွားပြီပေါ့''

မမကြီးနှင့်ကိုလတ် ဒရောသောပါး ဝင်လာကြသည်။

''ဒယ်ဒီ ဒယ်ဒီ''

''ညီလေး ဒယ်ဒီ့ကို သေချာစမ်းသပ်ပြီးလို့လားကွာ ဟင် ဒယ်ဒီ ဒယ်ဒီ''

''မယုံရင် ကိုလတ်ကိုယ်တိုင် ပြန်စမ်းသပ်ကြည့်ပါလား။ ဒယ်ဒီ





လုံးဝအသက်မရှူတော့ဘူး။ သွေးခုန်နှုန်းတွေလည်း ရပ်သွားပြီ''

ငိုသံပါကြီးနှင့် ပြန်၍ရှင်းပြသည်။

''အမလေး ဒယ်ဒီရယ် သမီးတို့ကိုတောင် နှုတ်မဆက်တော့ဘူး။ ဘယ်သူမှမသိအောင် တိတ်တိတ်လေး ထွက်သွားရလား''

မမကြီး မိန်းကလေးပီပီ တီတီတာတာ ချွဲနွဲ့ပြီး ငို၏။ ကိုလတ်ကတော့ ကြိတ်မနိုင်ခဲမရပုံစံဖြင့် နံရံကို တဒုန်းဒုန်းထုကာ ငိုသည်။

ညီစေ ငိုနေပေမယ့် ငိုနေလို့ချည်းပဲလည်း မဖြစ်။ တခြားမောင်နှမတွေကို အကြောင်းကြားရဦးမည်မို့ ဖုန်းတစ်လုံးနှင့် ဟိုလူ့ဆီဆက် ဒီလူ့ဆီဆက်နှင့်အလုပ်တွေ ရှုပ်နေ၏။

လောကကြီးထဲက နေခွင့်မရှိတော့လို့ ထွက်သွားရမှတော့ ဒယ်ဒီ့ရဲ့ရုပ်ပနကိုအကောင်းဆုံး စီစဉ်ပေးရုံပဲ ရှိတော့သည်။

ကိုလတ်နှင့်မမကြီးကတော့ ငို၍ကောင်းဆဲ။

မမငယ်နှင့်မမထွေးပါ ရောက်လာကြပြီး ဒယ်ဒီ့ကို ဖက်ကာ ငိုကြသည်။

''ဒယ်ဒီ ခုတော့ ငယ်တို့ကို တကယ်ခွဲသွားပြီလား ဒယ်ဒီရယ်''

ဒယ်ဒီကတော့ အိပ်နေသည့်အတိုင်းလေး ငြိမ်းချမ်းစွာဖြင့် လောကကြီးထဲက ထွက်သွားပြီ။

ဒယ်ဒီ ကောင်းရာဘုံဘဝကို ရောက်မှာပါ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

"ကို ခရီးထွက်ရဦးမယ် ချက်ချာ"

"ချက်ချာလည်း လိုက်မယ်"

"ဟာကွာ ဒယ်ဒီနဲ့သွားမှာကွ"

"ဟင် ကို့ဒယ်ဒီကဖြင့် နေမကောင်းသေးဘဲနဲ့"

"ထူထူထောင်ထောင် ဖြစ်နေပါပြီ၊ ဝေဒနာလေးနည်းနည်း လျော့တုန်း သူ့ဇာတိလေးကိုပြန်ပြီး ဘုရားတည်ဖို့ကိစ္စလေးတွေ စီစဉ်ချင်လို့တဲ့"

ချက်ချာရှေ့မှာ ညီစေ့အသံတွေ မသိမသာ အဖျားခတ်တုန်ခါနေသည်။ ချက်ချာ သတိထားမိပုံမပေါ်။

"ဘယ်နှရက်လောက်ကြာမှာလဲ"

"အလွန်ဆုံး တစ်ပတ်ပေါ့"





ဒီနေ့ဆိုလျှင် ဒယ်ဒီဆုံးတာ သုံးရက်မြောက်နေ့ဖြစ်သည်ဆိုတာကို ချက်ချာ လုံးဝမရိပ်မိသေး။ ညီစေ့အဖို့ ဒယ်ဒီဆုံးပြီဆိုတာကို ချက်ချာအားလုံးဝ အသိပေးလိမ့်မည်မဟုတ်။

ခုနေ ဒယ်ဒီဆုံးပြီဟုသာ ပြောကြည့်လိုက် ညီစေ့ရှေ့မှာသာ ဟန်ဆောင်စိတ်မကောင်းဖြစ်ဟန်ပြပြီး ညီစေ့ ကွယ်တာနှင့်အမွေတွေ ရတော့မည်ဟူသော လောဘစိတ်နှင့် ကွေးနေအောင်ပင် ကမလားမပြောတတ်။

သူက ဒယ်ဒီ့ကို အစောကြီးကတည်းက သေစေချင်နေတာပဲ။

ထိုအတွေးတစ်ခုကြောင့် ရင်ထဲမှာ မျက်ခနဲ နာကျင်ရသည်။ ချက်ချာ သေစေချင်သလို ခုတော့ ဒယ်ဒီကို ညီစေ တကယ်ဆုံးရှုံးလိုက်ရပြီ။

ရင်နင့်သောခံစားမှုကြီးတွေက သိမ်ငယ်ခြင်းတွေကို ဆင့်ကဲဖြစ်ပေါ်၍သွားစေသည်။ လောကကြီးထဲမှာ ဒယ်ဒီမရှိတော့ဘူးဟူသော ဆုံးရှုံးမှုကြီးက ဘာနှင့်မှ အစားထိုး၍မရနိုင်။

ဒယ်ဒီ ကိုယ့်ကိုအပြီးတိုင် ခွဲသွားခဲ့ပြီပဲ။

"ကို ဘာတွေတွေးနေတာလဲ"

အတွေးတို့ ကြေကွဲစွာ နှုတ်ဆိတ်လျက်

"သြော် ဘာမှမတွေးပါဘူး။ ဒါနဲ့ ချက်ချာ ဒီရက်ထဲ ဘယ်သွားစရာတွေ ရှိသေးလဲ"

"ဟင့်အင်း ဘယ်မှထွေထွေထူးထူး သွားစရာတော့ မရှိပါဘူး



www.burmeseclassic.com

www.burmeseclassic.com



အဲ ဒီနေ့တော့ ရှိတယ်''

"ဟင် ဘယ်ကိုလဲ''

"ဒီလမ်းထဲက အန်တီကြီးတစ်ယောက်ဆုံးလို့လေ အသုဘ လိုက်ပို့ရဦးမယ်၊ နေ့လယ်တစ်နာရီလောက်မှပါ ရေဝေးကိုလေ''

ညီစေမင်း မျက်လုံးပြူးသွားသည်။ ဒီနေ့ ဒယ်ဒီရုပ်ကလာပ်ကို သဂြိုလ်မည့်နေ့၊ နေ့လည်တစ်နာရီမှာ။

ချက်ချာကပါ ရေဝေးကို အသုဘလိုက်ပို့မည်ဆိုလျှင် ညီစေ တို့နှင့်တန်းတိုးနိုင်သည်။ ဒယ်ဒီဆုံးတာကို ချက်ချာ လုံးဝသိ၍မဖြစ်။ ဒီတော့ ချက်ချာကို တားမှဖြစ်မည်။

"ဟာ ကိုမှမရှိတာ အဲဒီနေရာတွေကို မသွားပါနဲ့ကွာ''

"ဟော့တော် ကိုကလည်းလေ မသာတစ်ခေါက် ကျောင်းဆယ် ခေါက်တဲ့၊ အသုဘလိုက်ပို့တာ ဘယ်လောက်ကုသိုလ်ရလိုက်သလဲ''

"ကုသိုလ်ရမှန်းသိတယ် ဒီနေ့ပဲ ကိုယ်နဲ့ဒယ်ဒီက ဘုရားတည် ဖို့ခရီးထွက်မှာ ကိုယ့်မိန်းမက အသုဘလိုက်ပို့ရင် သင်္ချိုင်းမြေနင်းရမယ်၊ မင်္ဂလာမရှိပါဘူးကွာ၊ မသွားနဲ့ ညနေမှ ကူငွေသွားပေးလိုက်ပေါ့''

အယူသီးလွန်းသည်ဟူသောအကြည့်ဖြင့် ခပ်မဲ့မဲ့ကြည့်ပြီး

"ယောကျာ်းကြီးတန်မဲ့ အယူကလည်းကြီးပဲ''

ထင်ချင်သလို ထင်ပါစေတော့ အရေးကြီးတာ ဒီနေ့ ဒယ်ဒီ ရုပ်ကလာပ်သဂြိုလ်ပွဲကို ချက်ချာ မြင်သွား၍မဖြစ်။

"ကိုယ့်ကိုနားလည်ပေးပါ ချက်ချာရယ် နော် ရော့ ဒီမှာ





ကူငွေသွားပေးလိုက်''

တစ်သောင်းတန်နှစ်ရွက် ထုတ်ပေးနေသည်မို့ ချက်ချာ အူ ကြောင်ကြောင်ဖြင့်ယူထားလိုက်ပြီး

"ကို ဒီနေ့ ဘာဖြစ်နေတာလဲ မျက်နှာကြီးအစ်နေသလိုပဲ''

ငိုထား၍ မျက်နှာအနည်းငယ် အစ်နေသည်ကို ချက်ချာ ရိပ်မိ သွားမှုံရသည့် ညီစေကို အကဲခတ်နေသည်။

"ဟုတ်တယ် ကိုယ်က အိပ်ရေးမဝရင် မျက်နှာအစ်တတ်တယ် ညက ကိုလတ်ရဲ့ရုံးအလုပ်တွေ ဝိုင်းလုပ်ပေးနေရတာနဲ့ သိပ်မအိပ်ဖြစ် လိုက်ဘူးလေ''

ညာပြီဆိုမှတော့ ယုံအောင်ညာရတော့မှာပင်။

"ဟင်း ချက်ချာအတွက်သာ အဲလောက်အချိန်ပေးနိုင်ရင် ဘယ်လောက်ကောင်းလိုက်မလဲ''

"ချက်ချာရယ် ကိုယ်က ကိုလတ်ကို တကူးတက အချိန်ပေးရ တာမဟုတ်ပါဘူး၊ ဒယ်ဒီ့ကိုပြုစုရင်းနဲ့ အိပ်ချင်စိတ်မရှိသေးတာနဲ့ အဲ ချက်ချာကိုလည်း သတိရနေတာနဲ့ သတိရစိတ်ကိုဖြေတဲ့အနေနဲ့ ကိုကို့ အလုပ်ထဲ စိတ်နှစ်ထားပေးလိုက်မိတာ''

ချက်ချာ ကျေနပ်စေမယ့်စကားမျိုးတွေ ရွေးပြောပေးလိုက်သည့် အတွက် ချက်ချာထံမှ မျက်စောင်းလက်လက်ကလေး လွင့်လာသည်။

မိန်းမတွေက ဒီလိုပဲ အမြှောက်အပင့် အချွဲအပျစ်တွေနဲ့သူတို့ စိတ်ကြိုက်လိမ်နေမှ သဘောကျကြတာဟု စိတ်ထဲကတွေးပြီး ပြုံးချင်ချင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မိသွားသည်။

"ကဲပါ ဒါဆိုရင်လည်း တစ်ရေးအိပ်လိုက်ဦး ချက်ချာ အဲကွန်း ဖွင့်ထားတယ်"

"ကိုယ် အိပ်ဖို့အချိန်မရှိဘူး၊ ခရီးထွက်ဖို့ ကိစ္စလာပြောတာ၊ ခုပဲ ပြန်သွားရမှာ ချက်ချာရဲ့"

ချက်ချာ မျက်နှာလေး အိုဆင်းသွားသည်၊ ဘာမှတော့ မပြော။

"အင်းလေ ဒါဆိုလည်း ပြီးရောပေါ့"

"ဒီနေ့ အသုဘလိုက်မပို့နဲ့နော်"

"အင်းပါ"

"ကဲ ကိုယ်သွားတော့မယ်နော် ညတိုင်းဖုန်းဆက်မယ် သိလား"

ချက်ချာ၏နဖူးပြင်ဝင်းဝင်းလေးကို ဖိကာပ်နမ်းရှိုက်ပြီး နှုတ်ဆက်ခွေးသိပ်လိုက်သည်။

ဒယ်ဒီ့နာရေးကိစ္စမပြီးမချင်း ချက်ချာနားမှာနေ၍မရ။ အိမ်လာချင်သည်ဟု နားပူနားဆာလုပ်နေမည်စိုး၍ ခရီးသွားရမည်ဟု တစ်ခါတည်း လမ်းစပိတ်ထားလိုက်ခြင်းဖြစ်သည်။

■ ■ ■



## အခန်း (၂၄)

"ညီစေ ကိုယ့်အဖေတစ်ယောက်လုံးဆုံးတာကို ဘာဖြစ်လို့ ချက်ချက်ချာကို အသိမပေးရတာလဲ"

ညီစေ့လုပ်ရပ်ကို အစ်ကိုတွေ အစ်မတွေ နားမလည်ကြ။

"ဒယ်ဒီဆုံးတာ သူ့ကိုမသိစေချင်လို့ပါ"

"ဟာကွာ မင်းဟာက မဟုတ်သေးပါဘူး၊ ဘာပဲဖြစ်ဖြစ် သူက ချွေးမတစ်ယောက်လေ သူ့မှာလာပိုင်ခွင့်ရှိတယ်"

"လာပိုင်ခွင့်ရှိပြီး လုပ်ပိုင်ခွင့်တွေ ရပိုင်ခွင့်တွေထပ်တိုးလာရင် မကောင်းဘူး"

"ဒီကောင်မလေးက အဲဒီလိုလူစားမျိုး မဟုတ်ပါဘူးကွာ"

ကိုယ့်မိန်းမအကြောင်း ကိုယ်ပဲသိ၍ အဖြစ်မှန်အကြောင်းအရင်းကို ပြောပြပြန်လျှင်လည်း သူတို့လက်ခံနိုင်ကြပါ့မလား။



www.burmeseclassic.com

www.burmeseclassic.com



"ဒယ်ဒီ့ခမျာမှာလည်း သူ့သားအငယ် မိန်းမယူပြီးသွားပြီဆိုတာကိုတောင် သိမသွားရှာဘူးကွယ်၊ မမကြီး စိတ်မကောင်းဖြစ်လိုက်တာ"

"ကိုညီရေ ဖုန်းလာနေတယ်"

အခန်းထဲမှ ဖုန်းယူလာပေးသော မရီးကိုကျေးဇူးတင်စွာ ပြုံးပြလိုက်ပြီး ကမ်းပေးလာသော ဖုန်းကို တရိုတသေလှမ်းယူလိုက်သည်။

ချက်ချာဆီမှ ဖုန်းဖြစ်သည်။

"ဟဲလို ချက်ချာ နေကောင်းရဲ့လား"

မိန်းမကို ဥပေက္ခာပြုထားသလိုလိုနှင့် ဂရုတစိုက်ရှိလှသော ညီစေ့ကိုကြည့်ပြီး ညီအစ်ကိုမောင်နှမတွေအားလုံး သက်ပြင်းကိုယ်စီချလိုက်သည်။

"နေမကောင်းဘူးလား အင်းပါ ကိုယ် ဒီကကိစ္စတွေပြီးတာနဲ့ ပြန်လာမှာပါ၊ ချက်ချာသာ ကျန်းမာရေးဂရုစိုက်နော်"

ဖုန်းပိတ်လိုက်ပြီးသည်နှင့် စိတ်မောစွာ သက်မမောကို ဖူးခနဲချလိုက်သည်။

"အနေချောင်ရဲ့သားနဲ့ အနေကျပ်အောင် ကိုယ့်ဖာသာကိုယ်လုပ်နေတယ်၊ မင်းလိုလူမျိုးတစ်ခါမှ မမြင်ဖူးဘူး"

"ညီ့ကို ဂရုစိုက်မနေပါနဲ့ ကိုလေးရာ၊ ညီ့ကိစ္စက ဘာမှမပြောပလောက်ဘူး၊ ကိုလေးတို့ ခုချိန်မှာ ဂရုစိုက်ရမှာက ကိုယ့်ဆီမှာရှိနေတဲ့ အခက်အခဲကို မြန်မြန်ဖြေရှင်းလိုက်ကြဖို့ပဲ"





ကိုယ်ရသင့်ရထိုက်တာကို မယူဘဲ အစ်ကိုတွေ အစ်မတွေ၏ အဆင်မပြေမှုတွေကို ဝိုင်းဝန်းဖြေရှင်းပေးသော ညီစေ့ကိုကြည့်ပြီး အားလုံးရင်ထဲမှာ စိတ်မသက်မသာ ခံစားနေကြရသည်။

"ဒီငွေတွေကို မမကြီးတို့ အကြီးတွေအတွက် အကုန်ပုံအောပြီးပေးစရာမလိုပါဘူးကွယ်၊ ရသင့်ရထိုက်တာကို ညီတူမျှတူ ရပြီးတဲ့အပြင် မင်းဆီက ရိုင်ခွင့်အမွေတွေကိုမှ အပိုခေတင်းပြီးယူတဲ့အတွက် မမကြီးတို့ အကြီးတွေ ဘယ်မှာလာပြီး တရားပါတော့မလဲ"

"ဟုတ်ပါတယ် ညီစေ ငါတို့မလွှဲသာ မရှောင်သာ ယူသုံးလိုက်ရပေမယ့် ဒါတွေကို ပြန်ဆပ်ပါ့မယ်"

တစ်ဦးမေတ္တာတစ်ဦးမှာဆိုသလို ညီစေ့မေတ္တာတရားတွေကို အစ်ကိုအစ်မတွေကလည်း ကျေးဇူးတရားတွေဖြင့် ပြန်၍တုန့်ပြန်လာကြသောအခါ ညီစေ ပေးဆပ်ရကျိုးနပ်ပါသည်။

"ပြန်ပေးစရာမလိုပါဘူး ကျွန်တော်လည်း ဒယ်ဒီထူထောင်ပေးခဲ့တဲ့ လုပ်ငန်းနဲ့ အခြေကျနေပြီပဲ ကျွန်တော့်အတွက် ဘာမှမပူပါနဲ့"

ငွေကိုစနစ်တကျသုံးစွဲပြီး တခြားလူငယ်တွေလို အမိုက်မဲ့လျှောက်မသုံးတဲ့ ကိုယ့်အင်ကိုယ့်အားနှင့်ထူထောင်ထားသော ကားဆေးဖစ်တစ်ခုရှိသည်။ ဖုန်းဆိုင်တစ်ခုရှိသည်။ ဒယ်ဒီပိုင်တာ အထည်ချုပ်လုပ်ငန်းတစ်ခုပဲကျန်တော့သည်။

ချက်ချက်ချာကတော့ ထိုလုပ်ငန်းတွေကို ဒယ်ဒီ့လုပ်ငန်းတွေဟုပဲ ထင်နေဆဲမို့ ကိုယ့်လုပ်ငန်းတွေပါလို့လည်း ရှင်းပြမနေတော့။



www.burmeseclassic.com

www.burmeseclassic.com



ချက်ချာလောဘရှိတာကိုတော့ ညီစေ စိတ်ထဲမှာ သိပ်သဘော မကျ။ ထို့ကြောင့် ထိုလောဘတွေ နည်းနိုင်သမျှနည်းစေဖို့ လုပ်ငန်းပိုင်ဆိုင်မှုတွေကို ချက်ချာရှေ့ချပြမနေတော့။

ဖနီးမယားအပေါ် မကောင်းစိတ်မွေးမိတာတော့ မဟုတ်။

လူဆိုတဲ့မျိုးက မရှိလျှင် နည်းနည်းပဲပူပြီး လောဘတက်သည်။ ရှိလာလျှင် များများပူရပြီး များများလောဘတက်တတ်သည့်အမျိုး မဟုတ်လား။ အဲဒီနောက်မှာ အတ္တတွေ မာနတွေ လောဘတွေကပ်လိုက်လာပြီဆိုလျှင်တော့ ထိုလူ့အတွက် အမိုက်မှောင်ကိုသာ ခြေဦးတည့်ရတော့မည်။ ဒါဟာ လုံးဝမလွဲနိုင်သော လောက၏ပြဋ္ဌာန်းချက်တစ်ခု။

ထို့ကြောင့် ချက်ချာအား လောဘနည်းနိုင်သမျှ နည်းအောင်ခုကတည်းက မက်လုံးတွေ သိပ်ထုတ်မပြတာဖြစ်သည်။

မချစ်၍လည်းမဟုတ် ဘဝတစ်ခုလုံးကို အတူတူတူထောင်မိပြီဆိုမှတော့ လင်ရယ်မယားရယ် စိတ်တူကိုယ်တူ ရှေ့ဆက်လျှောက်ဖို့အတွက် ချက်ချာ၏စိတ်တွေကို ရောင့်ရဲတတ်လာအောင် ပုံစံချနေခြင်းဖြစ်သည်။

ငွေရဲ့ခြယ်လှယ်လွှမ်းမိုးမှုအောက်မှာ ချက်ချာ မနစ်မွန်းစေရ။

■ ■ ■



## အခန်း (၂၅)

"မချက် မချက်ရေ"

ခေါ်သံနှင့်အတူ အခန်းထဲပြေးဝင်လာသော သက်လျာ၏အသံကြောင့် ရေချိုးပြီး မှန်တင်ခုံရှေ့တွင် ထိုင်နေသော ချက်ချာ မှန်ထဲမှာ မေးဆတ်ပြရင်း

"ဘာလို့အမောတကောနဲ့ ခေါ်နေရတာလဲ"

သက်လျာ ခုတင်စွန်းတွင် ဝင်ထိုင်ပြီး မျက်နှာမှာ ထီပေါက်သလို ဝမ်းသာရိပ်တွေထင်းနေ၏။

"မချက် မချက်ရဲ့ယောက္ခထီးကြီး ဆုံးသွားပြီတဲ့"

"ဟင်"

ရင်ထဲမှာ စိတ်လှုပ်ရှားလွန်း၍ ဒိန်းခနဲ ဆောင့်ခုန်သွားသည်။ တစ်ခါပဲမြင်ဖူးရသေးသည့် ယောက္ခထီးကြီး သေပြီတဲ့လား။ သေကပြီး



www.burmeseclassic.com

www.burmeseclassic.com



ပျော်ရမှာလား၊ ကိုမျက်နှာကြောင့် ဟန်ဆောင်ပူဆွေးရမှာလား။

"နှင့်ကို ဘယ်သူပြောလဲ"

"သီရိ ပြောတာပဲ"

"သူက ဘယ်လိုလုပ်သိလဲဟယ် အဘိုးကြီးက အခု ဒီမှာ မရှိဘူး သူ့ဇာတိကိုပြန်ပြီး ဘုရားတည်နေတယ်"

"အဲဒါတော့ ညီမလေးလည်း မသိဘူး၊ သီရိ တူမလေးဆီက ကြားတာ အဲ ကောင်မလေး ဟိုရက်က ကျောင်းမတက်တာ သူ့အဘိုးဆုံးလို့တဲ့"

ချက်ချာ မဖြစ်နိုင်ဘူးဟူသော သံသယစိတ်ဖြင့် ခေါင်းကိုခပ်ဖြည်းဖြည်း ခါလိုက်သည်။

"အဘိုးကြီးဆုံးရင် ကို ငါ့ကိုပြောမှာပေါ့၊ ကိုလည်း အခု မရှိဘူး၊ သူ့အဖေနဲ့ခရီးထွက်သွားတယ်"

"ဒါဆို ဖုန်းဆက်ကြည့်ပါလား"

သက်လျာ၏အကြံပေးချက်ကြောင့် ချက်ချာ ဖုန်းကိုလှမ်းယူကာ ညီစေ့ဆီ ကမန်းကတန်း ဖုန်းခေါ်လိုက်သည်။

"ဟာ အရေးထဲ လူကြီးမင်းနဲ့တိုးနေတယ်"

"ဒါဆို သူ့အစ်ကိုအစ်မတွေရဲ့ဖုန်းနံပါတ်ကို ဆက်ကြည့်"

"ငါမသိဘူး အဲ နေဦး အဘိုးကြီးရဲ့ဖုန်းနံပါတ်တော့ ငါ ကိုဆီက တိတ်တိတ်လေး ယူထားလို့သိတယ်၊ ငါ့ဖုန်းထဲမှာ ထည့်ထားတယ်၊ ခေါ်ကြည့်လိုက်မယ်လေ"





"ဟိုက တကယ်သေနေရင် တမလွန်ကနေ ထပြီးထူးနေမယ်"

"ဘာပဲဖြစ်ဖြစ် အခြေအနေသိရအောင်တော့ ခေါ်ကြည့်ရမှာပဲ"

ယောက္ခထီး၏ဖုန်းနံပါတ်ခလုတ်တွေကို စိတ်လှုပ်ရှားစွာဖြင့် နှိပ်ပြီး ခေါ်လိုက်သည်။

တစ်ဖက်မှ ဟဲလိုဟူသောအသံကြောင့် ချက်ချာ ဘာပြန်ပြောရမှန်းမသိအောင် သက်လျာကို လှမ်းကြည့်ပြီး

"ဟဲ့ ငါ ဘာပြောရမှာလဲ ဟဲလိုလို့ ထူးနေပြီ"

အသံခပ်အုပ်အုပ်ဖြင့် သက်လျာကို မေးသည်။

"ကျွတ် မမကလည်း ပိန်းလိုက်တာ ဒီလိုပဲ ဖောလိုက်ပေါ့တာ"

"အဲ ဟို ဒယ် ဒယ်ဒီလားဟင်"

■ ■ ■

ဖုန်းနံပါတ်ပေါ်လာတာကိုကြည့်ပြီး ညီစေ ပြုံးလိုက်သည်၊ ဒယ်ဒီ့ဖုန်းကို လှမ်းဆက်နေသော ချက်ချာဆီမှာ ဘာအကြံများရှိနေလို့ပါလိမ့်။

ချက်ချာအတွက် ကံဆိုးချင်တော့ ဒယ်ဒီ့ဖုန်းကို ညီစေက ကိုင်ထားသည်ပဲ။ ဒီတော့ ဒယ်ဒီ့အသံမျိုးဖြင့် ပုံမှားရိုက်လိုက်ရုံပင်။

ဟဲလိုဟု ခပ်တည်တည်ဖြင့် ပြန်ထူးလိုက်သည်။

ချက်ချာဆီမှ ဘာစကားသံမှ ထွက်မလာသေး။ တစ်ဖက်မှာ တစ်ယောက်ယောက်ရှိနေသည့်အနေအထားမျိုး မသဲကွဲသောစကားသံ



www.burmeseclassic.com

www.burmeseclassic.com



သဲ့သဲ့တွေ ကြားနေရသည်။

သေချာသည် ဒါဟာ လူလည်မလေး သက်လျာဖြစ်ရမည်။ သူ့လောဘရှိသည့်အတိုင်း အစ်မလုပ်သူက ဘေးကနေမြှောက်ပင့်ပေးနေသော ခယ်မ စိတ်ထဲမှာ နည်းနည်းမှ မနှစ်မြို့မိ။

"ဟဲလို"

နောက်တစ်ကြိမ် ဟဲလိုဟု ပြန်ထူးလိုက်မှ တစ်ဖက်မှ ချက်ချက်ချာ၏မဝံ့မရဲ ဒယ်ဒီလားဟင်ဟူသော မေးသံလေးထွက်လာသည်။

ညီစေ ပြုံးလိုက်သည်။

"ဟုတ်တယ် အခု ဘယ်သူဆက်နေတာလဲ သမီးကြီးလား သမီးလတ်လား အထွေးလား အငယ်လား"

သမီးလေးယောက်စလုံးကိုမေးဟန်ဖြင့် ခပ်တည်တည် မေးလိုက်သည်။

"ချက် ချက်ချာပါ ဒယ်ဒီ"

"ချက်ချာ ဟုတ်လား ဘယ်ကချက်ချာလဲ"

တမင်ပင်မသိဟန်ဆောင်၍ မေးလိုက်သည်။ သဏ္ဍာန်လုပ်သရုပ်တူအောင်ပေါ့။

"ကိုညီရဲ့အမျိုးသမီးပါ"

"ဪ အေး ပြောလေ သမီး ဒယ်ဒီ့ဆီတစ်ခါမှမဆက်စဖူးဆက်လို့ပါလား ဟမ်"

"ဟို ဟိုလေ ဒယ်ဒီ နေကောင်းရဲ့လားလို့ ဖုန်းဆက်မေးကြည့်





တာပါ"

ညီစေ ဖုန်းနားထောင်ရင်း ပြုံးလိုက်သည်။

ပုလင်းအလုံးတစ်ရာကို အဖုံးပိတ်ရင် လုံမည်။ လူ့ပါးစပ်ပေါက်တစ်ပေါက်ဆိုတာ ပိတ်၍ရခဲသည့်အပေါက်တစ်ခု။ ဒယ်ဒီဆုံးသည့်သတင်းကို တစ်ဆင့်စကားတစ်ဆင့်နား ကြားချင်ရင်ကြားနေလောက်ပြီ။ ဒါကြောင့် ပို၍သေချာအောင် ဖုန်းလှမ်းဆက်သည်ဆိုတာ ညီစေ မသိဘဲရှိပါ့မလား။

"ရှင်းရှင်းကြီးတော့ ဘယ်ကောင်းဦးမလဲ သမီးရယ်၊ ဒယ်ဒီခုပဲ နယ်ကပြန်ရောက်တာလေ"

"ဒါဆို ကိုညီရော"

"သားညီလား သူက ဘုရားတည်ဖို့ ဘတ်ဂျက်ချပေးရဦးမှာမို့ကျန်ခဲ့သေးတယ်၊ တစ်ရက်နှစ်ရက်နေရင် ပြန်လာမှာပါ၊ ဒယ်ဒီက ဆရာဝန် ရက်ချိန်းပြန်ပြရမှာမို့ ပြန်လာရတာ၊ ပြီးရင် ပြန်သွားရမှာလေ"

"ဟုတ်ကဲ့ ဒယ်ဒီ ချက်ချာက ဒယ်ဒီ နေမကောင်းလို့ သတင်းလှမ်းမေးတာပါ၊ ဒါဆို ဒါပဲနော် ဒယ်ဒီ အဲ ဒယ်ဒီ့ဆီချက်ချာ လာတွေ့ဦးမယ်"

"ဪ အေး အေးကွယ် လာရင်တော့ ဖုန်းကြိုဆက်နော်"

"ဟုတ်ကဲ့ ဒါဆို ချက်ချာ ဖုန်းချလိုက်တော့မယ်နော်"

"အေးပါ သမီးရယ် အေးပါ"

တစ်ဖက်မှ ဖုန်းချသွားပြီမို့ ညီစေမင်း အသက်ကို မှုမှပင်



www.burmeseclassic.com

ခပ်ဝဝရှူနိုင်တော့၏။

မလွယ်ပါလား ချက်ချာရယ်။ ဒယ်ဒီ့ကိုနယ်ရောက်နေသည်ဟု ပြောပြီးကာမှ ခုရန်ကုန်ကို ချက်ချင်းပြန်ရောက်လာသည်ဟု ညာရပြန်သည်။

ထင်သည့်အတိုင်းပင် ဒယ်ဒီ့ကို ချက်ချာ လာတွေ့လိမ့်မည်။

ကိုယ်ယူထားတဲ့မိန်းမ ချက်ချက်ချာဟာ နာမည်နှင့်လိုက်အောင် ချက်ချာချာရှိသလို ညီစေမင်းကလည်း ချက်ချာရွှေ့မယ့်အကွက်ကို ကြို မြင်ပြီးသားမို့ ...။



## အခန်း (၂၆)

"သက်လျှာ နင်ကြားတာ သတင်းအမှားကြီးဟဲ့၊ အဲဒီကြီးက ဘာမှမဖြစ်ဘူး။ ရန်ကုန်တောင် ပြန်ရောက်နေပြီတဲ့"

ဖုန်းပိတ်ပြီး စားပွဲပေါ်လှမ်းတင်ကာ မျှော်လင့်ချက်တွေဖြင့် မျှော်မော့နေသော သက်လျှာကို ပြောလိုက်သည်။ သက်လျှာနှုတ်ခမ်းတွေကို ဂငယ်ကွေ့မဲ့လိုက်ပြီး

"ဟွန်း အသက်ကလည်း ပြင်းလိုက်ပါဘိ၊ အဆိပ်ကျွေးသတ်နိုင်တောင်သေပါ့မလားဟယ်"

"နင်ကလည်းဟယ် အဲလောက်အကုသိုလ်မများစမ်းပါနဲ့၊ ကို ပြောသလို အမွေဆိုတာ စားထိုက်မှစားရတာပါ"

ကို ပြောသလို သက်လျှာကို ပြန်ပြောလိုက်သည်။

www.burmeseclassic.com



"ဒါဆိုရင် အလှပြင်ဆိုင်ကြီးဖွင့်ဖို့ ဘယ်လိုလုပ်မလဲ၊ မချက် လက်လျှော့လိုက်ပြီလား"

"မလျှော့ပါဘူး ငါစဉ်းစားမိတာ တစ်ခုရှိတယ်"

"ဘာလဲ"

"ငါတို့ညီအစ်မနေတဲ့အိမ်ကိုရောင်းပြီး တစ်ဖက်လှည့်နဲ့ဝယ် ထားလိုက်ရင်ရော ကိုဆီက အမွေရတော့ ငါတို့ဝယ်ထားတဲ့ပုံစံနဲ့မဟုတ်တဲ့ သူများဆီက လှည့်ပြီးဝယ်တဲ့ပုံစံမျိုး လုပ်လိုက်ရင် တို့မိဘတွေရဲ့လက်ငုတ် လက်ရင်းလေး မဆုံးရှုံးရတော့ဘူး"

"ထင်သလောက် လွယ်ပါ့မလား မချက်ရာ၊ အဲဒီအဘိုးကြီးက ဘယ်အချိန်ကြွမှန်းမသိဘူး"

"အို သူ့ဟာသူ ကြွချင်တဲ့အချိန်ကြွပစေပေါ့၊ ဒီအဘိုးကြီးရဲ့ သားက ငါ့ယောကျ်ားဖြစ်နေတဲ့အတွက် အမွေက အချိန်တန်ရင်စားရမှာ ပဲ၊ ဒီထက်အချိန်ဆွဲနေရင် အဲဒီအဆောက်အဦးက လွတ်သွားမှာ"

"ဒါဆိုလည်း မမရဲ့သဘောပဲလေ"

"ဒါနဲ့ ညီမလေးကို သိန်းသုံးဆယ်ချေးဖို့ကိစ္စရော ဘာပြောလဲ"

"တို့အိမ်ကို ရောင်းလိုက်ပါလားတဲ့"

"ဟွန်း လူလည်ကြီး ကပ်စေးကလည်းနည်းပါ့၊ အဲဒါတော့ သူပြောမှလား၊ အလကားနီးပါးများ ရမလားဆိုပြီး ပြောခိုင်းကြည့်ပါတယ် ကိုယ့်ကြိုးနဲ့ကိုယ့်ကို လာပြန်ချည်ခိုင်းနေတယ်"

"ဒါနဲ့ နင်တို့ကရော ဘယ်တော့လက်ထပ်ကြမှာလဲ၊ ဂျပန်ကို





သွားမှာ လက်ထပ်ပြီးမှသွားနော်၊ လက်မထပ်ရသေးဘဲ ဟိုမှာ Living together သွားလုပ်နေရင် နင့်ထက်သာတဲ့ ဂျပန်မလေးတွေနဲ့တွေ့ပြီး နင်ကျန်ရစ်ဖြစ်ခဲ့လိမ့်မယ်၊ ယောကျ်ားတွေက ဘယ်ယောကျ်ားမှ ယုံလို့ ရတာမဟုတ်ဘူး၊ ရေ့တစ်မျိုး ကွယ်တစ်မျိုးတွေ"

"ညီမလေးက နပ်ပြီးသားပါ မမချက်ရာ၊ မမလိုတော့ လူမသိ သူမသိ တိတ်တိတ်ပုန်း လက်မထပ်ဘူး၊ အပျိုစင်သိက္ခာကျတယ် ဟိ ဟိ"

"ကြည့် သက်လျှာ ညီအစ်မအချင်းချင်း ကဲ့ရဲ့နေတယ်ပေါ့ ဟုတ်လား အခု တိတ်တိတ်ပုန်း မဟုတ်တော့ဘူးလေ၊ ကိုအဖေရော သူညီအစ်ကို မောင်နှမတွေပါ အကုန်အသိအမှတ်ပြုလိုက်ပြီပဲ နင် စောင့် ကြည့်နေပါ၊ ငါ့ယောကျ်ားထီးက ငါ့ကိုချွေးမအငယ်ဆုံးလေးဆိုပြီး အချစ်ပို လာစေရမယ်"

ဂုဏ်ယူဝံ့ကြွားစွာ ကြွေးကြော်လိုက်သော ချက်ချက်ချာစကား ကြောင့် သက်လျှာ ခစ်ခနဲ ရယ်လိုက်ပြီး

"စောင့်ကြည့်ရဦးမှာပေါ့ မချက်ရယ်"

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

"မေမေ မေမေရေ ဦးညီရဲ့မိန်းမ လာနေပြီ"

ခြံထဲတွင်ဆော့နေသော မမလတ်၏သမီးနှင့်ကိုလေး၏သား အိမ်ထဲပြေးဝင်လာပြီး ပြောသည့်အတွက် အစ်မတွေနှင့် ထိုင်စကား ပြောနေသော ညီစေ ဝုန်းခနဲ ထရပ်လိုက်ပြီး

"မမလတ် သူ့ကိုဧည့်ခန်းထဲမှာ အချိန်ဆွဲပြီးထိုင်နိုင်းထားဦး သားတို့သမီးတို့ ဦးညီရှိတယ်လို့ မပြောနဲ့နော်၊ ဦးညီ ခရီးသွားတယ်လို့ ပြော ဟုတ်ပြီလား"

"ဟုတ်ကဲ့ ဦးညီ"

ကလေးတွေမျက်နှာမှာ ပြုံးစိစိဖြင့် တည်တည်ငြိမ်ငြိမ် ထိုင် စကားပြောနေရာမှ ဝုန်းခနဲ ထရပ်ပြီး ခြေမကိုင်မိလက်မကိုင်မိ ဖြစ်သွား သော ညီစေ့ပုံက သူတို့အတွက် ရယ်စရာဖြစ်ကောင်း ဖြစ်နေလိမ့်မည်





"ညီစေ မင်းအဆင်ပြေပါ့မလား၊ အလိမ်ပေါ်သွားရင် မမကြီး တို့ အကြီးတွေပါ မကောင်းဖြစ်မယ်နော်၊ ကောင်မလေးပုံစံက မင်း ခရီးထွက်တာ သိပ်မယုံချင်လို့လာတာပဲ ဖြစ်ချင်ဖြစ်မှာပေါ့"

"ရတယ် သူ မရိပ်မိဘူး မမကြီး၊ အခု သူလာတာ ကျွန်တော့် ဆီလာတာမဟုတ်ဘူး၊ ဒယ်ဒီ့ဆီလာတာ ကျွန်တော် ဒယ်ဒီ့လိုဟန်ဆောင် နေလိုက်ရင် ဖြစ်ပြီ၊ မမကြီးတို့သာ ဟန်မပျက်နေပေး၊ ဒယ်ဒီ ဆုံးသွား ပြီဆိုတဲ့အကြောင်း လေသံတောင် မဟမိစေနဲ့"

"အေးပါ အေးပါဟယ် အမလေး ငါ ရင်တွေတုန်လိုက်တာ ဟယ်၊ လုပ်လိုက်ရင် တကယ့်အထူးအဆန်းပဲ ညီစေရယ်၊ ငါတို့တော့ ခင်းလုပ်ရပ်ကို ဉာဏ်မမီတော့ဘူး"

"ရှူး တိုး တိုး ဟိုမှာလာနေပြီ"

ညီစေ အခန်းထဲလှစ်ခနဲ ပြေးဝင်သွားသည်။

မမကြီးတို့ မမလတ်တို့၏မျက်နှာပေါ်မှ စိုးရိမ်စိတ်တွေ လုံ အောင်ဖုံးပြီး ဧည့်ခန်းထဲဝင်လာသော ချက်ချာကို အပြုံးကိုယ်စီဖြင့် ဆီးကြိုကြ၏။

"လာ ညီမလေး မောင်လေးက အဲ ခရီးသွားနေတာလေ၊ ခုထိ ပြန်မလာသေးဘူး"

"ဟုတ်ကဲ့ ချက်ချာ သိတယ်၊ ခုလာတာ ဒယ်ဒီ့ဆီကိုရေ ဒယ်ဒီရော"

"ရှိတယ် အခန်းထဲမှ ဆေးသောက်ပြီး မှေးနေတယ် ခဏထိုင်



www.burmeseclassic.com

www.burmeseclassic.com



ဦးလေ ပြီးမှဝင်တွေ့ကြတာပေါ့"

"ဟုတ် မမကြီး"

"ကဲ မလတ်ရေ ချက်ချာအတွက် စားစရာတစ်ခုခု စီစဉ်ပေးပါဦးကွယ်၊ ရောက်တုန်းရောက်ခိုက် အေးအေးဆေးဆေးပေါ့ ညီမလေးရယ်"

"ဟုတ် မမ"

မမလတ် ဧည့်ခန်းထဲမှ ထထွက်သွားသည်။

ချက်ချာ အိမ်ထဲကိုဝေ့ကြည့်ပြီး ကိုအငွေ့အသက်အချို့ကို ခံစားလိုက်ရသလို ရင်ထဲမှာ လှိုက်သွားသည်။

■ ■ ■



## အခန်း (၂၈)

မျက်နှာပေါ်မှ အထူးပြုလုပ်ချက်တွေကို မှန်မှာပြန်ကြည့်ပြီး စိတ်တိုင်းကျပြီဆိုမှ ဗီရိုကိုဖွင့်ကာ ဒယ်ဒီ့အကျီနှင့်ပုဆိုးတစ်စုံကို ထုတ်ယူလိုက်သည်။

အားလုံး ဒယ်ဒီနီးနီးတူအောင် စိတ်တိုင်းကျပြင်ဆင်ပြီးပြီဆိုမှ ခုတင်ထက်တွင် လှဲအိပ်ပြီး စောင်ပါးလေးတစ်ထည်ကို ကိုယ်ပေါ်သို့ ခြုံလိုက်သည်။

ဒယ်ဒီ့ခုတင်ထက်တွင် လှဲအိပ်လိုက်သည်နှင့် ဒယ်ဒီ့အငွေ့အသက်ကို နွေးထွေးစွာခံစားလိုက်ရပြီး ရင်ထဲမှာဟာခနဲ ဖြစ်သွားသည်။

မျက်ရည်တို့ ဝေ့တက်လာသည်။

"ဒယ်ဒီ ကောင်းရာဘုံဘဝကို ရောက်ပါစေ ကျွန်တော်ဆို



www.burmeseclassic.com

www.burmeseclassic.com



ဒယ်ဒီ့ဆန္ဒကို အမြန်ဆုံး အကောင်အထည်ဖော်နေပြီမို့ စေတီကြီးတည်ပြီးတာနဲ့ အမျှအတန်းပေးဝေပါ့မယ်''

တစ်ယောက်ထဲ ခပ်တိုးတိုးပြောပြီး မျက်ရည်တို့ကို သုတ်လိုက်သည်။

ခြေသံကြားရ၍ ဟန်မပျက်မေးနေလိုက်သည်။

''လာ ညီမလေး ဒယ်ဒီက ဆေးအရှိန်ကြောင့် မှေးနေတာလေ''

''ဒယ်ဒီ ခရီးပန်းလာလို့ ထင်တယ်နော်''

''ဟင့်အင်း အဲ ဟုတ်တယ်ကွယ့် ကျန်းမာရေးသိပ်မကောင်းသေးဘဲနဲ့ ခရီးထွက်လို့လေ''

ခုတင်နားရောက်လာသည့်တိုင် ညီစေ မျက်လုံးဖွင့်မကြည့်သေး

''ဒယ်ဒီ''

မမလတ်၏ ဒယ်ဒီဟူသော ခေါ်လိုက်သည့်အသံက သိပ်မ

ပြင်လှပေမယ့် ချက်ချက်ချာအဖို့တော့ လုံးဝမရိပ်မိနိုင်။

''အိပ်ပျော်နေတယ်ဆိုရင်လည်း မနိုးပါနဲ့ မမလတ်ရယ် ချက်ချ

အချိန်ရပါတယ်၊ ဒယ်ဒီနိုးမှ အေးအေးဆေးဆေး ပြန်မယ် ရတယ်''

အကင်းပါး အလိုက်သိသော ချက်ချာစကားကြောင့် ညီစေ

မျက်လုံးဖွင့်ကြည့်လိုက်ပြီး

''ဪ ချက်ချက်ချာ ရောက်နေတာပဲ''

ဒယ်ဒီ့အသံနှင့်တူအောင် ခပ်လေးလေးနှင့်အသံကို ရှပ်ပြီ





ပြောလိုက်သည်။ သိပ်တော့ မသက်သာလှ။

''ဒယ်ဒီ နေကောင်းရဲ့လား''

''ဒီလိုပါပဲကွယ် ခရီးပန်းလာတာဆိုတော့လည်း လူက ဘယ်လန်းတော့မလဲ''

''ဒယ်ဒီ ခံတွင်းတွေ့မယ့် အသီးအနှံနဲ့ကိတ်ကလေးတွေ ဝယ်လာတယ်''

''အေးပါ ဒယ်ဒီ ဘာမှသိပ်စားနိုင်တာ မဟုတ်ပါဘူး''

''ဒယ်ဒီ စားချင်တာလေးတွေရှိရင် ချက်ချာကို ပြောလေ ချက်ချာ စီစဉ်ပေးပါ့မယ်''

''နေပါစေ ညီမရယ် ဒယ်ဒီက သိပ်ပြီး အစားအသောက် မစားဘူးကွယ့်၊ ငါ့ညီမ အလုပ်ပိုပါတယ်''

''သမီးလတ် လုပ်စရာရှိတာ သွားလုပ်လေ''

''ညီစေ မမလတ်ကို ပထုတ်လိုက်သည်။

''ဟုတ်ကဲ့ ဒယ်ဒီ''

မမလတ် ထွက်သွားသည်။

''ကိုက ဘယ်တော့ပြန်ရောက်မလဲ ဒယ်ဒီ''

''ဒီနေ့ ရောက်ရင်ရောက် မရောက်ဖြစ်ရင် မနက်ဖြန်တော့ ပြန်ရောက်မှာပါ သမီးကိုရော ဒီကောင် ဂရုစိုက်ရဲ့လား''

မိဘတစ်ယောက် မေးသင့်သောအမေးမို့ ချက်ချာ၏စိတ်ရင်း အမှန် သိရအောင် မေးလိုက်ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သိပ်ဂရုမစိုက်ပါဘူး ဒယ်ဒီရယ်၊ ဒါပေမဲ့ ချက်ချာ ဒါကို ပြဿနာလုပ်မနေပါဘူး။ ချက်ချာက ကို့ကိုချစ်နေရရင်ပဲ ကျေနပ်နေရတဲ့သူပါ"

"ဒါနဲ့ ချက်ချက်ချာ ဘာလုပ်ငန်းလုပ်သေးလဲ ဥပမာ ကုမ္ပဏီတို့ ဘာတို့ပေါ့"

ဒီမေးခွန်းဟာ ချက်ချာအကြိုက် မေးခွန်းဖြစ်သည်မို့ ဝင့်ကြွားတုန်း ကိုယ့်ဆန္ဒလေးကို ယောက္ခထီးသိအောင် ပြောပြရမည်။

"လောလောဆယ်တော့ တခြားဘာလုပ်ငန်းမှ မရှိပါဘူး ဒယ်ဒီ ဒါပေမဲ့ ကို့ဆီမှာ အကူအညီတောင်းထားတာတော့ ရှိတယ်"

"ဟေ လင်မယားအချင်းချင်း အကူအညီတောင်းတယ် ဟုတ်လား ဘာအကူအညီလဲ သမီးရဲ့"

"ဟိုလေ ချက်ချာက Beauty Spa တစ်ခု ဖွင့်ချင်တာ သူငယ်ချင်းတစ်ယောက်ကလည်း သူ့အဆောက်အဦးကို ရောင်းမယ်ဆိုတော့ ဈေးကလည်း သင့်လို့ဝယ်ချင်တာ၊ အဲဒါကို ကိုက မကူညီနိုင်ပါဘူး ဒယ်ဒီရယ်"

သားကို ပြောမရသည့်အဆုံး အဖေကို ပြောကြည့်ပြီး ရတော့လည်း အမြတ်ပေါ့။

ညီစေ့ စိတ်ထဲမှာလည်း အခွင့်အရေးယူတတ်လွန်းသော ချက်ချာ၏စရိုက်ကို လိုတာထက်ပိုပြီး စိတ်ပျက်မိသည်။

အချိန်ကာလ နေရာဒေသမရွေးပဲ သူဖြစ်ချင်တာကိုပဲ ကြည့်





တတ်သော ချက်ချက်ချာ၏လောဘရမ္မက်တွေ ဘယ်လိုပျောက်နိုင်တော့မှာလဲ။

ပေးဆပ်ဖို့ဆိုတဲ့စိတ်မရှိ ရယူဖို့သက်သက်သာ ရှင်သန်နေသော ချက်ချက်ချာကို ချစ်မိသွားတာကိုက ညီစေ့အမှားလို့ပဲ ယိုးမယ်ဖွဲ့ရတော့မှာပင်။

"အရင်းအနှီးက ဘယ်လောက်လိုလို့လဲ သမီးရဲ့"

"အဟင်း သိန်းထောင့်ငါးရာပတ်ဝန်းကျင်လောက်ဆိုရင် အဆင်ပြေပါတယ် ဒယ်ဒီရယ်၊ အကယ်၍ ဒယ်ဒီသာ ကူညီမယ်ဆိုရင် ချက်ချာ အရမ်းပျော်ရမှာ"

ထိုစဉ် မမကြီးဝင်လာသည်။

"ဒယ်ဒီရေ ဆေးသောက်ရဦးမယ်လေ၊ ညီမလေးလည်း ထမင်းစားသွားပါ၊ မမလတ်တို့ ထမင်းပွဲပြင်နေပြီ၊ ထမင်းစားခန်းထဲ လာခဲ့ဖို့ ခေါ်နေတယ်လေ"

"ကဲ သွား သွား သမီး ထမင်းစားချေဦး၊ ဒယ်ဒီလည်း ဆေးသောက်လိုက်ဦးမယ်"

အရေးထဲ အချိန်ကောင်းကျမှ မမကြီးက ဝင်လာရသလားဟု ချက်ချာစိတ်ထဲ မချင့်မရဲဖြစ်မိသည်။

ဆက်ပြောဖို့အခွင့်အရေးက အခြေအနေမပေးတော့တာမို့ နောက် တစ်ခါတည်းနှင့် ချက်ချာ၏ရည်ရွယ်ချက်အောင်မြင်ရမည့်အရေး။ ဒါတော့ အရေးကောင်း ဒိန်းဒေါင်းဖျက်ဆိုသလို မမကြီးကြောင့် ကိစ္စက မအောင်

www.burmeseclassic.com



မြင်သွားခဲ့။

"ချက်ချာ မစားတော့ပါဘူး ဟိုလေ ဒယ်ဒီကို ချက်ချာ ဆေးတိုက်လိုက်ပါ့မယ် မမကြီးတို့ အေးအေးဆေးဆေး စားကြပါ"

"အို မဟုတ်တာ ရောက်တုန်းရောက်ခိုက် စားသွားပါ၊ ကဲ ဒယ်ဒီ ဆေးသောက်မယ် ပြီးရင် နားလိုက်ဦးနော်၊ စကားတွေအများကြီး ပြောရလွန်းလို့ ဒယ်ဒီ မောနေလောက်ပြီ"

မမကြီး စကားထဲမှာ ချက်ချာကိုနှင်ထုတ်နေသည့် အရိပ်အမြွက်ပါနေသဖြင့် ချက်ချာ အလိုက်မသိ၍မရတော့။ ကိုယ့်လောဘကို တစ်ဖက်လူ ရိပ်မိသွား၍မဖြစ်တော့တာမို့ ဒယ်ဒီ့ဘေးမှ မထချင်ထချင်နှင့် ထလိုက်သည်။

"ဒါဆို ဒယ်ဒီဆေးသောက်ပြီး အနားယူလိုက်ပါဦး ဒယ်ဒီ၊ ချက်ချာ သွားလိုက်ပါဦးမယ်"

ထသာလာရသည် စိတ်ထဲမှာ အောင့်သီးအောင့်သက်နှင့်

ဒယ်ဒီ့နှုတ်ထွက်စကားကို ကြားရဆဲဆဲကျမှ မမကြီးက ဝင်လာရတယ်လို့။

ဘာပဲဖြစ်ဖြစ် ဒယ်ဒီ့အသိစိတ်ထဲမှာ ချက်ချာပြောလိုက်သော ကိစ္စက ရောက်သွားလောက်ပြီမို့ ကိစ္စက တစ်ဝက်အောင်မြင်နေပြီ။

ချွေးမတစ်ယောက်၏အကူအညီကို မဖြစ်မနေကူညီမှာမို့ ငွေထုတ်ပေးမည့်အချိန်ကိုသာ မရဲတရဲ မျှော်လင့်မိသည်။

အကြံအစည် ထမြောက်အောင်မြင်ဖို့ လမ်းစတွေ့ထားပြီမို့





ကို မကူညီလည်း ကိစ္စမရှိတော့။

ချက်ချာ ကိုယ့်လောဘနှင့် ကို တစ်ယောက်ထဲ ကြိတ်ပြုံးမိပါသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

"ဝါး မမချက်တို့ကတော့ ပိုင်တယ်နော်၊ ကိုယ့်ယောက်ျားကို အပူကပ်မရတော့ ယောက္ခမဆီ လှမ်းပြီး အပူကပ်လိုက်တော့တာပဲ"

ချက်ချာ ပြောပြချက်ကြောင့် သက်လျာ ကရင်ထန်းလျက်အိုး တွေ့သွားသည်။ သူတို့၏ဆန္ဒတွေ ရောင်ခြည်တဖန်ပြန်သမ်းလာပြန်ပြီပေါ့။

"ဒါနဲ့ အဘိုးကြီးက ဘယ်တော့ ထုတ်ပေးမယ်တဲ့လဲ"

အလောတကြီး မေးလိုက်သော သက်လျာအမေးကြောင့် ချက်ချာ မျက်နှာရှုံ့မဲ့သွားသည်။

"အဲဒါတော့ ငါ မသိဘူး ဒယ်ဒီကပြောမယ်ကြံကာရှိသေးတယ် မမကြီးက ဝင်လာတော့ စကားပြတ်သွားတယ်"

"ဟင် ဒုက္ခပါပဲ ဆန့်တင့်ငင့်နဲ့ဟယ်"





"ဒီလောက် ပမာဏများတဲ့ငွေကို လွယ်လွယ်နဲ့တော့ ဘယ်ရနိုင်မှာလဲ သက်လျာရယ်၊ အခက်အခဲတော့ ရှိမှာပေါ့၊ ခုတစ်ကြိမ် အဆင်မပြေသေးတာ နောက်တစ်ကြိမ် အောင်မြင်ဖို့ကျိန်းသေပြီပေါ့၊ ယောက္ခမ ငွေတွင်းကြီးရှိနေတာ ဒီလောက်ဈေး အခွင့်အရေးရှိရမှာပေါ့"

"ညီအစ်မနှစ်ယောက် ဘာတွေကြိတ်ကြံနေကြတာလဲ"

အိမ်ပေါက်ဝတွင်ရပ်နေသော အန်တီဘောဘီ့အသံကြောင့် ညီအစ်မနှစ်ယောက် လှည့်ကြည့်လိုက်ကြသည်။

"ဟယ် အန်တီဘော ဘယ်တုန်းကတည်းက အဲဒီအဝမှာ ရပ်နေတာလဲ"

"ခုပဲလေ ညည်းတို့တွေ ဘာတွေကြိတ်ပြီး တိုင်ပင်နေကြတာ တုန်း၊ မဟုတ်မှလွဲရော မပင်မပန်းဘဲ လွယ်လွယ်နဲ့ရမယ့် ရပေါက်မျိုးပေါ့ မဟုတ်လား"

အန်တီဘောဘီ ချက်ချာတို့ညီအစ်မနှစ်ယောက်နားမှာ ဝင်ထိုင်ပြီး သူ့ထင်ကြေးကို ပြောလိုက်သည်။

ချက်ချာ စိတ်မလုံစွာဖြင့် ပြုံးလိုက်ပြီး

"သူများဆီကတော့ လွယ်လွယ်မလိုချင်ပါဘူး အန်တီဘောရယ် ခုဟာက ယောက္ခမကြီးဆီက ရပေါက်ရလမ်းလေ"

"ဘာလဲ အဘိုးကြီး ဆုံးသွားပြီလား"

အသည်းအသန်ဖြစ်နေသည် သိထားပြီးသား အန်တီဘောမှာ အမွေရတော့မည်ဟု ထင်သွားပုံရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကလာ အန်တီဘေရယ် အဲဒီအဘိုးကြီးက တော်တော်အသက်ပြင်းတဲ့ အဘိုးကြီး၊ ပထမ သက်လျာထင်ထားတာက တော်တော်လေးရောဂါပြင်းနေတော့ သူသေရင် မမချက်ကြီးအမွေရတော့မယ်ပေါ့ ခုတော့ အဘိုးကြီးက မသေတော့ဘူး၊ တောင်ကျော်သွားပြီလေ အဟင်း တောင်ကျော်သွားလို့ မမချက်က တိုက်ရိုက်သွားပြီး ပြောခဲ့တယ်"

"ဘာကိုပြောတာလဲအေ ညည်းတို့ပြောတာ ငါတော့ နားမလည်တော့ဘူး"

တော်ရုံနှင့်ဖာတ်ရည်မလည်ဖြစ်နေသော အန်တီဘေဘီ့ကို သက်လျာ အသေအချာရှင်းပြလိုက်သည်။ အန်တီဘေဘီ သက်မကို ဟင်းခနဲချပြီး

"ညည်းတို့ မဟုတ်တန်းတရားတွေကို လောဘတက်နေပါလား သက်လျာ အစ်မကို ဘာတွေမြှောက်ပေးနေတာတုန်း ဟမ် အမွေဆိုတာ စားသင့်မှစားရတာအေ့ တော်ကြာ အဘိုးမသေဘဲ အဘွားသေနေမှဖြင့်"

အန်တီဘေ အားမပေးသည့်အပြင် အပြစ်ပါတင်နေသဖြင့် သက်လျာ ပခုံးကိုဆတ်ခနဲ တွန့်လိုက်သည်။

"အဘိုးမသေဘဲ အဘွားသေမယ်ဆိုရအောင် သက်လျာတို့မှာ သေစရာ အဘိုးလည်းမရှိဘူး၊ အဘွားလည်းမရှိတော့ဘူး၊ သက်လျာက မြှောက်ပေးနေတာ မဟုတ်ပါဘူး အန်တီဘေ့ရဲ့ မမရဲ့ရပိုင်ခွင့်တွေကို မဆုံးရှုံးရအောင် သက်လျာက ဘေးကနေ အကြံပေးနေရတာပါ"





"ဟွန်း ညည်းတို့မှာ အဲဒီလို ပေါ့ပေါ့နေ ပေါ့ပေါ့စား အချောင်လိုချင်စိတ်ရှိနေသရွေ့ ဘယ်တော့မှ ကောင်းစားမှာမဟုတ်ဘူး၊ လူငယ်တွေဖြစ်ပြီး စိတ်ကိုမြင့်မြင့်မားမား မွေးမြူပြီး နေထိုင်ကျင့်ကြံကြပါ"

တရားနည်းလမ်းကျသော အန်တီဘေ့စကားကြောင့် ချက်ချာချော သက်လျာရော ဘာမှစောဒက မတက်ဝံ့တော့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

"ကိုညီစေ"

ကားပစ္စည်းအရောင်းဆိုင်တွေဘက်မှ ထွက်လာသော ညီစေမင်းသည် အနောက်မှ ကမျောသောပါးခေါ်၍ လိုက်လာသော ကိုထွန်းလွင်ကိုမြင်၍ ခြေလှမ်းတွေကိုရပ်ကာ စောင့်လိုက်သည်။

"ကိုထွန်းလွင် မတွေ့တာတောင် အတော်ကြာပြီပဲဗျ ခင်ဗျားဘယ်ပျောက်နေတာလဲ"

"ဟုတ်တယ်ဗျာ ကျွန်တော် အာလူး ကြက်သွန်လိုင်းဖက်ကူးသွားတာနဲ့ နယ်ခဏခဏ ဆင်းနေရတယ်လေ၊ ဒီကြားထဲ နေမကောင်းဖြစ်လိုက်သေးတော့ ဘုရင့်နောင်ဘက်ကို မရောက်ဖြစ်တော့တာ"

"အေးဗျာ ကျွန်တော် ခင်ဗျားကိုနတလော သတိတွေရနေတာဗျ"





"လာကွာ တို့တွေတစ်ဆိုင်ဆိုင်မှာ စကားပြောကြရအောင်"

"အင်း လမ်းမကြီးမှာ ရပ်စကားပြောနေရတာ အဆင်မပြေဘူး၊ လာ ဟောဟိုနားမှာ စားသောက်ဆိုင်တစ်ဆိုင်ရှိတယ် အဲဒီကိုသွားကြရအောင်"

နှစ်ယောက်သား စားသောက်ဆိုင်လေးရှိရာလမ်းတစ်ဖက်သို့ ကူးလာလိုက်သည်။

သက်လျှာ မီးပွိုင့်တွင် ကားရပ်နေရာမှ ညီစေနှင့်ကိုထွန်းလွင်နှစ်ယောက် ပခုံးဖက်ပြီး စားသောက်ဆိုင်ထဲဝင်သွားသည်ကို လှမ်းတွေ့သွားသည်။

"ဟင် ကိုညီစေပါလား။ ပြောတော့ သူခရီးသွားနေတယ်ဆိုပြီး ခု ဒီမှာ ဘာလို့တွေ့ပါလိမ့်"

"သက်လျှာ မီးစိမ်းနေပြီလေ ဘာတွေငေးနေတာလဲ"

ကိုအောင့် သတိပေးစကားကြောင့် ကားကိုမောင်းထွက်လိုက်ပြီး

"ထူးဆန်းနေလို့ ကိုအောင်ရဲ့"

"ဘာထူးဆန်းလို့လဲ လမ်းပေါ်မှာ ကားတွေအရမ်းများနေတာကိုလား"

အရာရာကို ပေါ့ပေါ့လေးတွေးတတ်သော ချစ်သူကိုအောင့် စကားကြောင့် နှာခေါင်းရှုံ့ပြီး ခေါင်းခါပြကာ

"တခြားစီ ကားများတာနဲ့ သက်လျှာက ထူးပြီးအံ့သြနေတာ လား၊ ခုဟာက ခဲအိုကို တွေ့လိုက်လို့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ဟုတ်လား နောက်တစ်ယောက်နဲ့ တွဲနေလို့လား ဟာကွာ မချက်တော့ သနားပါတယ်"

"မဟုတ်တာကွာ နေပါဦး သက်လျာ စကားကိုနားထောင်ပါဦးလို့"

"ကဲ ဒါဆိုရင်လည်း လိုရင်းကိုမြန်မြန်ပြောလေ"

စိတ်မရှည်စွာပြောလိုက်သော သက်လျာစကားကြောင့် ကိုအောင်လည်း ထင်ကြေးပေးရတာ သိပ်စိတ်မရှည်တော့။

"ကိုညီက နောက်တစ်ယောက်တွဲနေတာမဟုတ်ဘူး၊ မချက်ကို ခရီးသွားမယ်ဆိုပြီး အိမ်ပြန်မလာတာ ဆယ်ရက်လောက်ရှိပြီ"

"ဟင် ဟုတ်လား ဒါဆို မရှိးသားဘူး"

"အင်းပေါ့လို့ ဒါကြောင့် ထူးဆန်းတယ်လို့ပြောတာ"

သက်လျာ ကားမောင်းနေရင်းမှ အိတ်ထဲမှ ဖုန်းကိုနှိုက်ယူလိုက်ပြီး ချက်ချာဆီ ဖုန်းခေါ်လိုက်သည်။

"ဟဲလို မချက် အိမ်မှာပဲ အိပ်လိုက်စားလိုက်လုပ်မနေနဲ့ အပြင်လောကကြီးကိုလည်း ထွက်ကြည့်ဦး ဘာတွေပြောင်းလဲနေပြီလဲလို့"

သက်လျာ ဖုန်းပြောနေရင်းမှ ကားကိုလမ်းဘေးထိုးချပြီး ရပ်လိုက်သည်။

"အိပ်မနေနဲ့ ခု ဘုရင့်နောင်လမ်းဆုံကိုလာခဲ့ အမြန်ဆုံးနော် ခုချက်ချင်း ညီမလေး အဲဒီနားမှာ စောင့်နေမယ်"

အတိုအထောင်လုပ်နေသော သက်လျာကိုကြည့်ပြီး ကိုအောင်





ကျွတ်ခနဲ စုတ်သပ်လိုက်ပြီး

"သက်လျာရယ် သူ့ဟာသူ သာယာနေတဲ့အိမ်ထောင်ရေးကို မဖျက်ဆီးစမ်းပါနဲ့ကွာ"

"ကိုအောင်နော် ကိုယ့်အစ်မ မဟုတ်တိုင်း ကိုယ်ချင်းမစာမပြောနဲ့ သိလား ဒါ သက်လျာ အစ်မ အိမ်ထောင်ရေး၊ ဒီလိုမရိုးမသားလုပ်နေတဲ့ ခဲအိုကို သက်လျာက ဘာကိုဖုံးကွယ်ပေးရမှာလဲ၊ ဟင်း ဦးကပ်စေးကြီး မိန်းမကစီးပွားရေးလုပ်ချင်လို့ အရင်းအနှီးတောင်းတာကျတော့ ခေါင်းရှောင်နေတယ်၊ သူကျတော့ ကွယ်ရာမှာ မဟုတ်တာတစ်ခုခုလုပ်နေတယ်"

သက်လျာတို့က ဒါမျိုးဆို နည်းနည်းလေးမှ ငြိမ်မခံတတ်။ ချက်ချာက လည်မလိုလိုနှင့် နုံသူမို့ သက်လျာက အမြဲတမ်း ဘေးကနေအကြံပေးနေရသူ။

ခုလည်း ဒီပြဿနာကိုအကြောင်းပြုပြီး အခွင့်အရေးတစ်ခုခုတော့ တောင်းဆိုင်းဦးမှ။

ချက်ချာမှာရှိလျှင် သက်လျာမှာရှိသလိုပဲ အလွယ်တကူ လက်လွှဲယူနိုင်သည်လေ။

ကိုယ့်လောဘနှင့်ကိုယ် သက်လျာ ပြုံးလိုက်သည်။

ပွဲကြီးပွဲကောင်းတော့ တွေ့ရဦးမယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

တက္ကစီပေါ်မှဆင်းလာသော ချက်ချာကို သက်လျှာ လက်လှမ်းပြလိုက်သည်။

"မချက် ဒီမှာ"

သက်လျှာကိုမြင်တော့ ချက်ချာ ခပ်သွက်သွက် လျှောက်လာပြီး

"ဘာဖြစ်လို့ ငါ့ကိုဖုန်းဆက်ခေါ်ရတာလဲ သက်လျှာ"

"မမလှူကြီးကိုတွေ့လို့ပေါ့"

"ဟင် ဘာပြောတယ် ကိုညီကိုတွေ့တယ် ဟုတ်လား"

"အင်း သူခရီးသွားတာရော ဟုတ်ရဲ့လား မမချက်"

"ဟုတ်ပါတယ်"

"ဒါဆိုရင် ဟောဟိုမြင်နေရတဲ့စားသောက်ဆိုင်ထဲမှာ မချက်လှူကြီးရှိတယ် သွားတွေ့လိုက်"





သက်လျှာစကားတွေကို ယုံကြည်မှုမရှိပေမယ့် ချက်ချာ မငြင်း။ သူမတွေ့ဘဲ တကယ် မဟုတ်ဘဲနှင့်တော့ ချက်ချာကိုဖုန်းဆက်ပြီး တကူးတက မခေါ်။

"သူ့ သူတစ်ယောက်ထဲလား"

"မဟုတ်ဘူး နှစ်ယောက်"

"ဘာ နှစ်ယောက်ဟုတ်လား ဘယ်သူလဲ ဘယ်က မိန်းမနဲ့လဲ"

ချက်ချာပေါက်ကွဲနေဟန်ပြတော့ ကိုအောင် မနေသာတော့ သက်လျှာလုပ်ပုံက ဒေါသတွေကိုမထွက်ထွက်လာအောင် ဆွပေးနေသလိုမျိုးဖြစ်နေသည်။

"မဟုတ်ဘူး မမချက်ချာ အမျိုးသမီးတစ်ယောက်နဲ့မဟုတ်ပါဘူး အမျိုးသားကြီးတစ်ယောက်နဲ့ပါ၊ သက်လျှာရယ် စကားကိုရှင်းအောင်သိုရင်းကိုပြောပါကွာ"

ကြားထဲက မနေသာ၍ ဝင်ပြောသော ကိုအောင့်ကို သက်လျှာမျက်စောင်းရွယ်ကာ

"ပြောမှာပေါ့လို့ ဘာဖြစ်လို့ ကြားကဝင်ပြီး လျှောက်ပြောနေရတာလဲ"

"သက်လျှာ လုပ်နေပုံက ပြဿနာကို မကြီးကြီးအောင်ချဲ့တော့မယ့်ပုံပေါက်နေလို့ပါကွာ"

"ကဲပါ စကားများမနေကြနဲ့တော့ ငါ အဲဒီဆိုင်ထဲဝင်သွားလိုက်မယ် ကိုညီဆိုတာတော့ တကယ်ကျိန်းသေပါတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"သေချာတယ် အင်္ကျီပန်းရောင်အကွက်နဲ့ အောက်ကစတိုင် ဘောင်းဘီအနက်ရောင်နဲ့ မမလှကြီးမှ မမလှကြီးအစစ် ကိုယ့်ခဲအို မှားစရာလိုလို့လား တစ်ယောက်ထဲဖြစ်လား လိုအပ်ရင် သက်လျာလိုက် ပေးမယ်လေ"

သက်လျာ လိုက်လျှင် ပိုဆိုးသွားမည်မို့ ချက်ချာကလည်း မခေါ်။ ကိုညီက သက်လျာကို သိပ်နှစ်မြို့ပုံမပေါ်မှန်း ချက်ချာ သိသည်

"မလိုက်နေပါနဲ့တော့ ငါ့ဖာသာပဲ သွားပါ့မယ်"

"အိုကေ ဒါဆိုရင် ကိုယ့်ဖယားကိုယ် သွားရှင်းလိုက်တော့ သက်လျာတို့ သွားတော့မယ်"

"အေးပါ ငါလည်းသွားတွေ့လိုက်ဦးမယ်"

ချက်ချာ စားသောက်ဆိုင်ရှိရာဘက်သို့ ကားလမ်းဖြတ်ကူးပြီး လျှောက်လာလိုက်သည်။

ရင်ထဲမှာတော့ တနုံ့နုံ့နှင့် ကိုညီ ဘာတွေခြေလှမ်းပျက်နေတာ လဲ။

ခရီးမသွားဘဲနှင့် တစ်နေရာရာမှာ ခြေရှုပ်နေတာလား။ ဒါ ကြောင့် ချက်ချာကို လက်ထပ်တာတောင် လူသိရှင်ကြားမလုပ်တဲ့ လူမသိ သူမသိ လက်ထပ်ခဲ့တာ။

တွေးရင်းဖြင့် သံသယတွေပိုကြီးထွားလာကာ ရင်မှာသော တို့ မှန်တိုင်းထန်သွားသည်။

■ ■ ■



## အခန်း (၃၂)

"ကိုညီ မတွေ့တာ အတော်ကြာနေပြီနော်"

ကိုထွန်းလွင်သောက်ဖို့ ဘီယာဘူးလာချပေးသော အမျိုးသမီး ထံမှ တရင်းတနှီး နှုတ်ဆက်သံကြောင့် ညီစေ မော့ကြည့်လိုက်သည်။

"ဩော် ချိုရီပါလား ဒီဆိုင်မှာလုပ်တာလား"

"ဟင့်အင်း ဒီဆိုင်က ပိုင်ရှင်နဲ့လက်ထပ်လိုက်လို့လေ"

"ဩော် ဟုတ်လား ဝမ်းသာပါတယ်"

ချိုရီဆိုသော အမျိုးသမီးမှာ ညီစေ့ဘေးမှာ ဝင်ထိုင်ရင်း

"ဒါနဲ့ ကိုညီရော အိမ်ထောင်ကျသွားပြီလား"

"ဟုတ်ကဲ့ ကျသွားပြီလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား ဒါပေမဲ့ အရင်အတိုင်း လှပျိုလေးလိုပဲ ခစ် ခစ် ခစ်"

"ဟာ ထင်လို့ပါဗျာ ဟဲ ဟဲ"

"သူက အမြဲတမ်း သူ့ကိုယ်သူ နုပျိုအောင်နေတာ ညီမရဲ့၊ အိမ်ထောင်ပြုတာတောင် အစ်ကိုတို့ ခုမှသိရတာ"

ကိုထွန်းလွင်ပါ ရယ်၍ဝင်ပြောဏ်။

"မဟုတ်ပါဘူးဗျာ လူချင်းမတွေ့ကြလို့ မပြောဖြစ်တာပါ၊ တကူး တကကြီး လျှို့ထားတာတော့ မဟုတ်ပါဘူး"

"ဘာပဲဖြစ်ဖြစ် ဒီနေ့တော့ ဒီမှာ စားသောက်တာတွေကို လုံးဝ ရှင်းစရာမလိုဘူးနော်၊ ချိုရီက ဧည့်ခံတယ်လို့ သဘောထား"

ချိုရီ၏ဧည့်ဝတ်ကျေပွန်မှုကြောင့် ညီစေအားနာကာ အနေခက် သွားသည်။ ချိုရီ ဘီယာဘူးကိုဖောက်ပြီး ညီစေ့ရှေ့မှ ဖန်ခွက်ထဲငှဲထည့် ပေး၏။ ပြီးမှ ကိုထွန်းလွင် ဖန်ခွက်ထဲ ငှဲ့ပေး၏။

"ဟာ ကျွန်တော် မသောက်ဘူး၊ အချိုရည်ပဲသောက်မှာ၊ သူငယ်ချင်းကိုတွေ့တုန်း ပြုစုရုံသက်သက်ပါ"

"ဒီတစ်ဘူးလောက်နဲ့ မမူးပါဘူး ကိုညီရာ၊ ဧည့်ခံတဲ့သူ ဒါနဲ့ မြောက်သွားအောင်ပေါ့"

ကိုထွန်းလွင် အမြည်းခပ်စားရင်း ညီစေ့ကိုပါ သောက်ဖို့ ဝင် ပြော၏။

ဆိုင်ထဲသို့ ချက်ချက်ချာ ဝင်လာပြီး ညီစေ့ရှေ့မှ ဖန်ခွက်ထဲ





သို့ ချိုရီ အရက်ထည့်ပေးနေတာကိုမြင်ပြီး အံတစ်ချက်ကို ကျိုခနဲမြည် အောင် ကြိတ်ကာ ညီစေ့အနားသို့ ခပ်သွက်သွက် လျှောက်လာ၏။

"ကို"

ဒေါသသံဖြင့်ခေါ်လိုက်သော ချက်ချာအသံကြောင့် အရယ် တစ်ဝက်မျက်နှာဖြင့် ညီစေ မော့ကြည့်သည်။ ချက်ချာကို မထင်မှတ်ဘဲ တွေ့လိုက်ရ၍ ညီစေမျက်နှာ ကွက်ခနဲ ပျက်သွားသည်။

"ချက် ချက်ချာ"

"ပြောတော့ ခရီးထွက်မယ်ဆိုပြီး ရှင်က ဒီလိုအနုတ်စုတ် ဂုတ်စုတ်ဆိုင်မှာ လာပြီး ပလူးနေတယ်ပေါ့ ဟုတ်လား"

ချက်ချာ၏ရင့်သီးသော ရန်လိုစကားကြောင့် ညီစေ တအံ့တဩ ဖြင့် ချက်ချာကို ကြည့်လိုက်ပြီး

"ဟာ ချက်ချာ ဘာစကားတွေပြောနေတာလဲ"

"ဪ အပျော်လွန်ပြီး နားတောင်ကန်းသွားပါလားဂို့"

ချိုရီနှင့်ကိုထွန်းလွင်မှာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့် လိုက်ကြသည်။ ချိုရီမှာ သူ့ဆိုင်ကိုအနုတ်စုတ်ဂုတ်စုတ်ဆိုင်ဟု ပြောလိုက် တာကတစ်ကြောင်း ညီစေနှင့်အစွပ်စွဲခံလိုက်ရသည်ကတစ်ဖုံမို့ ချက်ချာကို ခပ်တင်းတင်းမော့ကြည့်ပြီး

"ဒီမှာ နင်ဘာတွေလာပြောနေတာလဲ ရှူးများရှူးနေလားဟမ်"

မိန်းမနှစ်ယောက် အခြေအတင်ဖြစ်လျှင် ထိုပွဲက မငေ့သိ။

"ချိုရီ ကျွန်တော် တောင်းပန်တယ်ဗျာ၊ သူ အထင်လွဲပြီး



www.burmeseclassic.com

www.burmeseclassic.com



လျှောက်ပြောနေတာပါ”

ညီစေ ကြားထဲကမနေသာတော့။ ချိုရီကို ဝင်တောင်းပန်လိုက်သည်။

“ဘာလို့တောင်းပန်တာလဲ ရှင်ပါရူးသွားပြီလား။ တောင်းပန်ရမှာက သူလေ၊ ရှင်က ချက်ချာရဲ့တရားဝင်ယောက်ျား”

“ဟာ ရှုပ်ကုန်ပြီ ညီစေ မင်းအမျိုးသမီးကို ဒီကခေါ်ထုတ်သွားရအောင် လာကွာ”

ကြားထဲမှ ကိုထွန်းလွင်ပင် အားနာလွန်း၍ မျက်နှာတွေပူလာသည်။

“ဟုတ်တယ် ကိုထွန်းလွင် ကဲ လာ ချက်ချာ အိမ်ပြန်မယ်၊ ချိုရီ ကျွန်တော် ပြန်လိုက်ဦးမယ်၊ အစစအရာရာအတွက် တောင်းပန်တယ်ဗျာ”

ချက်ချာ လက်ကို အတင်းဆွဲခေါ်ပြီး ဆိုင်ထဲမှထွက်ဖို့ ခြေလှမ်းပြင်သည်။ ချက်ချာ အဆွဲမခံ အတင်းဖွတ်ရုန်းသည်။

“ဟင့်အင်း မဆွဲနဲ့၊ ဒီကိစ္စက ဒီလိုထွက်သွားရုံနဲ့ ပြီးမလား ဟမ် ရှင်းမယ် ဒီမှာပဲ အပြတ်ရှင်းမယ်၊ ပြော သူက ရှင်နဲ့ဘယ်တုန်းကတည်းက ငြိနေတာလဲ”

“ဟာ မဟုတ်ပါဘူးကွာ သူနဲ့ကိုယ်နဲ့က အရင်က သိခဲ့တဲ့ မိတ်ဆွေတွေ”

“ဘာ မိတ်ဆွေတွေက ဒီလို ဘီယာဆိုင်မှာ အတူထိုင်ပြီး





အရက်ကို အဲဒီလိုငှဲ့ပေးလား ပြောစမ်းပါဦး”

“ကိုညီ ရှင့်မိန်းမကို သေချာရှင်းပြဦး ဒီမိန်းမ ထင်ကြေးတွေနဲ့ သွေးရူးသွေးတန်းဖြစ်နေပြီ”

ချိုရီ့ဘက်က ချက်ချာလောက် သွေးမဆူ။ တည်တည်ငြိမ်ငြိမ် အမူအရာနှင့် ညီစေ့မျက်နှာကြောင့်လည်း ပါသည်။

“သွေးရူးသွေးတန်းဖြစ်နေတာမဟုတ်ဘူး ငါ့မျက်စိနဲ့မြင်လိုက်ရလို့ ပြောနေတာ”

ချက်ချာ၏အသံမှာ ဒေါသကြောင့် စူးရှကျယ်လောင်နေ၏။ ညီစေ လေသံကိုမြှင့်လိုက်ပြီး

“ချက်ချာ တိတ်စမ်း”

ညီစေ့အသံကြောင့် ချက်ချာ ဆတ်ခနဲ တုန်တက်သွားသည်။

“ရှင် ရှင်ဘာလို့အော်တာလဲ”

“မအော်လို့ရမလား မင်းပြောနေတာတွေက လူပုံအလယ်မှာ ငါ့ကိုအရှက်ခွဲနေသလိုပဲ၊ ငါဒီကိုလာတာ ဟောဒီ ကိုထွန်းလွင်နဲ့ဆုံပြီး သူ့ကိုပြုစုရအောင် ခေါ်လာတာ ဒီရောက်မှ ဒီဆိုင်က ချိုရီ့ဆိုင်ဖြစ်နေမှန်း သိတယ်၊ ချိုရီက သူ ဧည့်ခံပါရစေဆိုပြီး ဘီယာဘူးတွေ ချပေးတယ်၊ ငှဲ့ပေးတယ်၊ ဒါပေမဲ့ ရိုးရိုးသားသားတွေ မင်းယုံချင်ယုံ မယုံချင်နေ”

ညီစေ လိုရင်းကိုရှင်းပြပြီး ချက်ချာကို ချာခနဲ ကျောခိုင်းလှည့်ထွက်ခဲ့သည်။

ရင်ထဲမှာ မစူးစမ်းမဆင်ခြင်ဘဲ ဉာဏ်မဲ့စွာပြောသော မိန်းမဖို့



www.burmeseclassic.com

www.burmeseclassic.com



စိတ်လည်းပျက်မိပါသည်။

သူ၏လောဘကြောင့် စိတ်သောကများရသူက ကိုယ်ကိုယ်တိုင်ပင်။

■ ■ ■



## အခန်း (၃၃)

"ရှင် ချက်ချာကို ဘာဖြေရှင်းချက်မှမပေးတော့ဘူးလား ကို"

အိမ်ရှေ့ဧည့်ခန်းတွင် ငူငူကြီးထိုင်နေသော ညီစေမင်း ချက်ချာကို ခပ်တင်းတင်းလှည့်ကြည့်ပြီး မဲ့လိုက်သည်။

"ဘာကိုလဲ ဒီထက် ဘာကိုပိုပြီး ရှင်းပြရဦးမှာလဲ၊ ရှင်းပြစရာကုန်ပြီ ငါ့သိက္ခာတွေလည်း တစ်ပြားသားမှ မကျန်တော့ဘူး အကုန်ကျခဲ့ပြီးကုန်ပြီ"

"အဲဒီမိန်းမကိစ္စကို ပြောနေတာမဟုတ်ဘူး။ ချက်ချာသိထားတာက ရှင့်အဖေနဲ့အတူ ရှင်ခရီးထွက်သွားတယ်၊ ရှင့်အဖေက အရင်ပြန်လာတယ်၊ ရှင်ကပြန်မလာသေးဘူး၊ ခုကျတော့ ရှင်က ချက်ချာမမြင်ကွယ်ရာမှာ ပျော်ပါးနေတယ်။ ခရီးမထွက်ဘဲထွက်တယ်လို့ ဘာဖြစ်လို့ ညာပြောရတာလဲ ဒါကိုသိချင်တာ"



www.burmeseclassic.com

www.burmeseclassic.com



အလိမ်ပေါ်တော့မည်မို့ ညီစေ အကြောင်းပြချက်ကောင်းကောင်းကို အပြေးအလွှား စဉ်းစားလိုက်သည်။

"ဒီနေ့မှ ခရီးကပြန်လာတာကိုတော့ မင်းမသိဘူးမဟုတ်လား။ ရောက်ရောက်ချင်း အလုပ်ရုံမှာ ပစ္စည်းပြတ်နေတယ်ဆိုလို့ မင်းဆီတောင် တန်းမပြန်ဘဲနဲ့ ဘုရင့်နောင်ကိုအရင်ဝင်ပြီး ကားပစ္စည်းတွေဝယ်လာတာ၊ အပြန်မှာ ကိုထွန်းလွင်နဲ့တွေ့တယ်၊ သူ့ကိုဘီယာလိုက်တိုက်တယ်၊ ချိုရီနဲ့တွေ့တယ် ဒါပဲ၊ ငါက မင်းမသိအောင် ခရီးသွားတယ်ပြောပြီး တစ်နေရာမှာပုန်းခိုနေစရာ ဘာအကြောင်းမှမရှိဘူး။ အခု ငါပြန်လာတာ မင်းမပြောနဲ့ ဒယ်ဒီတောင် မသိသေးဘူး"

ချက်ချာ မျက်နှာပေါ်မှ ဒေါသနှင့်သံသယရိပ်တို့ မှိန်ဖျော့သွားသည်။

"တကယ်လား"

"ငါက မင်းကိုညာစရာလား"

"ဒါဆိုရင် ပြီးရော ဟွန်း ဒီက သူတကယ်ပဲ ဖောက်ပြန်ပြီဆိုပြီးတော့ ရင်ကိုထိတ်ပြီး ရူးမတတ် ခံစားလိုက်ရတာ"

"ကိုယ်ကတော့ ကိုယ့်မိန်းမ အဲလောက် သဘောထားသေးသိမ်ရလားဆိုပြီး တော်တော်လေးစိတ်ပျက်မိတယ် ချက်ချာ၊ နောက်တစ်ခါဆိုရင် အဲဒီလို တဖွတ်ထိုးပုံစံနဲ့ ပြဿနာတစ်ခုကို မဖြေရှင်းပါနဲ့၊ လူကြီးလူကောင်းမဆန်ဘူး၊ သူများအထင်သေးစရာဖြစ်တယ်"

ချက်ချာ မျက်နှာပျက်သွားသည်။





"ကိုနော် ကိုယ့်ယောက်ျားကို တခြားမိန်းကလေးတစ်ယောက်က ဘီယာငှဲ့ပေးနေတဲ့မြင်ကွင်းမျိုးကို မြင်နေရဲ့သားနဲ့ လူကြီးလူကောင်းဆန်ဆန် ဒီအတိုင်းရပ်ကြည့်ပြီး လှည့်ပြန်သွားရမှာလား၊ ကို ဆိုရင်ရော အဲဒီလို ငြိမ်နေမှာလား"

"အခြေအနေတစ်ခုကို စုံစမ်းပြီးမှ ရှင်းသင့်တာကိုရှင်းမှာပေါ့၊ ဘယ်ကိစ္စမဆို ကိုယ်တွေးထားထင်ထားတာနဲ့ တစ်ထပ်တည်းကျချင်မှ ကျမှာလေ၊ ဒါကိုတော့ သဘောပေါက်နားလည်ရမှာပေါ့၊ ဒီလောက်ကိစ္စလေးတောင် ဒေါသူပုန်ထပြီး ဖြေရှင်းနေရင် ဒီထက်ကြီးမားတဲ့ပြဿနာကို ဘယ်လိုလုပ်ဖြေရှင်းမလဲ ပြောပါဦး"

"ဟုတ်ပါပြီ ချက်ချာ မှားတာပါ၊ ဟွန်း သူကျတော့ တစ်စက်ကလေးမှ အမှားဝန်မခံဘူး"

"ကိုယ်မှ မမှားတာ"

ညီစေကလည်း တစ်စက်ကလေးမှ အလျှော့မပေးသည့်ပုံစံမို့ နောက်ဆုံး ချက်ချာကပဲ အလျှော့ပေးလိုက်ရသည်။

"ချက်ချာက ကိုယ့်ကိုချစ်တာကိုး ကိုရဲ့၊ ဒီပွဲမှာ ချက်ချာမှားခဲ့ဘယ်ဆိုရင်တောင် ကို့ကို အဆုံးရှုံးမခံနိုင်လို့ သတိလက်လွတ်ဖြစ်သွားတဲ့ အမှားမို့ ကိုက ချက်ချာအပေါ် နားလည်ပေးရမယ်လေ၊ ကိုယ်ချစ်လို့ ယူထားတဲ့မိန်းမပဲဟာကို"

"ဟုတ်ပါပြီ ဒီတစ်ခါတော့ မရမ်းတုတ်ကို နားလည်ပေးလိုက်ပါမယ်၊ နောက်တစ်ခါဆိုရင်တော့ တကယ့်ကို ဖောက်ပြန်ပယ်လိုက်မှာ"



www.burmeseclassic.com

www.burmeseclassic.com



"ကြည့် ကိုနော် ချက်ချာကို မနောက်နဲ့ မခံစားနိုင်ဘူး"

ညီစေ့ ရင်ခွင်ထဲတိုးဝင်ပြီး ငိုမဲ့မဲ့ပြောလိုက်သော ချက်ချာ၏ ကိုယ်လေးကို အလိုက်သင့်ထွေးပွေ့လိုက်သည်။

တကယ်ဆို ညီစေလည်း ချက်ချာကို ချစ်တာပါပဲ။

■ ■ ■



## အခန်း (၃၄)

"ဆရာ ဖုန်းလာနေပါတယ်"

စားပွဲပေါ်ဖုန်းကျန်ခဲ့သဖြင့် အလုပ်သမားလေး ဖုန်းလာပေးသည်။

"ပြော် အေး ကျေးဇူး"

ဖုန်းလှမ်းယူပြီး ညီစေ ဖုန်းထူးလိုက်သည်။

"ဟဲလို မမကြီးလား ပြော ဘာထူးလို့လဲ၊ ကျွန်တော်အထည်ချုပ်စက်ရုံရောက်နေတယ်"

"အေး ရောက်နေရင်လည်း ပြန်လာ မင်းမိန်းမက ဒယ်ဒီ့ဖုန်းကိုဆက်တယ်၊ သူလာနေပြီတဲ့၊ ဒါကြောင့် မင်းမြန်မြန်ပြန်လာမှရမှာ"

"ဟင် ဟုတ်လား သူလာမယ်ဆိုတာ ဒယ်ဒီ့ကိုအဲ ကျွန်တော့်ကိုလည်း ဘာမှမပြောဘူး မမ"



www.burmeseclassic.com

www.burmeseclassic.com



"အေး အဲဒါတော့ မမကြီးလည်း မသိဘူး၊ သူ့ပုံစံက မင်းနဲ့ တစ်ခုခုဖြစ်ထားပုံပဲ"

"ဗျာ"

"အေး အေး ဒါပဲ မြန်မြန်လာနော်"

"ဟုတ်ကဲ့ ဟုတ်ကဲ့"

မမကြီး ဖုန်းချသွားသလို ညီစေလည်း ဖုန်းကိုင်ပြီး ငိုင်သွာ သည်။ လောဘအတော‌မသတ်သေးသည့် ချက်ချာအပေါ် ဘယ်လိုနာ လည်ရမလဲ။

အစွန်းနှစ်ဖက်ဆီရောက်နေသော ကိုယ်နှင့်ချက်ချာ။ ကိုယ် လောကမှာငွေထက် မေတ္တာတရားကို တန်ဖိုးထားချင်သူ။ ချက်ချာ တော့ မေတ္တာတရားထက်ငွေကို ပိုပြီး ခင်တွယ်မက်မောချင်သူ။

ခုလည်း ဒယ်ဒီ့ကိုလာတွေ့တာ ဘာတွေတောင်းဆိုဦးမည် မသိ။

သက်မမောကို ဟင်းခနဲချပြီး ချက်ချာဆီသို့ ဖုန်းခလုပ် နှိပ်လိုက်သည်။

"ဟဲလို ချက်ချာ ဒယ်ဒီဆီသွားနေပြီဆို ခုပဲ ကိုယ့်ကို မမကြီ ဖုန်းဆက်တယ်၊ အဲ ကိုယ်ပါမယ်ထင်ပြီး ဒယ်ဒီစားဖို့ နဂါးမောက်သ လုမ်းမှာတာ၊ ကိုယ်ကစက်ရုံမှာ အရေးတကြီးအစည်းအဝေးရှိတယ် လာနိုင်မှာမဟုတ်ဘူး၊ ချက်ချာပဲ ရှာပြီးဝယ်သွားလိုက်ပါကွာ၊ ပြေ ကိုယ့်ဆီကို ဖုန်းတွေလည်းဆက်မနေနဲ့ဦး၊ အစည်းအဝေးလုပ်မှာဆိုတော





စက်ပိတ်ထားမှာမို့ အိုကေ"

ပြောချင်တာတွေကို တရစပ်ပြောပြီး ဖုန်းချလိုက်သည်။ ခုချိန် မှာ ချက်ချာဆီမှာ ဘာစကားမှ နားထောင်ဖို့အချိန်မရှိ။

ဒီတော့ အိမ်ကို တက္ကစီငှားကာ ဒုန်းဆိုင်းပြီးပြန်ပြေးရတော့ မည်။ ကားယူသွားလျှင် ချက်ချာ ရိပ်မိနိုင်တာမို့ ကားကို စက်ရုံမှာပဲ ထားခဲ့လိုက်တော့မည်။

အိမ်ကိုချက်ချာထက်အရင် စောရောက်နေမှဖြစ်မှာမို့ တမင် တကာ အလွယ်တကူ ဝယ်၍မရနိုင်သော နဂါးမောက်သီးကိုရွေးပြီး ရှာဝယ်ခိုင်းလိုက်ခြင်းဖြစ်သည်။

စက်ရုံထဲမှ ထွက်လာရသော ညီစေ့ခြေလှမ်းတွေ ကတိုက် ကရိုက်နိုင်လွန်းနေသည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၅)

ညီစေ အိမ်ကိုပြန်ရောက်တော့ ချက်ချာ ရောက်မလာသေး။ အမောတကော ဖြစ်နေသော ညီစေ့ကိုကြည့်ပြီး မမကြီးနှင့်မမငယ် စိတ် မသက်သာသောလေသံဖြင့်

"ငှါမောင်လေးကိုကြည့်ပြီး မမကြီး စိတ်မောလိုက်တာကွယ်"

"အေးလေ ဒယ်ဒီက တကယ်ဆုံးသွားပြီပဲ ဘာညည်ရှုယ်ချက်နဲ့ ခုလိုလုပ်နေရတာလဲကွယ်"

"မမကြီးတို့ မမငယ်တို့ မသိပါဘူး၊ ဒီအတိုင်းလေးပဲ အလိုက်သင့်နေပေးပါ"

"အေးပါ အေးပါ"

"ကဲ ကျွန်တော့်ဒယ်ဒီအခန်းထဲဝင်ပြီး အဝတ်အစားတွေ ဘာ





တွေလဲပြီး ရုပ်ဖျက်လိုက်ဦးမယ်၊ သူလာရင်ပြောနော်"

"အေးပါ"

"ဦး မိတ်ကပ်နဲ့အထူးပြုလုပ်ချက်တွေ လုပ်ရဦးမှာပေါ့၊ မီးမီး ကူပေးရဦးမယ်"

အကြောင်းသိနေသော ငွေတာရီလေးက ရယ်သွမ်းသွေးပြီး ဝင်ပြောဏ်။

"ရတယ် ဦးဦးက ဒါမျိုးတွေ ပိုင်ပါတယ်ကွ"

"ကဲပါ မြန်မြန်ဝင်တော့ ဟိုကလာလို့ တိုးနေဦးမယ်"

စိုးရိမ်စွာပြောလိုက်သော မမကြီးစကားကြောင့် ညီစေ ဒယ်ဒီ့ အခန်းထဲသို့ ဝင်လိုက်သည်။

အခန်းထဲရောက်သည်နှင့် အဝတ်ဗီရိုကိုဖွင့်ကာ ဒယ်ဒီ့ဝတ်စုံ တစ်စုံကို အမြန်ကောက်လဲလိုက်သည်။ လဲပြီးသည်နှင့် ခုတင်ပေါ်မှာ ဟန်မပျက်တက်လှဲလိုက်သည်။

လှဲနေသည့်တိုင် ချက်ချာ အရိပ်အယောင်တောင် မမြင်ရသေး။ နဂါးမောက်သီးကို ဘယ် City Mark တွေမှာ လိုက်ရှာဝယ်နေရသလဲမသိ။

ကိုယ့်အပြစ်နှင့်ကိုယ် ခံပေဦးတော့ ချက်ချာရေ။ ငါကတော့ ခင်းကို ဘယ်အချိန်ထိ လှည့်စားနေမိဦးမလဲ မသိဘူး။

မင်းရဲ့လောဘတွေ ငြိမ်းသွားတဲ့အချိန်အထိပဲ ဖြစ်လိမ့်မယ် ထင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ချက်ချာအကြောင်းတွေ တွေးရင်းတွေးရင်း ညီစေ မှေးခနဲ အိပ်ပျော်သွားပါတော့သည်။

အိပ်မက်ထဲမှာ ချက်ချာနှင့်ညီစေ ကားတစ်စီးဖြင့် ဘယ်နေရာတွေကိုမှန်းမသိ လျှောက်လည်နေကြသည်။ ပါသမျှငွေတွေကို တွေ့တဲ့ လူမှန်သမျှကို ချက်ချာက လိုက်ဝေပေးနေသည်။

မရှိဆင်းရဲသားကလေးတွေကိုလည်း ချက်ချာကိုယ်တိုင် မုန့်တွေ လိုက်ဝေပေးနေသည်။

ချက်ချာ၏ပီတိတွေနှင့်ပြည့်နေသော မျက်နှာလှလှလေးကို ညီစေ ကြည့်မဝရှုမဝဖြင့် နမ်းလိုက်သည်။

"ချစ်လိုက်တာကွာ"

■ ■ ■

## အခန်း (၃၆)

"သဒ္ဒါတရားတွေကောင်းနေတဲ့ ကိုယ့်မိန်းမကို ချစ်လိုက်တာကွာ"

"ဒယ်ဒီ ဒယ်ဒီ"

လှုပ်နိုးခံလိုက်ရသော အထိအတွေ့နှင့် ချက်ချာအသံကြောင့် ညီစေ မျက်လုံးတွေ ဖျတ်ခနဲ ပွင့်လာသည်။

"ဟင် ချက်ချာ"

အိပ်ချင်မူးတူးလေသံဖြင့် မျက်မှန်အောက်မှ မျက်လုံးအစုံပြူးကျယ်သွားကာ အလန့်တကြား ထူးလိုက်သည်။ ကိုယ့်ကိုကိုယ် ဒယ်ဒီ့နေရာမှာဝင်ပြီး ဟန်ဆောင်နေရသည်ဆိုတာကို မေ့သွားသည်။

"ဒယ် ဒယ်ဒီ အိပ်မက် မက်နေတာလား"



www.burmeseclassic.com

www.burmeseclassic.com



ချက်ချာထံမှ အသေးအချာ အကဲခတ်နေသော အုံ့သြအကြည့်တွေကြောင့် ခေါင်းအုံးပေါ်မှာကျနေသော မျက်မှန်ကိုကောက်တပ်လိုက်ပြီး ဒယ်ဒီ့အသံနှင့်တူအောင်

"ဪ အေး ဟုတ် ဟုတ်တယ်ကွဲ့"

"ဒယ်ဒီက ကိုနဲ့အရမ်းတူတာပဲနော် ရုပ်ချင်းလည်းတော်တော်ဆင်တယ်၊ သားအဖသာဆိုတယ် အရွယ်က သိပ်မကွာသလိုပဲ၊ ကိုလည်းတို့ ကိုလေးတို့ထက်တောင် နုနေသေးတယ်"

"ဪ ဒါ ဒါကတော့ သား သားအဖဆိုတော့ တူမှာပေါ့သမီးရယ်"

ညီစေ မလုံမလဲ ဖြစ်သွားသည်။ ချက်ချာများရိပ်မိနေလို့ဒီလိုစကားမျိုးရွေးပြောတာလားပေါ့။

"ဒါနဲ့ ညီစေရော"

"သူအလုပ်သွားတယ် ဒယ်ဒီ၊ သူအလုပ်သွားတုန်း ဒယ်ဒီ့ကိုလာတိုင်တာ"

"ဟေ ဘာတိုင်မလို့တုန်း"

"သူ အိမ်ထောင်ရေးဖောက်ပြန်နေတယ် ဒယ်ဒီ"

ညီစေ မျက်ခုံးနှစ်ဖက်စုကျုံ့သွားသည်။ ဒီမိန်းမ ဘာတွေပေါက်ကရပြောဦးမည်လဲ၊

"ဟုတ်လား ဖြစ်နိုင်ပါ့မလား သမီးရယ် ဒီကောင်က သိပ်ချစ်တာကွယ့်"





ညီစေ ဒေါသသံမပါအောင် ထိန်းပြောရသည်။

"အဲဒီ ရှိးတဲ့သူက ပိုကြောက်ဖို့ကောင်းတာ ဒယ်ဒီရဲ့"

ပြောရင်းဖြင့် ချက်ချက်ချာ မျက်ရည်ဝဲလာသည်။

ညီစေ့စိတ်ထဲမှနေပြီး တတ်လည်းတတ်နိုင်တဲ့မိန်းမဟု ဒေါသဖြစ်သွားသည်။ ညီစေအဖြစ်သာ ရှိနေရလျှင် နားရင်းအုပ်မိမလားပင်မသိ။

"ပြောစမ်းပါဦး ဒီကောင် သမီးအပေါ် ဘာတွေဖောက်ပြန်လဲ"

အတုတပ်ထားသော မျက်ခုံးဖြူဖြူနှစ်ဖက်ကို စုကျုံ့ရင်း မေးလိုက်သည်။

"သူ မိန်းမတစ်ယောက်နဲ့ဖောက်ပြန်ပြီး အဲဒီမိန်းမကို စားသောက်ဆိုင်ဖွင့်ပေးထားတယ် သိလား ဒယ်ဒီ၊ ချက်ချာကိုကျတော့အလှပြင်ဆိုင်ဖွင့်မယ်ဆိုတာ အရင်းအနှီး မထုတ်ပေးဘူး"

နောက်ဆုံး ဒီဘူတာကို ပြန်ဆိုက်တာပင်။

"အေးပါကွယ် ဒယ်ဒီ သူ့ကိုဆုံးမပါမယ်"

"ဟင့်အင်း မလိုဘူး ဒယ်ဒီ သူက ချက်ချာထက် အဲဒီမိန်းမကိုချစ်နေတာ ချက်ချာသိတယ်၊ သိပ်မကြာခင်မှာ ချက်ချာကို သူထားသွားတော့မှာ"

ပြောရင်းဖြင့် ချက်ချာ မျက်ရည်မထွက်သော ငိုခြင်းဖြင့် တသိမ့်သိမ့်ရှိုက်ငိုသည်။

ညီစေ့စိတ်ထဲ 'ငို ငို သေအောင်ငို' ဟု ခပ်ပြစ်ပြစ်ကျိန်ဆဲလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မထားပါဘူး သမီးရယ်"

ချက်ချာပခုံးကို ခပ်ဖွဖွပုတ်ပြီး နှစ်သိမ့်လိုက်သည်။

"ကံကြမ္မာဆိုတာ ပြောလို့ရမလား ဒယ်ဒီ၊ ချက်ချာတို့သားအမိ ဘဝတော့ပျက်တော့မယ် ခုဆိုချက်ချာမှာ ကိုယ်ဝန်ရှိနေပြီ"

ညီစေ မျက်လုံးပြူးသွားသည်။

ကိုယ်ဝန်ရှိတာကို သူ့ကိုဘာကြောင့်မပြောတာလဲ။ ဘာကြောင့် ဒယ်ဒီ့ကိုမှ အရင်ပြောရတာလဲ။

"ကိုယ်ဝန်ရှိနေပြီ ဟုတ်လား"

"ဟုတ်ကဲ့ ဒယ်ဒီ အဲဒါကြောင့် ချက်ချာကို ဒယ်ဒီချွေးမတစ်ယောက်လို မချစ်ရင်နေပါ ဗိုက်ထဲက ဒယ်ဒီ့မြေးလေးကို ငဲ့ပြီး ချက်ချာကိုလည်း လုပ်ငန်းတစ်ခုထောင်ပေးပါ၊ အမြန်ဆုံးအကောင်အထည်ဖော်ပေးပါ"

"အင်း ခက်တော့ခက်သား သမီးရယ် ဒယ်ဒီက နေမကောင်းတော့ ဒယ်ဒီ့လုပ်ငန်းတွေကို ကိုလတ်ကို တချို့တစ်ဝက် လွှဲပေးထားတယ်၊ ငွေကြေးကအစပေါ့၊ ခုချိန်မှာ ဒယ်ဒီက အိပ်ရာထဲဘုန်းဘုန်းလဲနေတော့ ငွေကြေးထိန်းချုပ်မှုအပိုင်းကို ကိုလတ်ကိုပဲ တာဝန်လွှဲပေးထားတာ၊ ဒယ်ဒီလုပ်ပေးချင်ပေမယ့် သားသမီးတွေက ဒယ်ဒီ့ကို မေးခွန်းတွေထုတ်ကြမယ်လေ"

"ဒါနဲ့ ဒယ်ဒီပြောတော့ ချက်ချာကို အလှပြင်ဆိုင်ဖွင့်ဖို့ ငွေထုတ်ပေးမယ်ဆို"





ချက်ချက်ချာ ကလေးဆိုးတစ်ယောက်လို ဖွတ်တောင်းသည်။

ချက်ချာပုံစံက ဒယ်ဒီမပေးမချင်း ပေကပ်ပြီး မရမကတောင်းဆိုနေမည့်ပုံ။

"ဒယ်ဒီ သေမှပဲ သမီးဆန္ဒကို ဖြည့်ဆည်းပေးနိုင်မယ်ထင်တယ်ကွယ်"

ချက်ချာစိတ်ထဲမှ ဒါဆိုလည်း မြန်မြန်သေလိုက်ပါတော့လားဟု အပြစ်တင်မိလိုက်သည်။

"ဒယ်ဒီရယ် ဒယ်ဒီက သူ့ဒွေးပဲ ကိုလတ်ကိုပြောလိုက်ပေါ့"

ကိုယ်လိုချင်တာကိုပဲသိသော ချက်ချာ မရမကကို ဖွတ်အတင်းမူဆာသည်။ ညီစေ ချွေးပြန်လာသည်။

ခုချိန်တစ်ယောက်ယောက်ဝင်လာလျှင် ကောင်းမည်ဟူသော အတွေးဖြင့် အခန်းဝကိုမျှော်ကြည့်လိုက်သည်။ တစ်ယောက်မှဝင်မလာ။ ဒီတော့ ဉာဏ်ကူရတော့မည်။

"အဟွတ် အဟွတ် အဟွတ် အဟွတ်"

"ဟင် ဒယ် ဒယ်ဒီ"

"အင်း အဟွန့် အဟွတ် အဟွတ်"

ချောင်းဆိုးသံကို အကျယ်ကြီးပေးလိုက်သည်။

အခန်းထဲသို့ ငွေတာရီလေး ပြေးဝင်လာသည်။

"ဘိုးဘိုး ဘာဖြစ်တာလဲ ဘာဖြစ်တာလဲ ဘိုးဘိုး"

အရိပ်အငြိမ် နားလည်လွန်းသူ တူမလေး ငွေတာရီကို ကျေးဇူး



www.burmeseclassic.com

www.burmeseclassic.com



တွေအရမ်းတင်နေမိသည်။

ချောင်းတွေအလွန်အကျွံဆိုးပြနေသော အဘိုးနှင့်စိုးရိမ်တကြီး ပြေးဝင်လာသော မြေးဖြစ်သူ ငွေတာရီကြား ကြောင်ပြီးကြည့်နေသူက ချက်ချက်ချာပင်ဖြစ်သည်။

"မေမေရေ ဘိုးဘိုး ချောင်းတွေအရမ်းဆိုးနေတယ်၊ အန်တီလေး အဘိုးကို ဘာတွေကျွေးလိုက်လို့လဲ ဘာတွေပြောနေတာလဲ"

ငွေတာရီ သရုပ်ဆောင်ပီပြင်ပါသည်။ ဘိုးအေဖြစ်သူ၏ ရင်ဘတ်နှင့်ကျောပြင်ကို ခပ်ဖွဖွဖိရင်း ချက်ချက်ချာဘက်ကို လှည့်မေးလိုက်သည်။

"ဟင့်အင်း အန်တီလေး ဘာမှမကျွေးပါဘူး။ နောက်ပြီး ဘာမှလည်း မပြောပါဘူးကွယ်"

အခန်းထဲသို့ မမကြီးနှင့်မမလတ် ပြေးဝင်လာသည်။

"ငွေတာရီ အဘိုး ဘာဖြစ်တာလဲ"

"မသိဘူး မေမေ ချောင်းတွေအဆက်မပြတ် ဆိုးနေလို့ မီးမီးလည်းဝင်လာတာ"

အားလုံးသရုပ်ဆောင်ကောင်းကောင်းဖြင့်

"ဒယ်ဒီ သတိထားနော်"

"ဒယ်ဒီ မောနေဦးမယ်"

ညီစေ တော်တော်လေးခံစားနေရပုံဖြင့် လက်ကာပြသည်။

"ဆေး ဒယ်ဒီ့ကို ဆေးတိုက်ပါကွယ်"





"ဟုတ် ဟုတ်ကဲ့"

ချက်ချာပါ ဘာလုပ်၍ ဘာကိုင်ရမှန်းမသိအောင် ခြေမကိုင်မိ လက်မကိုင်မိဖြစ်သွားပြီး စားပွဲပေါ်မှ ရေတကောင်းနှင့်ဖန်ခွက်ယူကာ ရေငှဲ့ထည့်လိုက်သည်။

"ရော့ ဒယ်ဒီ ဆေး ဆေးနဲ့သောက်ရအောင်"

ရုတ်တရက် ညီစေလက်နှင့်ထိမိကာ ချက်ချာလက်ထဲမှ ရေဖန်ခွက် မှောက်ကျသွားပြန်သည်။

"ဟောတော် ဒယ်ဒီ့ပေါ် ရေတွေကျကုန်ပြီ"

ခြုံထားသော စောင်နှင့်အင်္ကျီပေါ်ကို ရေတွေမှောက်ကျကုန်၏။

"ဟင် ကန် ကန်တော့ ဒယ်ဒီရယ် ချက်ချာ တောင်းပန်ပါတယ်၊ တမင်လုပ်တာမဟုတ်ပါဘူး ချက်ချာ အဝတ်လဲဖို့ယူပေးမယ်နော်"

ထိုင်ရာမှ ပျာပျာသလဲထကာ အဝတ်ဗီရိုဆီသို့ ချက်ချာ လျှောက်လာလိုက်သည်။

"ဟင်"

ဗီရိုဘေး အဝတ်စင်အောက်ရှိ ခြင်းထဲတွင်ထည့်ထားသော ဝတ်စုံဆီသို့ အကြည့်တွေရောက်သွားသည်။

"ဒါ မနက်က ကို ဝတ်သွားတဲ့ဘောင်းဘီနဲ့ရှပ်အင်္ကျီပဲ၊ ဘယ်လိုလုပ်ဒီရောက်နေတာလဲ"

တစ်ယောက်ထဲ ခပ်တွေတွေစဉ်းစားရင်း ဗီရိုတံခါးကို ဆွဲဖွင့်ပြီး ဝတ်စုံတစ်စုံ ထုတ်ယူလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရော့ မမကြီး ဒယ်ဒီ့ကိုလဲပေးလိုက်ပါ၊ ချက်ချာအပြင်မှာ စောင့်နေမယ်နော်"

"ဪ အေး အေး မမကြီး ဒယ်ဒီ့ကိုအဝတ်အစားလဲပြီးရင် ထွက်လာခဲ့မယ်နော်"

"ဟုတ်ကဲ့ပါ"

ချက်ချာ ဇဝေဇဝါအတွေးဖြင့် အခန်းထဲမှထွက်လာခဲ့သည်။ မနက်က ချက်ချာကိုယ်တိုင် ဝတ်ရန် ထုတ်ပေးခဲ့ပြီး ကို ဝတ်သွားခဲ့သော ဝတ်စုံက ဒယ်ဒီ့အခန်းထဲဘယ်လိုရောက်နေတာလဲ။ မျက်စိမှားစရာ အကြောင်းလည်း ဘာမှမရှိ။

အင်္ကျီကော်လာမှာ တပ်ထားသော စိန်ကြယ်သီးက ချက်ချာ ကိုယ်တိုင်တပ်ပေးထားတာ။

ကို ဒီအိမ်မှာရောက်နေတာလား။ ဒါမှမဟုတ် မနက်ကဝင်သွား ပြီး ဝတ်စုံလဲသွားတာလား။

အတွေးတို့ ရှုပ်ယှက်ခတ်ကာ စိတ်မောသွားရသည်။

မျှော်လင့်ချက်တွေက သိပ်ပြီးအင်အားမရှိတော့။ ဒီအဘိုးကြီး သူသေမှ ချက်ချာဆန္ဒတွေဖြည့်ဆည်းပေးနိုင်မှာတဲ့၊ ဒါဆိုလည်း မြန်မြန် သေလိုက်ပေါ့။

■ ■ ■



## အခန်း (၁၇)

ဒယ်ဒီ့ဆီမှအပြန် ချက်ချာ အိမ်မပြန်ချင်သေး၍ ညီစေ့ဆီ ထွက်လာခဲ့လိုက်သည်။ ခုချိန်လောက်ဆိုလျှင် ညီစေ့ အစည်းအဝေးပြီး လောက်ပြီ။

စက်ရုံရှေ့ရောက်သည်နှင့် ဂိတ်ပေါက်စောင့်လုံခြုံရေးက စက်ရုံ ဝင်းတံခါးကို လာဖွင့်ပေးသည်။ စက်ရုံမှူးထွက်လာသည်။

"သူဌေးအပြင်သွားတာ ပြန်မလာသေးပါဘူး"

"ဟင် ဘယ်အပြင်ကိုလဲ"

"အဲဒါတော့ ပြောမသွားပါဘူး"

"ဒီနေ့အစည်းအဝေးရော ရှိလား"

"ဟုတ်ကဲ့ မနက်ဖြန်မှာ ရှယ်ယာရှင်အစည်းအဝေးတော့ ရှိ ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ မရှိဘူးပေါ့"

"ဟုတ်ကဲ့ မရှိပါဘူး မနက်ကဖုန်းဝင်လာလို့ အရေးတကြီး ထွက်သွားတာပဲ၊ လာရင် ဘာပြောလိုက်ရမလဲ"

"ဟင့်အင်း မပြောနဲ့ ချက်ချာလာတယ်ဆိုတာ ပြောမနေပါနဲ့ တော့နော်"

"ဗျာ"

စက်ရုံမှူးရော လုံခြုံရေးဝန်ထမ်းရော ချက်ချာကို နားမလည်စွာ ကြည့်သည်။

ချက်ချာ ဟန်မပျက်ပြုံးလိုက်ပြီး

"ကိုက ချက်ချာစက်ရုံလိုက်လာတာကို ကြိုက်မှာမဟုတ်ဘူး။ ဒါကြောင့် ပြောမနေပါနဲ့တော့"

"ဩော် ဟုတ်ကဲ့ပါခင်ဗျာ ကျွန်တော်တို့သူဌေးကို ဘာမှမပြော ပါဘူး စိတ်ချပါ"

စက်ရုံမှူးကိုရော လုံခြုံရေးမှူးကိုပါ နှုတ်ပိတ်ခဲ့ပြီး အိမ်ကိုပြန် လာခဲ့လိုက်သည်။ အိမ်အပြန်လမ်းတစ်လျှောက် ချက်ချာ၏အာရုံတွေထဲ အတွေးတို့ပြည့်နှက်လာသည်။

ကို ချက်ချာမသိအောင် ဘာတွေလုပ်နေတာလဲ။

■ ■ ■

"မမ အဘိုးကြီးအခြေအနေ ဘာထူးလဲ"

ရေခဲသေတ္တာထဲမှ ပန်းသီးတစ်လုံးကို ငွပ်ခနဲကိုက်စားပြီး လှမ်း





မေးလိုက်သော သက်လျာအမေးကြောင့် ချက်ချာ ညှိုးနေသော မျက်နှာ အမူအရာဖြင့်ခေါင်းခါပြလိုက်သည်။

သက်လျာ မှဲ့သွားသည်။

"မချက်ဟာကြီးက ဇာတ်မျောကြီးပဲကွာ၊ ကံချွန်တို့ကလည်း ဝယ်သူတွေရှိနေပြီ သက်လျာတို့ကို ရစေချင်လို့ မလွှတ်သေးတာ"

"အေးပါဟယ် ငါလည်း သိပါတယ်၊ မရသေးတာတော့ ဘာ တတ်နိုင်မှာလဲ"

"မမက သေချာမပြောလို့နေမှာပေါ့"

"ဩော် ပြောပါတယ်ဟယ် ကိုယ်ဝန်မရှိတဲ့နဲ့လည်း ရှိတယ်ပြော လိုက်တယ်၊ သူ့သားမဖောက်ပြန်တဲ့နဲ့လည်း ဖောက်ပြန်တယ်လို့ သာသာ ထိုးထိုးလေးပြောလိုက်တယ်၊ အဘိုးကြီးများ ငါ့ကိုသနားပြီး ထုတ်ပေး မလားလို့ပေါ့၊ ဒါပေမဲ့ မှန်းချက်နဲ့နှမ်းထွက် မကိုက်ပါဘူးဟယ်"

"ဒါဆို သက်လျာတို့ရဲ့အခွင့်အရေးတွေကို လက်လွှတ်ဆုံးရှုံး ရမှာပေါ့၊ မမကိုက မနပ်တာပါ၊ ယောကျ်ားတစ်ယောက်ကို မချုပ်တတ် ဘူး၊ သက်လျာနဲ့နေရာချင်းသာ လဲလိုက်ချင်တယ်၊ သူဌေးသားကိုယူ ထားပြီး အိမ်စရိတ်လေး တစ်လငါးသိန်းပေးတာကို သဘောခွေ့နေ တယ်"

သွေးထိုးပေးနေသော သက်လျာစကားကြောင့် ချက်ချာ မခံချင် စိတ်ဖြင့် ဓွေကြည့်ပြီး

"ငါ့ကို သွေးထိုးမနေနဲ့တော့ သက်လျာ၊ ငါလည်း ရလိုရငြား



www.burmeseclassic.com

www.burmeseclassic.com



ကြီးစားကြည့်တာပဲ၊ ကာယကံရှင်ဒါကတောင် ဒီလောက်လောဘမတက်ဘူး။ နင်ကဘာဖြစ်လို့ အဲလောက်လောဘတက်နေရတာလဲ၊ ငါ စိတ်တွေ ရှုပ်နေတယ်ဟာ နင်ပြန်တော့"

ညီစေ့အပေါ်မှာ သံသယမကင်း ဖြစ်နေသောစိတ်ကြောင့် စကားပင်ဟဟ မပြောချင်တော့၍ သက်လျာကို ဘုတောဖြစ်လိုက်သည်။

"ညီအစ်မနှစ်ယောက်စလုံး ကောင်းစားဖို့ အကြံပေးတာ သွေးထိုးတယ်ဆိုရင်လည်း မချက်ထိုက်နဲ့မချက်ကံပဲ၊ ကဲ သွားပြီ ဟိုကထားသွားလို့ ကျန်ရစ်ဖြစ်မှ ပိုက်စရာအထုပ်တောင် မရှိဘူးဆိုရင်တော့ ကိုယ့်ထိုက်နဲ့ကိုယ့်ကံပဲနော်"

သက်လျာ အငေါ်တူးသောစကားပြောပြီး ထိုင်ရာမှထလိုက်ပြီး ပြန်ရန်ပြင်လိုက်သည်။

"ဘာကိုယ့်ထိုက်နဲ့ကိုယ့်ကံလဲ နင့်ကံကြမ္မာအတွက် နင်ကောင်းစားဖို့အတွက် ငါ့ကိုကြိုးဆွဲပြီး ကခိုင်းနေတာမဟုတ်လား။ ခုလောလောဆယ်တော့ နင်သိန်းသုံးဆယ်နိုင်သွားပြီလေ၊ အဲဒီငွေတွေ ဘယ်မှာလဲ ပြော နင်ဘာလုပ်လိုက်လဲ"

စိတ်ညစ်ညူးမှုတွေကို ဒေါသအဖြစ် သက်လျာအပေါ် ဖြည်ချလိုက်သည်။ သက်လျာ မျက်နှာပျက်ပျက်ဖြင့်

"အမလေး သိန်းသုံးဆယ်လောက်လေးပေးတာကိုများ မထွပ်တိုင် တက်ပြနေတယ်၊ ဂျပန်သွားတာနဲ့ ဟိုကနေ ပို့လိုက်မယ်၊ သက်လျာတို့က ကပ်ဖြောင်မဟုတ်ဘူး။ တကယ်လိုအပ်လို့ ခဏလှည့်တာ ပြန်ပေး





မှာပါ"

ညီအစ်မနှစ်ယောက် အခြေအတင်ဖြစ်နေကြချိန်တွင် ညီစေမင်း ရောက်လာသည်။

ညည့်ခန်းထဲဝင်လာသော ညီစေမင်းကို မြင်သည်နှင့်အော်ကြီးဟစ်ကျယ်ပြောနေသော သက်လျာမှာ လေသံအရှိန်လျော့သွားပြီး

"ကဲ သွားတော့မယ် မချက် ဟိုမှာ ခဲအိုလာနေပြီ"

သက်လျာ ညီစေမင်းကို ခပ်ယဲ့ယဲ့ပြုံးပြနှုတ်ဆက်ပြီး ထွက်လာခဲ့လိုက်သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၈)

"ဘယ်လိုတွေဖြစ်နေကြတာလဲ ချက်ချာ၊ သူ ချက်ချာကို ဘာလို့ ရန်တွေ့နေတာလဲ"

ညီစေ့အမေးကို ချက်ချာ မဖြေသေး။ စိတ်ထဲမှာလည်း ညီစေ့ကိုတင်းနေသေးသည်။ ဒေါသဖြစ်လက်စနှင့် ဒီနေ့တင်နေသည့် သံသယတွေကို တစ်ခါတည်းဖွင့်မေးလိုက်တော့မည်။

"ချက်ချာ ကိုယ်မေးနေတယ်လေ"

"ဘာမှမဖြစ်ဘူး ရန်တွေ့တာလည်းမဟုတ်ဘူး၊ စကားပြောနေကြတာ၊ ဒါနဲ့နေပါဦး ရှင်ကရော ဒီနေ့ အစည်းအဝေးမရှိဘဲ ရှိတယ်လို့ ပြောပြီး ဘယ်သွားနေလဲ"

"ဘယ်သွားရမှာလဲ စက်ရုံမှာပေါ့၊ အထည်လိပ်စက်ရုံက





မန်နေဂျာလာလို့ အထည်ဒီဇိုင်းနမူနာတွေ လိုက်ပြတယ်"

မင်သေသေနှင့်ရှင်းပြသည်။ ချက်ချက်ချာ မဲ့လိုက်ပြီး ညီစေ့ကိုယ်ပေါ်က အဝတ်အစားကို ကြည့်ကာ

"ဒီနေ့ ဒီအင်္ကျီကို ဒယ်ဒီ့အခန်းထဲမှာ တွေ့ခဲ့တယ်"

"ဘာ ကိုယ့်ကိုယ်ပေါ်က ဝတ်စုံကို ဒယ်ဒီ့အခန်းထဲမှာ တွေ့ခဲ့တယ် ဟုတ်လား"

"ဟုတ်တယ် ဒယ်ဒီ့အိမ်ကိုရှင်သွားတာ ဘာပြဿနာမှမရှိဘူး။ ဒါပေမဲ့ ဒီဝတ်စုံကတော့ ရှင့်ကိုယ်ပေါ်မှာမရှိဘဲ ဒယ်ဒီ့အခန်းထဲက သံသယအကြည့်တွေကို မလုံမလဲ ခံယူရင်း

"ဟာ အဲဒါ ကိုယ့်အင်္ကျီမှမဟုတ်တာ ဟုတ်ပါပြီ၊ ချက်ချာမြင်ခဲ့တာ ကိုလတ်အင်္ကျီဖြစ်မှာပါ၊ ကိုလတ်မှာလည်း အဲလိုအင်္ကျီမျိုး ရှိတယ်၊ တစ်ပုံစံထဲပဲ ကိုယ်ဝတ်တာကိုသဘောကျပြီး လိုက်ဝယ်ထားတာ"

"ထားပါတော့ အင်္ကျီဝယ်တယ်ဆိုရင်လည်း အင်္ကျီပေါ့၊ ခုဟာက ခုရှင်ဝတ်ထားတဲ့ဘောင်းဘီအတိုင်းကို အထက်အောက်ဆင်တူ ရှိနေတယ်၊ အဲဒီဘောင်းဘီကိုရော ကိုလတ်က ကြိုက်လို့လိုက်ဝယ်တာပဲလား"

ရိသဲ့သဲ့အမေးကြောင့် ညီစေမင်း ရင်ထဲက ပျော်လာသည့် အပျော်တွေ လျော့ကျသွားသည်။

ဒီကတော့ သားသမီးရတော့မည်ဟူသော ပီတိဖြင့် ပျော်လာသည်။ ခုတော့ ပြဿနာဆီးပြီး အရှာခံရသည်။



www.burmeseclassic.com

"ချက်ချာ ကိုယ့်ကိုဘာတွေ သံသယဖြစ်နေတာလဲ ဟမ်၊ ကိုယ် ချက်ချာမသိအောင် ကိုယ်တို့အိမ်ထောင်ရေး ထိခိုက်နစ်နာစေမယ့် ဘယ်လိုအလုပ်မျိုးမှ မလုပ်ဘူးနော်၊ ကိုယ့်ကိုသံသယတော့ ဝင်မယ်မကြံ နဲ့၊ ကိုယ် အိမ်ထောင်ရေးဖောက်ပြန်နေလားဆိုတာ အသေအချာစုံစမ်း ပြီးမှ ကိုယ့်ကိုကြိုက်သလိုပြော"

"အေးပေါ့လေ ချက်ချာက လက်ပူးလက်ကြပ်မှ မဖမ်းမိသေး တာကိုး မှန်း မိလို့ကတော့ ချက်ချာ ဘယ်လောက်ရက်စက်လဲဆိုတာ သက်သေပြမယ်"

"မင်းသဘောပဲ ဒါနဲ့နေပါဦး မင်းက ဒယ်ဒီ့ကိုတော့ မင်းမှာ ကိုယ်ဝန်ရှိနေပြီလို့ပြောတယ်၊ ကိုယ့်ကိုကျတော့ ဘာလို့မပြောတာလဲ"

"မပြောဆို ရှိမှမရှိတာ"

"ဘာ"

ညီစေ့ မျက်နှာခက်ထန်သွားသည်။ ဘာဖြစ်လို့ အကြောင်းခဲ့ လိမ်ရတာလဲ။

"မင်း ဒယ်ဒီ့ကို ဘာရည်ရွယ်ချက်နဲ့ ညာနေရတာလဲ"

"ရှင်းရှင်းလေးပဲ ကိုရယ် အမွေလိုချင်လို့ပေါ့၊ ရှင်ကမှ ချက်ချာ လိုချင်တဲ့အရင်းအနှီးငွေ ထုတ်မပေးတာ၊ ဒီတော့ ထုတ်ပေးနိုင်မယ့် ငွေတွင်းကြီးဆီမှာ အကူအညီတောင်းရတာပေါ့"

ညီစေ့ မျှော်လင့်ချက်တွေ အပျော်တွေ ဒေါသတွေကြောင့် ဝုန်းခနဲ ပျောက်ကွယ်သွားသည်။





"မင်း တော်တော်ငွေမက်ပါလား၊ မင်းဘဝမှာ ငွေက အဲဒီ လောက်အရေးကြီးလား ဟမ်"

"အို ကြီးတာပေါ့ ချက်ချာက လောကကြီးထဲမှာ ငွေအမက်ဆုံး မိန်းမတစ်ယောက်ပဲ၊ ရှင့်ကိုယူမိတာလေ သူဌေးမယားမလုပ်ရဘဲ ခွဲတမ်း နဲ့သုံးနေရတဲ့ စစ်သားမယားဘဝကို ရောက်နေရတယ်"

"ဟ အမွေလိုချင်ရအောင် ငါ့အဖေကမှ မသေသေးတာ"

"ဒါဆို ရှင့်အစ်ကိုတွေ အစ်မတွေကျတော့ ဘာလို့ အမွေတွေ ခွဲနေသလဲ၊ ရှင့်အဖေတောင် မသေသေးဘူးလေ၊ ဟင်း ချက်ချာကို သိဘူးလို့မထင်နဲ့၊ ရှင့်အစ်ကိုတွေ အစ်မတွေ လုပ်ငန်းအသစ်တွေ ဖွင့်ထွင်နေတာ ရှင့်အဖေဆီက အရင်းအနှီးမထုတ်ပေးလို့ ဘယ်ကထုတ် ပေးရမှာလဲ၊ ဒီလောက်ကတော့ ချက်ချာတို့က နပ်ပြီးသား"

နူးညံ့သိမ်မွေ့ခြင်းအလျဉ်းမရှိသော ချက်ချက်ချာ၏လောဘ ကြီးလွှမ်းနေသော ဒေါသမျက်နှာကို ညီစေမင်း စိတ်ပျက်စွာကြည့်ပြီး

"မင်းကိုယ့်ကိုချစ်တာလား၊ ကိုယ်ရမယ့်အမွေကို ချစ်တာလား"

ပြတ်သားသော အမေးကြောင့် ချက်ချာနှုတ်တို့ ဆွံ့အသွားကာ ညီစေ့ကို မော့ကြည့်သည်။ လေသံခပ်အေးအေးဖြင့်

"နှစ်ခုစလုံးပဲ"

ညီစေ့ရင်ထဲ မျက်ခနဲ နာကျင်သွားသည်။

"မရဘူး ချက်ချာ မင်းတစ်ခုကိုရွေးချယ်ရမယ်၊ အမွေမက် ဘာဆိုရင် ကိုယ် ဒယ်ဒီ့ဆီကအမွေကို မရရအောင် တောင်းပေးမယ်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ချ''

ပြောပြီး ချက်ချာရှေ့မှ ချာခနဲ လှည့်ထွက်ခဲ့သည်။

နိုင်မာသော အချစ်တစ်ခုကို တည်ဆောက်ပြီးကာမှ ရှမ္မက်ရေ ဖြင့် တည်ဆောက်ထားသော အချစ်ဖြစ်နေမှန်း သိလိုက်ရတော့ ရင်န အဆမတန် နာကျင်ရသည်။

ကိုယ်ချစ်ခဲ့တာက လောဘမပါတဲ့ မေတ္တာအစစ်နဲ့ချစ်ခဲ့တာ သူ ကိုယ့်ဆီကိုပေးဆပ်လာတဲ့အချစ်က လောဘတွေနဲ့ချည်းကပ်လာ မေတ္တာအတု။

ဘယ်လောက်ရင်နာစရာ ဒေါသထွက်စရာကောင်းလိုက်သလဲ

■ ■ ■



## အခန်း (၃၈)

''မင်း ဒီမြေကွက်ကို တကယ်ရောင်းလိုက်တော့မှာလား ညီစေ''

ဝယ်သူနှင့်ပွဲစားရှေ့တွင် ကိုလတ် နမြောတသစွာဖြင့် သေချာ မြန်မေးသည်။

''ကျွန်တော်ဆုံးဖြတ်ပြီးမှ လုပ်တဲ့ကိစ္စမို့လို့ တွန့်ဆုတ်မနေချင်တော့ဘူး''

''ဘာပဲဖြစ်ဖြစ် ဝယ်တုန်းက သိန်းငါးဆယ်စွန်းစွန်းလေး ခု သိန်းတော့်ခြောက်ရာလောက်ရတယ်ဆိုတော့ ရွှေအိုးကောက်ရသလိုပါပဲ ကိုညီစေ ထတောင်ကလို့ရတယ်''

ပွဲစားကိုတိုးအောင်က ပွဲစားပီပီ ပွဲစားစကားပြော၏။

''ဒါဆိုရင် ချက်နဲ့ငွေချေပြီးပြီမို့ ကျွန်တော်တို့ လက်မှတ်ရေး ထိုးလိုက်ကြရအောင်၊ ဂျန်နရယ်ပါဝါလွှဲတာကတော့ ကိုညီစေ အားမယ့်



www.burmeseclassic.com

www.burmeseclassic.com



တစ်ရက်ကို ချိန်းလိုက်တာပေါ့”

“ရပါတယ် မနက်ဖြန်ပဲ ချက်ချင်းလွှဲပေးပါ့မယ်”

အရောင်းအဝယ်စာချုပ်တွင် ညီစေ မတွန့်မဆုတ် လက်မှတ်ထိုးပေးလိုက်သည်။

မိန်းမတစ်ယောက်ကြောင့် အချိန်တွေ ထပ်မပေးဆပ်ရတော့ဖို့အတွက် ဒီလောက်ရင်းနှီးလိုက်ရတာပဲ။ ဒီဘဝမှာတော့ ရှိစေတော့။

ကိုယ်ကသာ အချစ်ဆိုတာ ပေးဆပ်ခြင်းနဲ့မျှဝေခံစား နားလည်ပေးနိုင်ခြင်းဆိုတဲ့ ခံယူချက်ဖြင့် လက်တွဲလျှောက်လှမ်းခဲ့ပေမယ့် သူက ရယူခြင်းနဲ့လောဘကို ရှေ့တန်းတင်ခဲ့တာပဲ။

တကယ်ချစ်ခဲ့တဲ့ ကိုယ်က နောက်ဆုံးမှာတော့ တုံးအေကြီးလုံးလုံးကို ဖြစ်လို့။

“ဒါဆိုရင် ကျွန်တော်တို့ မနက်ဖြန်တွေ့ကြတာပေါ့၊ ခုတော့ သွားခွင့်ပြုပါဦး”

“ဟုတ်ကဲ့ ကောင်းပါပြီ”

မြေကွက်ဝယ်သူနှင့် ပွဲစားပြန်သွားသည့်တိုင် ညီစေ နေရာမှာတင် ငူငူကြီးထိုင်မြဲ။

“ညီစေ ကိုလတ်တို့ကြောင့် ဒီမြေကွက် ရောင်းရတာလား။ ကိုလတ်ကို သေချာပြောစမ်းပါ၊ မင်းရဲ့အမွေတွေကို ကိုလတ်တို့အစ်ကိုတွေ အစ်မတွေကို မင်းခွဲပေးလိုက်ရလို့လား။ ဒါဆိုရင်တော့ ကိုလတ်တို့စိတ်မကောင်းဘူးကွာ၊ ဒီမြေကွက်က မင်းရဲ့ဘဝတစ်ခုလုံးအတွက် ရတနာ





ကြီးပါ၊ ခုတော့ ငါတို့ကြောင့် ရောင်းလိုက်ရပြီဆိုတော့ တို့အကြီးတွေမင်းအပေါ် မတရားလုပ်မိလိုက်သလိုပါပဲ၊ မမကြီးတို့သိရင်လည်း သူတို့စိတ်ကောင်းကြမှာ မဟုတ်ဘူး”

ကိုလတ် တော်တော်လေး စိတ်ထိခိုက်နေပုံရသည်။

“ဟာ ကိုလတ်ကလည်း ဘာမှမဆိုင်ဘူး၊ ဒီမြေကွက်ရောင်းလိုက်တာ ကိုလတ်တို့ကြောင့်မဟုတ်ဘူး”

“ဒါဆို ဘာကြောင့်လဲ ခုတစ်လော မင်းဘာလုပ်လုပ် ထူးဆန်းနေတယ် ညီစေ”

“ကျွန်တော် ဒီမြေကွက်ရောင်းရတဲ့အဓိက အကြောင်းအရင်းက ကွာရှင်းဖို့ပါ”

“ဟင် ဘယ်လို ကွာရှင်းမလို့ ဟုတ်လား၊ သူက မင်းချစ်လို့လက်ထပ်ထားတာပဲ”

“ကဲပါ ကိုလတ်ရာ ဒီလောက်လေးပဲ သိထားပေးပါတော့ ကဲကျွန်တော် ဘဏ်ကိုသွားရဦးမယ် ကိုလတ်ရော နေခဲ့ဦးမှာလား”

“မနေဘူး ငါလည်း ရုံးကိုပြန်သွားရဦးမှာ”

“ဒါဆို ဒယ်ဒီ့အိမ်ကို သော့ခတ်ခဲ့ရုံပဲရှိတော့တာပေါ့၊ နောက်ရက်ဆိုရင်တော့ ကျွန်တော်လာပြန်နေမှာပါ”

ဒယ်ဒီ့အငွေ့အသက်တွေကျန်နေဆဲ ဒီအိမ်အရိပ်မှာနေပြီး နှလုံးသားက နင့်နင့်နဲနဲ ရခဲ့သည့် ဒဏ်ရာကို တိတ်တဆိတ်ကုစားရဦးမှာ။

ဘာပဲဖြစ်ဖြစ် ညီစေ ကျေနပ်ပါသည်။ ကိုယ့်ကြောင့် ညီအစ်ကို



www.burmeseclassic.com

www.burmeseclassic.com



မောင်နှမတွေ၏အခက်အခဲတွေအားလုံး အခဝင်ပြေလည်သွားသည်။ ယခု ကိုယ့်ကြောင့် ချက်ချာ၏လိုချင်တပ်မက်မှုတွေကို ဖြည့်ဆည်းပေးနိုင်တော့မည်။

ပြီးလျှင် လမ်းခွဲဖို့ပဲရှိတော့သည်။

အလိုရမ္မက်ကြီးသူတွေဟာ ရပြီးရင်းရနေလည်း သူတို့လောဘက အတောသတ်သွားတာမှ မဟုတ်တာ။ ကိုယ့်မှာ ချက်ချာကိုထပ်ပြီးဖြည့်ဆည်းပေးစရာ ဘာမှမရှိတော့။

မရှိတော့မှတော့ သူ့အနားက လမ်းခွဲနှုတ်ဆက်ထွက်ခဲ့ရုံပဲ ရှိတော့တာပေါ့။

အတူတူဖြတ်သန်းခဲ့ရတဲ့အချိန်ကာလတွေဟာ တကယ်ကြည်နူးမိန်းမောခဲ့ရတာမှ မဟုတ်တာ။

ဒါပေမဲ့ အဲဒီအချိန်တွေကိုတော့ ခုချိန်ထိ ရှူးသွပ်ဆဲပါပဲ။

ခုလိုတွေဖြစ်လာလိမ့်မယ်လို့ တကယ်ကို ထင်မထားတာပါ ချက်ချာ။

■ ■ ■



## အခန်း (၄၀)

"မမချက်တို့ကတော့ ပိုးစိုးပက်စက်ကို အလှည့်ဖြားခံနေရပါလားနော်၊ သိပ်တုံးတဲ့ တို့အစ်မကိုကြည့်ပြီး ရင်နာလွန်းလို့ ဒေါသတွေ ဘယ်ကစထွက်ရမှန်းတောင် မသိတော့ဘူး"

စိတ်ညစ်ရသည့်ကြားထဲ စကားနာလာထိုးနေသော သက်လျာကို စိတ်ပျက်စွာကြည့်လိုက်ပြီး

"စိတ်ရှုပ်ရတဲ့ကြားထဲ ဘာတွေလာပြောနေတာလဲ ချက်ချာရယ်၊ ငါတစ်ယောက်ထဲ အေးအေးဆေးဆေး နေပါရစေ"

"စိတ်ချ နေရမှာပါ နေရမှာပါ အဟက်"

ခနဲ့ခနဲ့ရယ်လိုက်သော သက်လျာကို မနှစ်မြို့စွာဖြင့်ကြည့်လိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"ဘာလာရယ်နေတာလဲ ငါစိတ်ညစ်နေတာကို ကြည့်ပြီး နင် ပျော်တော်ပျော်နေတယ်ပေါ့ ဟုတ်လား"

"မပျော်ပါဘူး မမချက် အကြီးကြီးအလိမ်ခံနေရတာကို ကြည့်ပြီး ရယ်ချင်လို့ပါ"

သက်လျှာစကားကို ဥပေက္ခာပြု၍မရတော့။ ဒါဟာ သူတစ်ခုခု ကို ပိုင်ပိုင်နိုင်နိုင် သိထားလို့သာ ခုလို စကားမျိုးတွေလာပြောနေခြင်း ဖြစ်သည်ဆိုတာ ချက်ချာ သိသည်။

ရင်ထဲမှာလည်း အမည်ဖော်မတတ်သည့်စိုးရိမ်ကြောင့်ကြမှုကြီး က ဒိန်းခနဲ ဆောင့်တိုးလာသည်။ သက်လျှာ ဘာတွေများ ဒီလောက် သိထားလို့ ခုလိုလှောင်ရယ်နေနိုင်တာလဲ။

"နင် ဘာတွေသိထားလို့လဲ သက်လျှာ"

သက်လျှာ ချက်ချင်းမဖြေဘဲ ချက်ချာကို မေးခွန်းပြန်ထုတ် သည်။

"မမချက် ယောက္ခထီးကြီးနာမည်က ဘယ်သူ"

"ဦးကျော်စေမင်း"

"ဒါဆို ဟုတ်ပါပြီ၊ ဘယ်လိုမှ မလွဲနိုင်ဘူး"

"ဘာကိုလဲ"

"ဦးကျော်စေမင်း အမှန်တကယ် သေဆုံးသွားပြီဆိုတာလေ"

"ဘာ"

"ဟုတ်တယ် ကိုညီစေမင်းရဲ့အဖေ ဦးကျော်စေမင်း လွန်ခဲ့တဲ့





ရက်နှစ်ဆယ်လောက်ကတည်းက သေသွားပြီ"

"မဖြစ်နိုင်ဘူး တစ်နေ့ကအထိ ငါ အဲဒီအဘိုးကြီးဆီကို သွား နေသေးတာပဲ၊ နင် ဘာတွေလာပြောနေတာလဲ သက်လျှာ"

"မမချက် ခုချိန်ထိ အူကြောင်ကျားလုပ်မနေနဲ့တော့ သက်လျှာ မှာ လက်တွေ့ပြစရာရှိလို့ အတည်ပြောနေတာ၊ သက်လျှာ သိထားတာ အမှန်တရားပဲ လုံးဝ မလွဲနိုင်ဘူး"

"ဒါဆိုပြလေ ငါက လက်တွေ့မြင်ရမှ ယုံမှာ"

သက်လျှာ သူ့ဖုန်းကို ထုတ်ယူလိုက်ပြီး အင်တာနက်ဖွင့်လိုက် သည်။

"ဒီနေ့ Facebook သုံးရင်း အွန်လိုင်းပေါ်မှာ ကြည်စေမင်း ဆိုတဲ့နာမည်ကိုတွေ့တော့ ကိုညီစေနဲ့နာမည်လည်းဆင်တယ်၊ ရုပ်ချင်း လည်းဆင်တယ်ဆိုပြီး သူ့ဝေါထဲဝင်ကြည့်လိုက်တာ ဟောဒီ ဓာတ်ပုံတွေ ကိုတွေ့တာ"

သက်လျှာ ဖုန်းတွင်ပေါ်လာသော ဓာတ်ပုံတွေကြောင့် ချက်ချာ မျက်လုံးအစုံပြူးကျယ်ဝိုင်းစက်သွားသည်။

ရေဝေးမှာရိုက်ထားသော ရုပ်ကလာပ်နှင့် ဘေးမှဝိုင်းနေကြ သော မကြီးတို့ မမလတ်တို့ပုံတွေ။ နောက်တစ်ပုံမှာ ကိုညီပုံ၊ ဓာတ်ပုံ ကြီးပိုက်ထားသည့်မြင်ကွင်း။

"ဒီ ဒီဓာတ်ပုံက ဦးကျော်စေမင်းရဲ့ပုံလား၊ ငါ ငါတွေ့နေတဲ့ တဲ့ ဦးကျော်စေမင်းရဲ့ရုပ်က အဲဒီလောက် မအိုဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ လုပ်ဖာတ်ကြီး ရော့ မမချက်ပါ Share ထားလိုက်၊ သူ့ကို ပြလို့ရတာပေါ့"

"ကို ဘာကြောင့် ငါ့ကိုလိမ်ရတာလဲ၊ ငါတော့ လုံးဝကို နားမလည်နိုင်ဘူးဟာ၊ ဒါဆို ငါသွားသွားတွေ့နေတဲ့ ကို့အဖေဆိုတာက ဘယ်သူလဲ"

"ဒါတော့ ဘယ်သိမလဲ"

"မဟုတ်မှလွဲရော အဲဒါ ကို မျှားလား"

လိုရမယ်ရ သက်လျှာ Share ထားသော ကိုတို့ ဈာပနပုံကို ချက်ချာပါ Share ထားလိုက်၏။ ဒါ့အပြင် ထင်ကြေးတစ်ခုက လှစ်ခနဲ ပေါ်လာသည်။ ဖြစ်နိုင်လောက်သည်။ အဘိုးကြီးက ကို့အဖေသာဆိုတယ် ကိုနှင့်သိပ်ပြီး မတိမ်းမယိမ်းအရွယ်ဟု ထင်ရသည်။

"ဟုတ်လောက်တယ် အဲဒီအဘိုးကြီးနဲ့တွေ့တိုင်း ငါ့အနားမှာ ကို ဘယ်တော့မှမရှိဘူး"

အာရုံထဲမှာ အဝတ်စင်အောက်က ခြင်းထဲမှာ ကို့ဝတ်စုံက ဖျတ်ခနဲ ပေါ်လာသည်။

"ဒါဆို အဘိုးကြီးမဆုံးခင်ကတည်းက ကိုက သူ့အဖေအဖြစ် ဟန်ဆောင်ပြီး ငါ့ကိုတွေ့နေတာပေါ့"

ချက်ချာ အံ့သြဒေါသဖြစ်လွန်း၍ အသားတွေတဆတ်ဆတ် တုန်လာသည်။ အောက်နှုတ်ခမ်းကို ပြတ်လုမတတ်ဖိကိုက်ပြီး မျက်ရည်တို့ ဝေ့တက်လာသည်။





"ဒါ ဘာအထာလဲ အဘိုးကြီးက ငါ့ကိုချွေးမအဖြစ် အသိအမှတ်ပြုမသွားဘူးဆိုတဲ့ သဘောလား"

ထိုင်ရာမှ ဝုန်းခနဲ ထရပ်လိုက်သည်။

"ငါ အဲဒီအိမ်ကိုသွားမယ်၊ အရင်က ငါသွားမယ်ဆိုရင် ဖုန်းအမြဲကြိုဆက်ပြီးမှ သွားရတယ်၊ ခု မဆက်ဘဲသွားကြည့်မယ်၊ အဘိုးကြီးမသေသေးဘူးဆိုရင် အဲဒီအိမ်မှာ ရှိနေရမယ်"

"မမချက် သွားလည်းအပိုပဲ၊ ဟိုက တံခါးပိတ်ထားမှာပေါ့၊ အဘိုးကြီးမှမရှိတဲ့ဟာကို ကျန်တဲ့သားသမီးတွေက သူတို့အိမ်နဲ့သူတို့နေကြတာ"

"ရတယ် ကိစ္စမရှိဘူး၊ ကို့ဆီမှာ အဲဒီအိမ်ရဲ့သော့ပိုနှစ်ချောင်းတောင်ရှိတယ်"

သက်လျှာ ပခုံးနှစ်ဖက်ကို ဆတ်ခနဲတွန့်ရင်း

"ဒါဆိုရင် သဘောပေါ့၊ ကိုညီကိုတွေ့ရင် သိပ်လည်းပွဲမကြမ်းနဲ့နော်၊ ဒီအချိန်မှာပွဲသွားကြမ်းရင် ကိုယ်ပဲဆုံးရှုံးရလိမ့်မယ်"

သက်လျှာစကားကိုပင် ဆုံးအောင်နားမထောင်တော့ ချက်ချာ ထွက်လာခဲ့လိုက်သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

တံခါးပိတ်ထားသော အိမ်ရှေ့တွင် ရပ်လိုက်ပြီး ချက်ချာဝင်သင့် မဝင်သင့် ခဏရပ်ပြီး စဉ်းစားလိုက်သည်။

အိမ်သားတွေတစ်ယောက်မှ မရှိသောအချိန်မှာ ချက်ချာဝင်လိုက်လျှင် သင့်တော်ပါ့မလား။ ချိတုံချတုံဖြစ်နေသော စိတ်ကြောင့် အိမ်ထဲဝင်ဖို့ တွန့်ဆုတ်နေသည်။

သို့သော် မဝင်၍မဖြစ် ချက်ချာ သိချင်နေသည့်အဖြေတွေအတွက် အိမ်ကြီးထဲမှာ သဲလွန်စတွေအများကြီးရနိုင်သည်။

ဒီတော့ ဖြစ်ချင်ရာဖြစ် ဝင်မှကိုဖြစ်တော့မည်ဟု စိတ်ကိုဒုံးဒုံးချလျက် စလင်းဘတ်အိတ်ထဲမှ သော့ကိုထုတ်၍ အိမ်တံခါးဖွင့်လိုက်သည်။





ယခင်လာနေကျဖြစ်ပေမယ့် အိမ်ကြီး၏အငွေ့အသက်တို့သည် ချက်ချက်ချာနှင့်စိမ်းနေသလို ခံစားရ၏။

ပိတ်ထားသော မှန်ပြတင်းတွေမှ အလင်းရောင်ကြောင့် အိမ်ဧည့်ခန်းထဲရှိ အရာဝတ္ထုများကို ထင်ထင်ရှားရှား မြင်နေရသည်မို့ အရင်ဆုံး ဓာတ်ပုံအယ်ဘမ်ရှိရာ စာအုပ်ဗီရိုတွေဘက်သို့ လျှောက်လာခဲ့လိုက်သည်။

ဗီရိုသော့မခတ်ထား၍ မှန်ဗီရိုကို ကပျာကယာဖွင့်ပြီး ဓာတ်ပုံအယ်ဘမ်တစ်ခုကို ဆွဲထုတ်လိုက်သည်။

ပထမဦးဆုံးအချပ်ကို လှန်ကြည့်လိုက်သည်ဆိုလျှင်ပဲ ချက်ချာလန့်သွားသည်။

"တ တကယ်ပဲ ဦးကျော်စေမင်းက ငါသိထားတဲ့ ယောက်ျားမ မဟုတ်ပါလား"

ညီစေ့ပခုံးကိုဖက်ကာ အားရပါးရ ရယ်နေသော ညီစေ့အဖေမှာ ချက်ချာတွေ့ခဲ့ရသည့် ဈာပနအခမ်းအနားတွင် အသက်မဲ့နေသော ဦးကျော်စေမင်းဖြစ်သည်။ ချက်ချာသိခဲ့သော ဦးကျော်စေမင်း မဟုတ်။

အယ်ဘမ်ကိုကိုင်ထားသော ချက်ချာလက်တွေ တဆတ်ဆတ်တုန်ယင်လာသည်။

"ကို ဘာကြောင့် ချက်ချာကို လှည့်စားရတာလဲ"

ထိုခံစားမှုသည် ညီစေနှင့်ချက်ချာကြားထဲမှာ စိမ်းတော့သွားသလို ခံစားလိုက်ရသည်။ ရင်ထဲမှာ ဟာသလိုလိုဖြစ်လာပြီး ကတုန်



www.burmeseclassic.com

www.burmeseclassic.com



ကယင်ဖြစ်လာသည်။

အယ်ဘမ်ကို ဗီရိုထဲပြန်ထည့်လိုက်သည်။

"ဟင် ဒီမှာ ယပ်တောင်"

အပြာရောင်နာရေးယပ်တောင်ပေါ်တွင် ဦးကျော်စေမင်း အသက် ခုနစ်ဆယ့်သုံးနှစ်ဟု ရေးထားသည့်စာတန်း။

ဒါဟာ ဘယ်လိုမှ သံသယဖြစ်ဖွယ်မရှိတော့သော အသေချာဆုံး သက်သေတစ်ခု။

"ကို ဘာရည်ရွယ်ချက်နဲ့ ငါ့ကိုညာရတာလဲ"

ညီစေ့လုပ်ရပ်ကို ချက်ချာ တကယ်ပင်နားမလည်။ အသက်ရှင်လျက်ရှိသည်ဟု ထင်ထားသော ယောက္ခထီးက ယခုသေဆုံးပြီးသားဆိုတာ သေချာသွားပြီမို့ ကျောထဲမှာစိမ့်လာပြီး ဆက်မနေရဲတော့။

"မင်း ဘာလုပ်နေတာလဲ ချက်ချက်ချာ"

ဗီရိုကိုပိတ်နေသော ချက်ချာ ရုတ်တရက် ပေါ်လာသောအသံကြောင့် ဆတ်ခနဲ တုန်တက်သွားကာ အနောက်ကို အလန့်တကြားလှည့်ကြည့်လိုက်သည်။

"ဟင် ကို"

စူးရဲသောအကြည့်နှင့် တင်းမာသော လေသံအမေးကြောင့် ချက်ချာ ညီစေမင်းကို မလှုံမလဲ ကြည့်လိုက်သည်။ ရုတ်တရက် ဘာပြန်ပြောရမှန်းမသိ။

"မင်းရဲ့လောဘတွေက ဒီအဆင့်တောင်ရောက်နေပြီလား





ချက်ချာ၊ ဒီအိမ်ထဲကို နိုးဝင်လာတာ ဘာလိုချင်လို့လဲ ဘာခိုးမလို့လဲ"

ညီစေ့စကားက မာနကိုလာထိပါးနေသည်မို့ ချက်ချာ မျက်နှာကို ဖြတ်အရိုက်ခံလိုက်ရသလို ရှက်ရွံ့သွားသည်။

ပြောရက်လိုက်တာ ဘာခိုးမလို့လဲတဲ့။

"ကိုယ့်ယောကျ်ားနဲ့ပတ်သက်တဲ့ ယောက္ခမအိမ်ကိုလာတာ နိုးစရာရှိမှတဲ့လား။ ဒီအတိုင်းလာရင်းနဲ့ အိမ်တံခါးပိတ်ထားလို့ ယူလာတဲ့ သော့ပိုနဲ့ဖွင့်ပြီး ချက်ချာသိချင်တဲ့အမှန်တရားတစ်ခုကို ဝင်ရှာတာ"

ညီစေမင်းအေါ်စုကျုံ့နေသော ဒေါသမျက်ခုံးနှစ်ဖက် မြင့်တက်သွားပြီး

"ဘာအမှန်တရားလဲ မင်းလိုချင်နေတဲ့အမွေလား"

"ဟင်"

ချောင်ပိတ်မေးလိုက်သော အမေးကြောင့် ချက်ချာရင်ထဲမှာ အပြစ်ရှိသွားသလို ခံစားလိုက်ရသည်။ အမှန်ဆို ခုချိန်မှာ ချက်ချာအတွက် အလိုအပ်ဆုံးက ဒီအမွေတွေမဟုတ်တော့ဘူး။

ကို ဘာကြောင့် ချက်ချာကိုလှည့်ဖြားထားရသလဲဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကို့ရဲ့ဖုံးကွယ်ထားတဲ့လျှို့ဝှက်ချက်တွေကိုပဲ ဖြစ်သည်။

ချက်ချာ ဗီရိုကိုပြန်ဖွင့်ပြီး အယ်လ်ဘမ်ကို ပြန်ထုတ်လိုက်သည်။

"မင်းဘာလုပ်တာလဲ ဘာကြောင့် ငါ့မိသားစုရဲ့ဓာတ်ပုံအယ်ဘမ်ကို ထုတ်ရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ညီစေမင်းရှေ့တိုးလာကာ ချက်ချာလက်ထဲမှ ဓာတ်ပုံအယ်ဘမ်ကို ဖျတ်ခနဲ ဆွဲယူလိုက်သည်။

"ရှင့်အဖေ သေသွားတာကို ဘာဖြစ်လို့ ချက်ချာကိုဖုံးထားရတာလဲ ကို"

ချက်ချာအမေးကြောင့် ညီစေမင်း၏အကြည့်တွေ ချက်ချာဆီသို့ ဖျတ်ခနဲ ရောက်လာပြီး

"ဩော် မင်းသိသွားပြီပဲကိုး"

"ဟုတ်တယ် သိသွားပြီ၊ အဲဒါ ဘာသဘောလဲ ဘာရည်ရွယ်ချက်နဲ့ ချက်ချာကို ညာရတာလဲ၊ နောက်ပြီး ချက်ချာတွေ့ဖူးမြင်ဖူးတဲ့ ဦးကျော်စေမင်းက ဘယ်သူလဲ ရှင်မဟုတ်လား"

"မင်း သိနေရဲ့သားနဲ့ ဘာလို့မေးတာလဲ"

"ဟင် ဒါဆို တကယ်ပဲ ရှင်ပေါ့"

"ဟုတ်တယ်"

"ဘာရည်ရွယ်ချက်နဲ့လဲ ချက်ချာကို သက်သက်မဲ့အရူးလုပ်တာပဲ"

"အရူးလုပ်တာ မဟုတ်ဘူး၊ မင်းရဲ့လောဘကြောင့် ဒီလိုလုပ်လိုက်ရတာ"

"ဟင် ချက်ချာက လောဘကြီးတယ် ဟုတ်လား"

"ဟုတ်တယ် ငါ မင်းကိုချစ်ခဲ့တဲ့အချစ်က စစ်မှန်ပေမယ့် မင်းရဲ့အချစ်တွေမှာ ရမ္မက်ဓတွေ လောဘတွေပါနေတဲ့အတွက် ငါစိတ်ကုန်





တယ်၊ လောကမှာ ငါအမုန်းဆုံးမိန်းမက ငွေမက်တဲ့မိန်းမပဲ"

ညီစေ့ထံမှ စိတ်ပျက်စရာကောင်းသော စကားလုံးတွေကြောင့် ချက်ချာလန့်သွားသည်။ ချက်ချာက ညီစေ စွပ်စွဲနေတဲ့လောဘကြီးပြီး ငွေမက်သော မိန်းမတဲ့လား။

"ငွေက လူတိုင်းကြိုက်တဲ့အရာမဟုတ်ဘူးလား ကို"

"မင်းက အချစ်ထက်ငွေကိုပိုပြီးတန်ဖိုးထားခဲ့တာကိုး၊ ဒါကြောင့် မင်းသိပ်လိုချင်တဲ့ ငါ့အဖေရဲ့အမွေကို မင်းရစေရမယ် ပြီးရင်တော့ ငါတို့ လမ်းခွဲကြတာပေါ့"

"ရှင် လမ်း လမ်းခွဲမယ် ဟုတ်လား ကို"

ချက်ချာ စိတ်လှုပ်ရှားလွန်း၍ ရပ်နေသောခြေအစုံပင် ယိုင်သွားတာ လူက မိုက်ခနဲဖြစ်သွားသည်။

"ဟုတ်တယ် မင်းလိုချင်တဲ့သိန်းထောင့်ငါးရာကို ငါ ခုပဲ ဘဏ်ကသွားထုတ်လာတာ ရော့"

လက်ဆွဲသေတ္တာငယ်တစ်လုံးကို အတင်းထိုးပေးလာသဖြင့် ချက်ချာ နောက်ကိုခြေတစ်လှမ်းဆုတ်သွားသည်။

ကို့ကို လမ်းခွဲရမယ်ဆိုမှတော့ ဒါတွေက ချက်ချာအတွက် ဘာအသုံးဝင်တော့မှာလဲ။

ချက်ချာ ခေါင်းကိုခါလိုက်သည်။

"ရော့ ယူပါ မင်းက ဒီငွေတွေကိုလိုချင်လို့ ငါ့ဒယ်ဒီကိုတည်းမသေခင်ကတည်းက အရမ်းသေစေချင်နေခဲ့တာပဲ၊ မင်းဟာညီအစ်မ



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်စလုံး လောဘသားကောင်ပဲ၊ ဒီတော့ ငါတို့လမ်းခွဲသင့်ပါပြီ၊ ငါက ဘဝကိုမေတ္တာတရားနဲ့ ရိုးသားစွာတည်ဆောက်ချင်တဲ့ကောင်၊ မင်းတို့က မေတ္တာအတုတွေပေးပြီး ဘဝကိုအချိုအချောင်လေးတွေနဲ့ တည်ဆောက်ချင်နေတဲ့မိန်းမမျိုးတွေ၊ ဒါကြောင့် ဒယ်ဒီဆုံးသွားတာတောင် ငါ မင်းကိုအသိမပေးခဲ့တာ၊ မင်းရဲ့အောက်တန်းကျတဲ့စိတ်ကြောင့်ပဲ အဟက် ငါ့ဒယ်ဒီမြွန်မြန်သေအောင် ဖုတ်ဝင်နေတယ်ဆိုပြီး ဩဇာရှက်တွေလာထည့်ဖို့ကြံတာ ငါမသိဘူးများမှတ်နေလား ချက်ချက်ချာ''

ချက်ချာမျက်နှာ ရုပ်ပျက်ဆင်းပျက်ဖြစ်သွားကာ ရှက်လွန်း၍ ဘာပြန်ပြောရမှန်းပင် မသိတော့။

ကိုအမြင်မှာ ချက်ချက်ချာက အဲလိုလောဘအလွန်ကြီးပြီး စိတ်ဓာတ်အောက်တန်းကျတဲ့မိန်းမတစ်ယောက် ဖြစ်ခဲ့တယ်တဲ့လား။

ရှက်စရာကောင်းသလို ကိုကိုလည်း အားနာစိတ်ဝင်သွားမိသည်၊ ဘေးကနေ သက်လျာရှော်ပေးသမျှ အဟုတ်ကြီးထင်ပြီး မက်မောခဲ့မိတဲ့ ရမ္မက်တွေက ချက်ချာဘဝကို ဟိုးအောက်ဆုံးအဆင့်ထိရောက်အောင် ဆွဲချသွားတယ်ဆိုတာ ချက်ချာ ယောင်လို့တောင် မတွေးမိပါဘူး။

''ကဲ ရော့ ဒီငွေတွေနဲ့ မင်းတို့ညီအစ်မဘဝကို အခြေခိုင်ခိုင် တည်ဆောက်နိုင်မှာပါ၊ ဒီထဲမှာ ကွာရှင်းစာချုပ်လည်းပါပြီးပြီ၊ ငါ့ဘက်ကတော့ လက်မှတ်ထိုးပြီးသွားပြီ၊ ငါနဲ့ပြတ်ပြတ်ရှင်းရှင်းဖြစ်ပြီးရင် နောက်ကြုံတွေ့ရမယ့်ယောကျ်ားတွေကိုလည်း ဒီနည်းအတိုင်း ထပ်ပြီး ကြံလိုက်ဦးပေါ့''





''အို ဟင့်အင်း ဟင့်အင်း ကိုနဲ့လမ်းမခွဲနိုင်ဘူး၊ ကွာရှင်းစာချုပ်မှာလည်း လက်မှတ်မထိုးနိုင်ဘူး''

ချက်ချာ သွေးရူးသွေးတန်း ငြင်းဆန်သည်။ ညီစေမင်း၏ အကြည့်စိမ်းစိမ်းတွေအောက်မှာ ကူကယ်ရာမဲ့သလိုဖြစ်နေပြီး မျက်ရည်တို့ အဆက်မပြတ် လိမ့်ဆင်းလာကာ ဘဝမှာ ချက်ချာအတွက် ဘာအလိုအပ်ဆုံးလဲဆိုတာ အဖြေထွက်လာသည်။

အင်အားချိနဲ့သော ခြေလှမ်းတို့ဖြင့် ညီစေနားသို့လျှောက်သွားပြီး အသနားခံသောအကြည့်ဖြင့် မော့ကြည့်ကာ

''ချက်ချာဘဝမှာ ကိုမေတ္တာကလွဲပြီး ဘာမှမလိုအပ်ဘူးဆိုတာ ချက်ချာ သိသွားပါပြီ''

''မင်း အတော်လောဘကြီးတဲ့မိန်းမပဲ ငါ့ဆီက ဘာထပ်လိုချင်သေးလို့လဲ၊ ငါကတော့ မင်းဆီက ဘာမှမမျှော်လင့်တော့သလို ဘာမှလည်း မပတ်သက်ချင်တော့ဘူး။ ခုကစပြီး မင်းနဲ့ငါနဲ့ ဘာမှမပတ်သက်တော့ဘူး''

ငွေထုပ်ကို ချက်ချာရှေ့ချပေးခဲ့ပြီး ညီစေမင်း ချက်ချာကို ကျောခိုင်းပြီးထွက်ခဲ့လေသည်။

ချက်ချာထံမှ ရှိုက်သံနှင့်အတူ ကြမ်းပြင်ပေါ်ခွေခနဲ လဲကျသွားသောအသံကြောင့် ညီစေ ဖျတ်ခနဲ လှည့်ကြည့်လိုက်သည်။

''ဟင် ချက်ချာ ချက်ချာ''

ဗိုရိုရှေ့တွင် လဲကျနေသော ချက်ချက်ချာဆီသို့ ပြေးလှည့်ကာ



www.burmeseclassic.com

www.burmeseclassic.com



မွေ့ထူလိုက်သည်။

ချက်ချာ သတိမရတော့။

ဘယ်လောက်ပဲ လမ်းခွဲပါပြီဟု ပြောခဲ့ပြောခဲ့ တကယ်တမ်း ချက်ချာ ခုလိုဖြစ်တော့ ညီစေ ခြေမကိုင်မိလက်မကိုင်မိ ထူပူသွားသည်။

ချက်ချာ တော်တော်လေး စိတ်ထိခိုက်သွားအောင် သူနစ်နစ်နာနာ ပြောခဲ့မိပြီဟု ကိုယ့်ကိုကိုယ်ပြန်၍ အပြစ်တင်လိုက်သည်။

တကယ်ဆို ညီစေလည်း ချက်ချာနဲ့လမ်းခွဲဖို့ သေလောက်အောင် ကြောက်တဲ့သူပါ။

■ ■ ■



## အခန်း (၄၂)

"မင်းမိန်းမနဲ့လမ်းခွဲမယ်ဆိုတာ တကယ်လား ညီ စဉ်းစားပါဦးကွယ်"

"ကိုလတ်တို့ကတော့ ငွေမက်တာ တစ်ခုထဲနဲ့ ချက်ချက်ချာကို စိတ်မကုန်စေချင်ဘူးကွာ။ မိန်းမဆိုတဲ့အမျိုးက ငွေမမက်သူ ဘယ်မှာရှိမှာလဲ"

"အေးလေ ကောင်မလေးမှာ အခု ကိုယ်ဝန်ကလည်း တကယ်ရှိနေပြီဆိုတော့ သူ့ရဲ့မဖြစ်စလောက် အမှားလေးကို ခွင့်လွှတ်လိုက်ပါမောင်လေးရယ်"

အစ်ကို အစ်မတွေ ဝိုင်းဝန်းဖျောင်းဖျနေသည်မို့ စိတ်ထဲမှာ ချက်ချာအပေါ်မှာ ယခင်လိုရန်လိုစိတ်တွေတော့ အနည်းငယ်လျော့ပါး



www.burmeseclassic.com

www.burmeseclassic.com



သွားစေသည်။

သို့သော် လွယ်လွယ်နှင့်တော့ စိတ်ဆိုးမပြေချင်သေး။

"ဒီပြဿနာတွေကို ကျွန်တော်ဖန်တီးခဲ့တာမှ မဟုတ်တာ၊ သူကိုယ်တိုင် ဖန်တီးခဲ့တာလေ၊ ကျွန်တော် သူ့ကိုတကယ်ချစ်လို့ တကယ့်ကိုရိုးမြေကျပေါင်းသင်းဖို့ လက်ထပ်ခဲ့တာပါ"

"လူတိုင်းအမှားမကင်းကြပါဘူး ညီလေးရာ"

စကားအလွန်နည်းသူ ကိုလေးပါ ချက်ချာဘက်မှဝင်၍ ပြောပေးရှာသည်။

"အမှန်ဆို ဒီကိစ္စတွေကို မမလတ်တို့ကို အစကတည်းက အသိပေးသင့်တယ်၊ ဒီအမွေကိုမက်တယ်ဆိုတာတစ်ခုတည်းနဲ့ မင်းကရော ဘာကြောင့် သူ့ကိုအမှားတွေဆက်တိုက် ဆက်မှားအောင်ပံ့ပိုးကူညီခဲ့သလဲ၊ အမှန်ဆို ဒယ်ဒီဆုံးတာကဆုံးပြီပဲ၊ ဘာကြောင့် ဒယ်ဒီ့နေရာမှာ အစားထိုးဟန်ဆောင်ခဲ့သလဲ"

ချက်ချာအမှားတင်မဟုတ် တချို့အမှားတွေက ညီစေ့ဆီပြောင်းလှည့်လာသည်။

"ဒါကတော့ ကျွန်တော်က သူ့စိတ်ရင်းအမှန်ကို သိချင်ခဲ့တာကိုး၊ သူ ဒယ်ဒီ့ဆီမှာ အမျိုးမျိုးကြံပြီး အမွေရအောင်ကပ်တောင်းတယ်၊ ယုတ်စွအဆုံး ကျွန်တော့်ကိုလည်း အိမ်ထောင်ရေးဖောက်ပြန်တဲ့သူဖြစ်အောင် ကုန်းချောတယ်၊ ကိုယ်ဝန်မရှိတာကိုတောင် ကိုယ်ဝန်ရှိတယ်ဆိုပြီး ညာပြောပြီး အမွေရအောင်တောင်းတယ်၊ ဒါတွေဟာ သူ့အပြစ်





မဟုတ်ဘူးလား"

"ဟုတ်ပါတယ် သူ့မှာလည်း အပြစ်ရှိတယ်ဆိုတာ မမကြီးတို့သိပါတယ်၊ ချက်ချက်ချာလည်း သူ့အမှားကို သူသိနေပါပြီကွယ်၊ နောက်ပြီး သူ့မှာလည်းကိုယ်ဝန်နဲ့ဆိုတော့ ဘယ်လောက် စိတ်ထိခိုက်နေရှာလိမ့်မလဲ"

ညီစေ မဲ့လိုက်သည်။

"ကိုယ်ဝန်ရှိတယ်ဆိုတာလည်း သူထပ်ပြီး ညာတာဖြစ်မှာပါ"

တကယ်ဆိုလျှင်တော့ ညီစေ့အတွက် တကယ့်ကိုဝမ်းသာစရာပါ။

"မဟုတ်ဘူး ညီစေ ဒေါက်တာ အောင်ကျော်ဝင်းကိုယ်တိုင် မမကိုပြောတာ ကိုယ်ဝန်နှစ်လရှိနေပြီတဲ့"

ညီစေ ပျော်သွားသည်။

"တကယ်လား မမကြီး"

"တကယ် သူ သတိလစ်နေတုန်းက ပြောတာ၊ မမကတော့ တူလေးလား တူမလေးလား ချီရတော့မှာမို့ ပျော်နေတာ၊ သူ့ကိုတော့ မင်းကိုယ်တိုင်ပဲ ဝမ်းသာအောင်ပြောပြလိုက်ပေါ့"

"ဘာပဲဖြစ်ဖြစ် ကလေးမျက်နှာတော့ ထောက်ပါ ညီလေးရာ"

"ဟုတ်ပါတယ် မောင်လေးရယ် သူစိမ်းနှစ်ယောက် ဘဝတစ်ခုအတူတူတည်ထောင်တဲ့အတွက် သဘောထားမတိုက်ဆိုင်တာတွေ နားလည်မှုနဲ့အချေအတင် ပြဿနာတွေဖြစ်တယ်ဆိုတာ အိမ်ထောင်



www.burmeseclassic.com

www.burmeseclassic.com



သည့်တိုင်း ကြုံတွေ့ရတဲ့အခက်အခဲနဲ့ ဒုက္ခပါ၊ ဒါကို ရှိမယ်ဖွဲ့ပြီး မနေပါနဲ့ ဖြစ်ချင်တာထက် ဖြစ်သင့်တာကို စဉ်းစားဆုံးဖြတ်ပါ မောင်လေးရယ်''

''ကဲ ထ သူ့ဆီကိုသွားလိုက်ပါနော်၊ မောင်လေးက လိမ္မာပြီး သားပါ။ နောက်ပြီး မမတို့ကို ပေးထားတဲ့ မောင်လေးရဲ့ရပိုင်ခွင့်တွေကို လည်း တို့အားလုံး မင်းရဲ့ဘဏ်အကောင့်ထဲ ထည့်ပေးပြီးပြီ သိလား''

''ဟာ ဘာလုပ်ကြတာလဲ ဒါ ကျွန်တော့်စေတနာ၊ ကျွန်တော့် သဘောပါ ဘာကိုငဲ့ပြီး ပြန်ပေးစရာလိုလဲ၊ ကျွန်တော်က အစ်ကိုတွေ အစ်မတွေ ပြေလည်ငြိမ်းချမ်းနေရင် ဝမ်းသာပီတိဖြစ်ချင်တဲ့ကောင်ပါ''

ငွေတွေပြန်လွှဲပေးသည်ဆို၍ ညီစေစိတ်မကောင်းဖြစ်သွားသည်။ ဒါဟာ ချက်ချက်ချာကြောင့်။

''ခု အဆင်ပြေကုန်ကြပြီလေ၊ လိုတဲ့အခါတော့ ပြန်ပြီး အကူ အညီပေးပေါ့ကွယ်''

''ကဲ ညီလေး ချက်ချက်ချာဆီ သွားလိုက်ပါဦး၊ ဟိုမှာ ဘယ် လောက်စိတ်ဆင်းရဲနေရှာမလဲ၊ လာ ကိုလတ်တို့ လိုက်ပို့ပေးမယ်''

အရှက်ပြေ ငြင်းဆန်နေပေမယ့် ညီစေ့စိတ်ထဲမှာ ခုချက်ချင်း ပင် အပြေးသွားချင်နေသူပါ။

''ရပါတယ် ကျွန်တော့်ဖာသာပဲ သွားပါမယ်''

ခုမှပင် စိတ်အေးသွားကြကုန်သော အစ်ကိုတွေ အစ်မတွေကို နှုတ်ဆက်ပြီး ခပ်ရှက်ရှက်ပင် ထွက်လာခဲ့သည်။

■ ■ ■



## အခန်း (၄၇)

''မမ ကံချွန်တို့ကို စရံချလိုက်တော့မယ်လေ၊ ငွေအကြေချေ တာကိုတော့ မမချက်နေကောင်းမှပဲ စာချုပ်ချုပ်လိုက်ပေါ့''

ခုတင်ဘေးမှ ငွေထုပ်ကိုကြည့်ပြီး သက်လျာ အပျော်ကြီးပျော် နေသည်။ စိတ်ကူးနှင့် plan ချနေသည်။

ကိုယ့်အစ်မ၏အိမ်ထောင်ရေးပြိုကွဲသွားသည့်အတွက် စိတ် မကောင်းဖြစ် ပူပန်ပေးဖော်မရဘဲ ငွေထုပ်ကြည့်ပြီး ပျော်နေသော သက်လျာကိုကြည့်ကာ ချက်ချာ ရင်ထဲမှာ တစိမ့်စိမ့်နာကျင်လာသည်။ သက်လျာကတော့ လုံးဝ မရိပ်မိ။ သူ့လောဘတွေကို သူကိုယ်တိုင် အနားသတ်နေသည်။

''စင်ကာပူမှာရှိတဲ့ကိုအောင့်အစ်မကို အလှပြင်ပစ္စည်း ကိရိယာ တွေ လှမ်းမှာလိုက်ရတော့မလား မမချက်၊ ပြီးရင် အဆောက်အဦကို ပြန်ပြီးပြင်ဆင်ရဦးမယ်၊ Beauty Spa နဲ့တူအောင်လေ၊ ဆိုင်ဖွင့်လို့



www.burmeseclassic.com

www.burmeseclassic.com



ဆေးသုံးရင်လည်း နိုင်ငံခြားဆေးတွေပဲ သုံးမယ်နော် မမချက်၊ ဆေးညွှံတွေသုံးရင် နာမည်ရမှာမဟုတ်ဘူး။ သက်လျာလည်း ဒီထက်လှအောင် အပြတ်ရှိုင်းရဦးမယ်၊ ကိုယ်ကအလှပြင်ဆရာမလုပ်နေပြီး ပုံစံက တုံးနေရင် ကာစတန်မာတွေက ဘယ်မှာလာ ယုံကြည်မှုရှိတော့မှာလဲ''

''ဖြန်း''

ပါးပေါ်သို့ ပူခနဲကျလာသော ချက်ချာ၏လက်ဝါးရိုက်ချက်ကြောင့် သက်လျာ မျက်နှာ လည့်ထွက်သွားသည်။ နာကျင်သွားသော ပါးကိုကိုင်ကာ တအံ့တသြမေးသည်။

''မမ ဒါ ဒါဘာလုပ်တာလဲ ဘာလို့ သက်လျာကို ရိုက်ရတာလဲ''

လေသံမာမာဖြင့် ပြန်မေးသော သက်လျာကိုနာကျင်စွာကြည့်လိုက်ပြီး

''နင့်ကိုရိုက်ရုံတင်မဟုတ်ဘူး၊ ငါ့ညီမအဖြစ်ကနေတောင် စွန့်လွှတ်ရမှာ''

သက်လျာ မယုံနိုင်လောက်အောင် မျက်နှာအမူအရာ ညှိမှောင်သွားကာ

''ဘာ ညီမကို စွန့်လွှတ်မယ် ဟုတ်လား''

''ဟုတ်တယ် နင်ကသိပ်ပြီး တစ်ကိုယ်ကောင်းဆန်တယ်၊ ဘယ်အရာမဆို နင့်အတွက်ပဲ နင်ကြည့်တယ်၊ ငါအခု ငါ့ယောက်ျားရဲ့လမ်းခွဲခြင်းခံခဲ့ရတဲ့အတွက် ဘယ်လောက်စိတ်သောက ရောက်နေလဲဆိုတာ နင် တစ်ချက်မျှဝေခံစားမပေးဘဲ ငွေထုပ်ကြီးကိုကြည့်ပြီး လောဘတွေ





တက်နေတယ်၊ ဝမ်းသာလုံးတွေဆို့နေတယ်''

သက်လျာ ခပ်စွာစွာ အသံဖြင့်

''ဒါ ဝမ်းသာစရာလေ မမချက်လူကြီးက လျော်ကြေးအဖြစ်ပေးလိုက်တာ ဒါကို သဘောမပေါက်ဘူးလား။ လွှမ်းမနေစမ်းပါနဲ့ လောကမှာ အချစ်တစ်ခုထဲနဲ့ ဘဝတစ်ခုတည်ဆောက်လို့မရဘူး၊ ငွေရှိမှလူရာဝင်တာ''

''အဲဒါ နင့်ရဲ့လောဘနဲ့တစ်ကိုယ်ကောင်းဆန်တဲ့စိတ်၊ ငါ့ဘဝကို နင့်လိုလောဘတွေနဲ့ မတည်ဆောက်တော့ဘူး၊ ဒီငွေတွေနဲ့ ငါ့ရဲ့နှလုံးသားကို မစတေးနိုင်ဘူး၊ ဒါကြောင့် ငါ ဒီငွေတွေကို ကိုဆီပြန်ပို့မယ်၊ ကိုယ်နဲ့ပေါင်းသင်းခွင့်မရခဲ့ရင်တောင် ငါ့ကိုငွေမက်တဲ့မိန်းမလို့ ထင်မသွားစေရဘူး သက်လျာ''

''မမချက် ရူးနေလား ဒီလောက်အခွင့်အရေးကောင်းကို ဘာမဟုတ်တဲ့ ခံစားချက်နဲ့လဲမလို့လား''

''လဲမယ် ငါ အခုသိသွားပြီ၊ ငါ့ဘဝမှာ ငွေမလိုတော့ဘူး။ ငါ တကယ်လိုအပ်တာ ကိုပဲ၊ ငွေလည်းမလိုတော့ဘူး၊ နင့်လိုအတ္တကြီးတဲ့ ညီမလည်း မလိုအပ်တော့ဘူး သွား ထွက်သွား ငါ့ရှေ့က ထွက်သွား''

''တောက်''

သက်လျာ တက်တစ်ချက်ကို ခပ်ပြင်းပြင်းခေါက်ကာ ချက်ချာရှေ့ ချာခနဲ လှည့်ထွက်ခဲ့၏။

ဒီတစ်ခါတော့ ရှိစေတော့။ ခုချိန်မှာ ပြောနေတာ ယောက်ျားအပစ်ခံရ၍ သွေးရူးသွေးတန်း ဖြစ်နေတာဟုပဲ နားလည်ပေးလိုက်တော့



www.burmeseclassic.com

www.burmeseclassic.com



မည်။

သိပ်မကြာခင် ဒီငွေတွေကို သက်လျာတို့ပိုင်ဆိုင်ရတော့မည်။

အခန်းအပြင်ရောက်သည်နှင့် သက်လျာ မဲ့ခနဲ ရယ်လိုက်သည်။ ထိုစဥ် ညီစေမင်း အိမ်ထဲဝင်လာသည်နှင့်တိုးသွား၍ မျက်စိမျက်နှာပျက်ကာ

"ခဲအို"

ညီစေမင်း အပြုံးအရယ်မရှိသော အကြည့်ဖြင့် မနှစ်မြို့စွာကြည့်ပြီး သက်လျာဘေးမှ ဖြတ်လျှောက်ကာ အခန်းထဲသို့ ဝင်ခဲ့လိုက်သည်။

အခန်းထဲရောက်သည်နှင့် ခေါင်းအုံးနှင့်မျက်နှာအပ်ကာ ငိုနေသော ချက်ချာကိုမြင်ပြီး စိတ်မကောင်းဖြစ်သွားသည်။

"ချက်ချာ"

ညီစေ့အသံကြောင့် ချက်ချာ အငိုမျက်နှာဖြင့် မော့ကြည့်သည်။ ညီစေ့ကိုမြင်တော့ အသနားခံတောင်းပန်သော အကြည့်ဖြင့်

"ချက်ချာ ငွေတွေမလိုချင်တော့ဘူး ချက်ချာတကယ်လိုအပ်တာ ကို့ကိုပါ"

"မင်းပဲ ငွေကအရေးအကြီးဆုံးဆို ငါမရှိလည်း ဖြစ်တာပဲမဟုတ်လား"

"ဟင့်အင်း ဟင့်အင်း ခု အဲဒါတွေ ဘာမှမလိုအပ်တော့ဘူး။ ချက်ချာလိုချင်တာ ကိုပါ ကို့ကို ချက်ချာ အဆုံးရှုံးမခံပါရစေနဲ့ ချက်ချာကို ခွင့်လွှတ်ပါ ကိုရယ်"



BURMESE CLASSIC



ညီစေ့ရင်ထဲ ပြေးဝင်ကာ တောင်းပန်တိုးလျှိုးနေသော ချက်ချာကို အလိုက်သင့်လေး ဖေးမလိုက်ပြီး

"တကယ်ရော ဟုတ်ရဲ့လား ချက်ချာ မင်းလက်ထဲ ငွေတွေရောက်သွားလို့လား"

ခပ်အေးအေး ပြန်မေးသော ညီစေ့အမေးကို ခေါင်းတဆတ်ဆတ်ခါရင်း

"မဟုတ်ဘူး အဲဒီငွေတွေကို ချက်ချာ မလိုချင်တော့ဘူး။ ကို့ဒယ်ဒီအတွက် အကုန်လှူလိုက်ပါတော့၊ ချက်ချာဘဝမှာ ကို ရှိရင် ပြည့်စုံပါပြီ"

ပြောရင်း သည်းသည်းထန်ထန် ငိုကြွေးနေသော ချက်ချာကို ဒီထက်ပိုပြီး မခံစားစေချင်တော့။

"ကဲပါ ငိုမနေပါနဲ့တော့ မင်းငိုရင် မင်းဗိုက်ထဲက ကလေးပါ လိုက်ငိုနေမှာပေါ့"

ညီစေ့စကားကြောင့် ချက်ချာ မျက်ဝန်းဝိုင်းလေးတွင် မျက်ရည်ဥတို့ တွဲခိုလျက်သား မော့ကြည့်သည်။

"ဟင့်အင်း ချက်ချာမှာကိုယ်ဝန်မှမရှိတာ အဲဒီလို ညာခဲ့မိတာကိုလည်း တောင်းပန်ပါတယ်"

"မင်း ဘယ်လိုမိန်းကလေးလဲကွာ ကိုယ့်မှာ ကိုယ်ဝန်ရှိနေတာတောင် မသိပါလား၊ ဆရာဝန်က ပြောတယ် မင်းမှာကိုယ်ဝန်ရှိနေပြီတဲ့၊ ဒါကြောင့် ကိုယ် မင်းကိုဘယ်လိုကျောခိုင်းရက်တော့မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ချက်ချာ ဝမ်းသာသွားသည်။

"တကယ်"

"မယုံရင် နောက်သုံးလလောက် စောင့်ကြည့် မင်းဗိုက်လေး တဖြည်းဖြည်း ပူလာလိမ့်မယ်"

ချက်ချာဘဝမှာ ဒီတစ်ခါအပျော်ဆုံးပါပဲ။ ပျော်တာမှ သတိလစ် မတတ်ပါပဲ။

"ဝမ်းသာလိုက်တာ ကိုရယ်၊ ကို ပေးထားတဲ့ငွေတွေကို ဒယ်ဒီ့ အတွက် ရှည်စူးပြီး လှူပြီးရင် ချက်ချာတို့ဘဝကို ငြိမ်းငြိမ်းချမ်းချမ်း ဖြတ်သန်းကြမယ်နော် ကို"

ညီစေမင်း ခေါင်းညိတ်လိုက်ပြီး ချက်ချာနဖူးပြင်ကို နှစ်သိမ့် အနမ်းတစ်ပွင့်ချွေလိုက်သည်။

လောဘတွေ ရမ္မက်တွေ ဖုံးလွှမ်းနေသော အချိန်ကာလတစ်ခု ကို လွန်မြောက်ခဲ့ပြီမို့ ရှေ့ဆက်လျှောက်မည့် အနာဂတ်ခရီးလမ်းကို ချစ်ခြင်းမေတ္တာတို့ဖြင့်သာ ထုံမွှမ်းခွင့်ရခဲ့မည်ဆိုလျှင် ...။

ချက်ချာဘဝမှာ ဘာမှထပ်ပြီး မတောင့်တတော့ပါဘူး။

တကယ်ဆို အချစ်ပဲလိုတာပါ။

အားလုံးအတွက်

နတ်သမီး



www.burmeseclassic.com